# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၂၄)


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ **ပါပဝဂ် (ဓမ္မပဒ - ၁၁၆)**

# ဘာသာစကားနှင့် ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများ မပျောက်ကွယ်အောင် စောင့်ရှောက် အခွင့်အရေးနှင့်တာဝန်ကို ဒွန်တွဲပြီး တူညီသောတန်ဖိုးထားမှ လူ့အသိုက်အဝန်းတိုးတက်မည်

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်** (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၃၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်၌ ကျင်းပသည့် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းရင်းသားများအနေဖြင့် မိမိကိုယ်ကို စောင့်ရှောက်နိုင်မည့် အင်အားရှိပါကြောင်း၊ ထို့ကြောင့် အရေအတွက်များသော တိုင်းရင်းသားများမှ လူနည်းစုနှင့် လူမျိုးစုငယ်များ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများအား မပျောက်ကွယ်အောင် စောင့်ရှောက်ရမည့် ကြီးလေးသည့် တာဝန်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများ၏ အခွင့်အရေးများကို ချဉ်းကပ်ဆောင်ရွက်မည်ဆိုပါက လူမျိုးစုငယ်များ၏ လိုအပ်ချက်များကိုလည်း မမေ့ရန်လိုအပ်ပါကြောင်း၊ အရေအတွက်များ၍ အင်အားကြီးသော တိုင်းရင်းသားများက အင်အားငယ်သည့် တိုင်းရင်းသားများအား ညှာတာ၍ ၎င်းတို့၏ အခွင့်အရေးကိုလည်း ကာကွယ်ရမည့်

**စာမျက်နှာ ၃ ကော်လံ ၁ ▲**

**အင်ဒိုနီးရှားနိုင်ငံအစိုးရ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဖြန့်ဝေ**

စာမျက်နှာ ❖ ၉



**အနှစ်သာရရှိရှိ မြင်သိကြစေသား**

ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး

စာမျက်နှာ ❖ ၆

**ငြိမ်းချမ်းရေးစာချုပ်ကို ချိုးဖောက်သည်ဟု ယူကရိန်းနှင့် ရုရှား အပြန်အလှန်စွပ်စွဲ**

စာမျက်နှာ ❖ ၁၀


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# စီးပွားရေးဖွံ့ဖြိုးမှုအလားအလာနှင့် တက်ညီလက်ညီ ကြိုးပမ်းမှု

ကမ္ဘာ့ဘဏ်သည် ဇန်နဝါရီလ ၃၀ ရက်နေ့က မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးအစီရင်ခံစာတစ်ရပ် (Myanmar Economic Monitor) ကို ထုတ်ပြန်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်းဘက်မှ ရှုမြင်သုံးသပ်ထားပါသည်။ ရှေ့လာမည့် သုံးနှစ်အတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် တစ်နှစ်လျှင် ပျမ်းမျှ ၇ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါသည်။ ဤသည်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံတွင် ငွေကြေးဖောင်းပွမှုကြောင့် ဖြစ်လေ့ရှိသည့် ဖိအားများ လျော့ကျသွားမည်ဟု ခန့်မှန်းထားခြင်းသည်လည်း အားတက်စရာ သတင်းကောင်းတစ်ရပ် ဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသော မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်နှုန်းသည် ဖြစ်နိုင်ခြေရှိသော အလားအလာတစ်ရပ်သာဖြစ်၍ ဤအလားအလာတို့ လက်တွေ့ဖြစ်မြောက်လာစေရန် မြန်မာနိုင်ငံအနေဖြင့် မက်ခရိုစီးပွားရေးဆိုင်ရာအန္တရာယ်များ (macroeconomic risks) ကို ရင်ဆိုင်ကျော်လွှားနိုင်ရမည်ဖြစ်ပါသည်။ မက်ခရိုစီးပွားရေးဆိုင်ရာအန္တရာယ်များမှာ ကုန်ထုတ်လုပ်မှုအခြေခံကျဉ်းမြောင်းခြင်း၊ မိမိနိုင်ငံထက် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းသာလွန်သော ကမ္ဘာ့ဈေးကွက်အတွင်း ဝင်ရောက်ယှဉ်ပြိုင်ရခြင်း၊ ကုန်ပစ္စည်းအမယ်စုံ မထုတ်လုပ်နိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လွယ်ခြင်းနှင့် ပြည်ပမှ သွင်းကုန်များ ဈေးမြင့်တက်နိုင်ခြင်းကဲ့သို့သော ဖြစ်ရပ်များဖြစ်သည်ဟု ကမ္ဘာ့ဘဏ်က ထောက်ပြထားပါသည်။ ကမ္ဘာ့ဘဏ်၏ ထောက်ပြချက်အပေါ် နိုင်ငံတော်၏စီးပွားရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတို့က အလေးအနက်နှလုံးသွင်း၍ လိုအပ်သကဲ့သို့ ပြင်ဆင်ဆောင်ရွက်မည်ဟု ယုံကြည်ပါသည်။

ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဖြစ်စဉ်တွင် ပြည်သူတစ်ရပ်လုံးပါဝင်ရန် အရေးကြီးသည်ဟု ထောက်ပြထားခြင်းသည် မူဝါဒပိုင်းဆိုင်ရာ လေးနက်သော အကြံပြုချက်တစ်ရပ်ဟု ခံယူပါသည်။ နိုင်ငံတော်အစိုးရက စီးပွားရေးဆိုင်ရာမူဝါဒများကို ပြည်သူလူထုထံ ရှင်းလင်းလွယ်ကူစွာ တင်ပြမှသာ ပြည်သူတို့၏ ယုံကြည်ကိုးစားမှု ရရှိမည်ဟူသော ကမ္ဘာ့ဘဏ်၏ အကြံပြုချက်သည် ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်သည်သာမက တိုင်းပြည်၏ပကတိအခြေအနေကို ထင်ဟပ်လျက်ရှိသည်ဟု ယူဆပါသည်။ ကမ္ဘာ့ဘဏ်က ၎င်း၏အစီရင်ခံစာတွင် လူထုအစိုးရသစ်၏ ပထမခြောက်လသည် ခက်ခဲသော စီးပွားရေးဝန်းကျင်အနေအထားတွင် ဆုံးဖြတ်လုပ်ကိုင်ခဲ့ရခြင်းဖြစ်သည်ဟု သုံးသပ်ထားခြင်းသည် နိုင်ငံတော်၏ လက်ရှိစီးပွားရေး တိုးတက်နှုန်းအပေါ် အားမလိုအားမရဖြစ်နေသော အင်အားစုများအနေဖြင့် အလေးအနက်ထား နှလုံးသွင်းရမည့် အချက်တစ်ရပ် ဖြစ်ပါသည်။ ခြုံ၍တင်ပြရပါက မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကသာ တက်ညီလက်ညီကြိုးပမ်းပါက မကြာမီဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်တို့ကို ခံစားရမည်ဖြစ်ကြောင်း လေးစားစွာ နှိုးဆော်တင်ပြအပ်ပါသည်။ ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် တတိယအကြိမ် အလှူငွေ လှူဒါန်းပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် ရန်ကုန်တိုင်းဒေသကြီး၌ တတိယအကြိမ် အလှူငွေလှူဒါန်းပွဲ အခမ်းအနားကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေဝိဇယမင်္ဂလာ ဓမ္မသဘင်နေရာ၌ ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လှူဒါန်းမှုများကို လက်ခံသွားမည်ဖြစ်သည်။ သို့ဖြစ်၍ လှူဒါန်းလိုသူများ သိရှိနိုင်ပါရန်နှင့် ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင် (မူကြမ်း) ညှိနှိုင်း

**ဟားခါး ဇန်နဝါရီ ၃၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် World Wide Fund for Nature-WWF တို့မှပူးပေါင်းကျင်းပသော အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်(မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ချင်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းနှင့် WWF အဖွဲ့မှ ဦးဝင်းမြင့်တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်(မူကြမ်း)ညှိနှိုင်းဆွေးနွေးပွဲတွင် အစိမ်းရောင် စီးပွားရေးသဘောတရားများ၊ ဒေသအတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ပြဿနာများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဖြေရှင်းရန်နည်းလမ်းများ စသည်တို့ကို အဖွဲ့ငယ်များခွဲ၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက် )**






## ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**ပဲခူး ဇန်နဝါရီ ၃၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (Norwegian Environment Agency) တို့ပူးပေါင်းကျင်းပမည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ရေဝပ်ဒေသဘေးမဲ့တောများ စီမံအုပ်ချုပ်မှုမြှင့်တင်ခြင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ ပျဉ်ပုံကြီးကျေးရွာအနီးရှိ မိုးယွန်းကြီးအင်းဘေးမဲ့တော၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။
(မြန်မာ့အလင်း)

## သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းအခမဲ့ကုသ

**မာန်အောင် ဇန်နဝါရီ ၃၁**

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာအသင်းမှ ပါမောက္ခဒေါက်တာ ဦးစောထွန်းအောင် ဦးစီးသော သွားနှင့်ခံတွင်းဆေးကုသရေးအဖွဲ့သည် မာန်အောင်မြို့နယ်တွင် ဇန်နဝါရီ ၃၀ရက် နံနက် ၁၁ နာရီက မြို့နယ်ခန်းမ၌ ပြည်သူများအား သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာသိကောင်းစရာ ပညာပေးဟောပြောခဲ့ပြီး သွားနှင့်ခံတွင်းရောဂါဝေဒနာရှင် ၁၆၉ ဦးအား ကျန်းမာရေးအခမဲ့ စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။ **သိန်းဖေ (ပြန်/ဆက်)**

## ဇီဝမျိုးစုံကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃၁-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၂ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၃ ・ ၃၃ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၇၄၅ |
| တရုတ် | တစ်ယွမ် | ၁၉၅ ・ ၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ ・ ၅၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

▲ ရှေ့ဖုံးမှ

တာဝန်ရှိသည်ကို နှလုံးသွင်းဆောင်ရွက်သွားကြရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားများ စုစည်း၍ တိုင်းရင်းသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရာ၌ တာဝန်ကိုလည်း သတိပြုရန် လိုပါကြောင်း၊ အခွင့်အရေးလိုချင်ပါက တာဝန်ကိုလည်း သိရမည်ဖြစ်ပါကြောင်း၊ အခွင့်အရေးနှင့် တာဝန်ကို ဒွန်တွဲပြီး တူညီသောတန်ဖိုးထားမှ မိမိတို့၏ လူ့အသိုက်အဝန်းသည် တိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ အခွင့်အရေးကိုသာ ဦးစားပေး၍ မရပါကြောင်း၊ အခွင့်အရေး တစ်ခုလျှင် တာဝန်တစ်ခုရှိပါကြောင်း၊ ယခု အခွင့်အရေးနှင့်ပတ်သက်သည့် နည်းဥပဒေကို ချမှတ်နိုင်ရန်ဆွေးနွေးရာတွင် တစ်ဆက်တည်း စဉ်းစားရမည့်အချက်များ ရှိပါကြောင်း၊ အခွင့်အရေးအတွက် ပြောဆိုမှုများရှိသော်လည်း အဆိုပါ အခွင့်အရေးကို မည်သို့ဖော်ဆောင်၍ မည်သူက တာဝန်ယူမည်ကို မစဉ်းစားကြသည်ကိုလည်း တွေ့ရပါကြောင်း၊ ထို့ကြောင့် မည်သည့်ပုံစံနှင့် အကောင်အထည်ဖော်၍ မည်သူက တာဝန်ယူမည်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း။

**တရားဥပဒေစိုးမိုးသော နိုင်ငံဖြစ်ရန် ရည်ရွယ်**

မိမိတို့အနေဖြင့် ဥပဒေတစ်ခုကို ချဉ်းကပ်မည်ဆိုပါက ဥပဒေ၏ ပုံစံနှင့် ကိုက်ညီရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခုကဲ့သို့ ဆွေးနွေးပွဲများ၌ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဥပဒေရေးရာ ကျွမ်းကျင်သည့် ပညာရှင်များ ပါဝင်နိုင်ရန် အမြဲစီစဉ်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရခြင်းမှာလည်း တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပြီး အဓိကကျသည့် အခန်းကဏ္ဍ၌ ရှိနေသည့်အတွက် ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရအဖွဲ့၏ အဓိက ရည်ရွယ်ချက်တစ်ခုမှာ နိုင်ငံအား တရားဥပဒေစိုးမိုးသော နိုင်ငံဖြစ်ရန် ရည်ရွယ်ထားပါကြောင်း။

**ဥပဒေများနှင့်ကာကွယ်**

တရားဥပဒေ စိုးမိုးရေးဆိုသည်မှာ နိုင်ငံ၏ လုံခြုံမှု၊ တည်တံ့ခိုင်မြဲမှုနှင့် တိုးတက်မှုကို အကာအကွယ်ပေးထားသည့် အဆောက်အအုံဖြစ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့အား ဖိနှိပ်ချုပ်ချယ်ထားခြင်းမဟုတ်ဘဲ ကာကွယ်ထားခြင်းဖြစ်ရန်လိုပါကြောင်း၊ တရားဥပဒေ စိုးမိုးရေးသည် မိမိတို့တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားများကို အကျိုးဖြစ်စေမည့် ဥပဒေများနှင့် ကာကွယ်လွှမ်းမိုးထားသည် ဆိုသည့် အနက်အဓိပ္ပာယ်ကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

**ကူညီကာကွယ်ပေးနိုင်မည်**

ထို့ကြောင့် တရားဥပဒေစိုးမိုးမှုရှိရန် အင်မတန် အရေးကြီးပါကြောင်း၊ မိမိတို့တွင် ခေါင်မလုံ၍ မိုးယို ဆိုသည့် ဆိုရိုးစကားအတိုင်း နိုင်ငံ၏ ခေါင်သည် တရားဥပဒေသာဖြစ်ပါကြောင်း၊ တရားသော ဥပဒေများဖြစ်ရန်လည်း လိုပါကြောင်း၊ တရားမျှတသည့် ဥပဒေများရှိမှသာ မိမိတို့ နိုင်ငံကို အကျိုးပြုနိုင်မည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် အမိုးဖြစ်သကဲ့သို့ အခြေခံအုတ်မြစ်လည်းဖြစ်ပါကြောင်း၊ မှန်ကန်သည့် ဥပဒေများအပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်ရမည်ဖြစ်ပါကြောင်း၊ ခိုင်ခိုင်မာမာ ရပ်တည်မှုလည်း ဥပဒေများက မိမိတို့ကို အပေါ်မှနေ၍ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ဥပဒေများက ပြည်ထောင်စုဆိုသည့် အဆောက်အအုံကို ခိုင်မာလုံခြုံ၍ မိမိတို့အားလုံးကို အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ နည်းဥပဒေများကလည်း အဆောက်အအုံ၏ နံရံများအဖြစ် ပံ့ပိုးကူညီကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

**ထုတ်ဖော်ပြသရန်လိုအပ်**

ယနေ့ရောက်ရှိလာသည့် တိုင်းရင်းသားကိုယ်စားလှယ်များ အနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေကို ပဏာမဆွေးနွေးရာ၌ စိတ်သဘောထားကို ပွင့်ပွင့်လင်းလင်းထားရှိရန် လိုအပ်ပါကြောင်း၊ တခြားသူများ၏ ဆွေးနွေးပြောကြားချက်ကို နားလည်လက်ခံစဉ်းစားပေးနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ မိမိတင်ပြချက်ထက် ကောင်းသည့် အဆိုပြုချက်၊ တင်ပြချက်များ ရှိပါကလည်း သဘောထားကြီးကြီးနှင့် လက်ခံရန်လည်း လိုအပ်ပါကြောင်း၊ သဘောထားကြီးကြီးနှင့် အမြင်အမျိုးမျိုးကို လေ့လာဆန်းစစ်ပြီး အကောင်းဆုံးကို ရွေးချယ်နိုင်သော အရည်အချင်းရှိသည်ကိုလည်း ထုတ်ဖော်ပြသရန် လိုအပ်ပါကြောင်း၊ အဆိုပါ စိတ်ဓာတ်ဖြင့် ယခု နည်းဥပဒေများကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားကြရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များနှင့် တွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

**ကဏ္ဍအလိုက် ဆွေးနွေး**

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ ကနဦးမူကြမ်းအား တိုင်းရင်းသားလူမျိုးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက နည်းဥပဒေ ကနဦးမူကြမ်းနှင့်စပ်လျဉ်း၍ အဖွဲ့များခွဲကာ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အဆိုပါ နည်းဥပဒေ၌ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ ဖွဲ့စည်းခြင်း၊ အခန်း(၃) အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီ ဖွဲ့စည်းခြင်း၊ အခန်း(၄) အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း၊ အခန်း(၅) အငြင်းပွားမှုအား ဖြေရှင်းခြင်း၊ အခန်း(၆) ဆုံးဖြတ်ချက်အတည်ဖြစ်ခြင်း၊ အခန်း(၇) တားမြစ်ချက်များ၊ အခန်း(၈) အရေးယူခြင်း၊ အခန်း(၉) အထွေထွေဟူ၍ ပါရှိသည်။

ယင်းဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## သွေးလှူရှင်များအား ကာကွယ်ဆေးများအခမဲ့ထိုးပေး

**မြင်းမူ ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထောက်ပံ့ကူညီမှုဖြင့် အသည်းရောင်အသားဝါဘီပိုး စစ်ဆေးခြင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အသည်းဖောင်ဒေးရှင်းမှ ပေးပို့လှူဒါန်းသော ဘီပိုးကာကွယ်ဆေးများ အခမဲ့ထိုးပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၉ ရက်က မြင်းမူမြို့အမှတ်(၁)နယ်မြေ အောင်ဇေယျရပ်ကွက်ရှိ ကရုဏာပီတိ ပညာရေးစင်တာ၌ ပြုလုပ်ခဲ့သည်။ ကာကွယ်ဆေးများကို မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာမှ ဉာတိသင်္ဂဟ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းက ဦးဆောင်၍ တတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်ကာ မြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာမှ သွေးလှူရှင် ၄၀၄ ဦးအား ထိုးပေးနိုင်ခဲ့ကြောင်း၊ ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ကေသီခိုင်နှင့် ဆရာဝန် ဆရာမများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆရာမများ၊ မိုးထက်ပါရမီမိသားစုမှ ဒေါက်တာသန်းထွန်းအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက လိုအပ်သည်များ ကူညီဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြို့နယ်အတွင်းမှ ဘီပိုးကာကွယ်ဆေးထိုးနှံလိုသူများကို စာရင်းကောက်ယူကာ ထိုးနှံလိုသော ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် လူမှုကူညီရေးအသင်းများပူးပေါင်းကာ ဘီပိုးရှိ မရှိ အခမဲ့စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**အောင်စိုးဇေ(မြင်းမူ)**

## ပြည်ပမှ မော်တော်ယာဉ်တင်သွင်းဝယ်ယူသူများအား အသိပေးနှိုးဆော်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များကို ကနဦးမှတ်ပုံတင်ပေးရာတွင် သွင်းကုန်လိုင်စင် (Import Licence)၊ သွင်းကုန်ကြေညာလွှာ (Import Declaration)၊ အကောက်ခွန်ဖော်ပြချက် (Customs Statement) များပါ အချက်အလက်များနှင့် တူညီပြီး အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်မှု (Road Safety) ရှိလျှင် မော်တော်ယာဉ် ဥပဒေနှင့်အညီ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ကနဦး ယာဉ်စစ်ဆေးရာ၌ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဖော်ပြချက်များနှင့် ထုတ်လုပ်သည့် ခုနှစ်ပုံစံ (Model Ycar) များ ကွဲလွဲခြင်း၊ ပေါင်အမှတ်/ကိုယ်ထည်အမှတ် (Chassis Number)ပါသော နေရာအား ဖြတ်၍ ဖောက်ထည့်ခြင်း၊ မူလစက်ရုံထုတ် ပေါင်အမှတ်/ကိုယ်ထည်အမှတ် ပုံစံမျိုးမဟုတ်ဘဲ ပြန်ရိုက်ထားသည့် ပုံစံများဖြင့် ပြုလုပ်ထားသည့် မော်တော်ယာဉ်များကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။ အဆိုပါတွေ့ရှိချက်များအရ မော်တော်ယာဉ်ဝယ်ယူသုံးစွဲသူများ နစ်နာမှုမရှိစေရေးအတွက် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး သတ်မှတ်ဒဏ်ကြေးငွေများ ကောက်ခံ၍ ယာဉ်မှတ်ပုံတင်ခြင်းအား ဆောင်ရွက်ပေးခဲ့သည်။

သို့သော်လည်း မမှန်မကန်ဆောင်ရွက်သည့်ယာဉ်များမှာ လျော့နည်းလာခြင်းမရှိသည့်အတွက် ၂၉-၁၁-၂၀၁၆ ရက်တွင် ပြုလုပ်သည့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၆) မှ အဆိုပါ ပြင်ဆင်ထားသည့်ယာဉ်များအား ဒဏ်ကြေးကောက်ခံပြီး မှတ်ပုံတင်ခွင့်ပြုပေးခြင်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိသာ ဆောင်ရွက်ပေးပြီး ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှစ၍ ယာဉ်မှတ်ပုံတင်ခြင်းအား ခွင့်ပြုတော့မည်မဟုတ်ကြောင်း အများပြည်သူများ သိရှိနိုင်စေရန် သတင်းထုတ်ပြန်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ ပြည်ပမှ တင်သွင်းဝယ်ယူလာသော မော်တော်ယာဉ်များ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဖော်ပြချက်များနှင့် မတူညီဘဲ ပေါင်အမှတ်/ကိုယ်ထည်အမှတ် ဖောက်ထည့်ထားခြင်းနှင့် မူလစက်ရုံထုတ်ပုံစံမဟုတ်ဘဲ ပေါင်အမှတ်/ကိုယ်ထည်အမှတ် ပြန်ရိုက်ထားသည့် မော်တော်ယာဉ်များကို ၁-၃-၂၀၁၇ ရက်မှစ၍ ယာဉ်မှတ်ပုံတင်ခြင်းအား ခွင့်ပြုပေးတော့မည်မဟုတ်ပါကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဇန်နဝါရီ ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်၊ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Peter Lysholt Hansen၊ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်နှင့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံး ယာယီတာဝန်ခံ Mr. Colin Steinbach တို့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများအား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ (၁၂)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာပန်ကြားချက် (၂၀၁၇) ဆွေးနွေးပွဲ ဖွင့်ပွဲသို့တက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၃၁**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းဌေွတို့သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ဒေလီမြို့ Taj Palace Hotel ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အနာကြီးရောဂါရှင်များအား မနှစ်မြို့မှုနှင့် ခွဲခြားဆက်ဆံရေး အဆုံးသတ်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာပန်ကြားချက် (၂၀၁၇) ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား **(ဓါတ်ပုံ)**သို့ တက်ရောက်သည်။

ယင်းနောက် Nippon Foundation မှတာဝန်ရှိသူများနှင့် WHO မှ တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် (၁၂)ကြိမ်မြောက် အနာကြီးရောဂါရှင်များအား မနှစ်မြို့မှုနှင့် ခွဲခြားဆက်ဆံရေးအဆုံးသတ်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာပန်ကြားချက် (၂၀၁၇)ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အနာကြီးရောဂါခံစားနေရသည့် လူနာများအား ခွဲခြားဆက်ဆံမှုမရှိစေရေးနှင့် လိုအပ်သည့်ထောက်ပံ့ကူညီမှုများရရှိရေး၊ မြန်မာနိုင်ငံအတွင်း အနာကြီးရောဂါဝေဒနာ လုံးဝပပျောက်ကင်းစင်ရေးအတွက် လွှတ်တော်အနေဖြင့် ဆောင်ရွက်သွားမည့်အစီအစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးနှင့်တွေ့ဆုံ

**နေပြည်တော်  ဇန်နဝါရီ ၃၁**



ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်၊ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်၊ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen နှင့် ဥရောပသမဂ္ဂ သံရုံးမှ သံရုံးတာဝန်ခံ Dr. Colin Steinbach တို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ်(I-1) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နိုင်ငံခြားသားများဆိုင်ရာ ဥပဒေကြမ်းနှင့် နိုင်ငံခြားသားအလုပ်သမားဥပဒေကြမ်းတို့ကို အတည်ပြုပြဋ္ဌာန်းပါက မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုရေး၊ ခေတ်ကာလအခြေအနေနှင့် ဆီလျော်ရေး၊ တရားမျှတပြီး အကျိုးဖြစ်ထွန်းရေး၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့် ကော်မရှင်အဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးနှင့် ညီညွတ်မျှတရေးဆိုင်ရာ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများက တရားဥပဒေစိုးမိုးရေး၊ အလုပ်သမားအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက်ရယူခွင့်နှင့် မြေယာဆိုင်ရာဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရေး၊ ပယ်ဖျက်ရေး၊ အသစ်ရေးဆွဲရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအကြံပြုကြသည်။

ဆွေးနွေးအကြံပြုချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးရာတွင် ပြည်ထောင်စုလွှတ်တော်က ပေးအပ်သည့် ဥပဒေဆိုင်ရာနှင့် အထူးကိစ္စရပ်ဆိုင်ရာ ကိစ္စရပ်များအား ကော်မရှင်က အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဥပဒေကြမ်းရေးဆွဲခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဥပဒေပြုရေးသည် လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည်နှင့်အညီ ဥပဒေကြမ်းများ၊ နည်းဥပဒေများရေးဆွဲရာတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ကို ဗဟိုပြု၍ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာလွှတ်တော်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ စိတ်ပါဝင်စားသည့် ပြည်သူများနှင့် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများသိရှိရန် ပညာပေးခြင်း၊ ပူးပေါင်းပါဝင်ခြင်းဆောင်ရွက်ချက်များ၊ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် Law reform ၏ အရေးပါမှုနှင့် တရားမျှတပြီး ပြည်သူများလိုက်နာနိုင်သည့်ဥပဒေ၊ နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ ခေတ်ကာလနှင့် ဆီလျော်သည့်ဥပဒေများ ပေါ်ပေါက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်နှင့် သက်ဆိုင်ရာသို့ ကော်မရှင်က တင်ပြအကြံပြု ဆောင်ရွက်မှုအခြေအနေ၊ ဥပဒေကြမ်းများ ရေးဆွဲရာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ ပါဝင်ဆွေးနွေးအကြံပြုကြသဖြင့် ပိုမိုထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ဝင်ဗီဇာဆိုင်ရာလုပ်ငန်းများ လွယ်ကူစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဆွေးနွေး

**နေပြည်တော်  ဇန်နဝါရီ ၃၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံအမတ်ကြီး Dr. Nikolay Listopadov အား ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအလုပ်သမားရေးရာနှင့် ပြည်သူ့အင်အားဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ရုရှားနိုင်ငံအား ဆိုက်ရောက်ဗီဇာခွင့်ပြုပေးမည့် အစီအစဉ်နှင့် ပြည်ဝင်ဗီဇာဆိုင်ရာလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရေး၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ နှစ်နိုင်ငံအတွေ့အကြုံမျှဝေဖလှယ်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုသိမ်ကြီးမြို့နယ်၌ ကျေးရွာအုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မင်းကန်အုပ်စု ဇီးတောကျေးရွာအားကစားကွင်းသစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကျေးရွာအုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါကွင်းသစ်၌ကျင်းပရာ ပြိုင်ပွဲကွင်းကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်အောင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အမှာစကားပြောကြား၍ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် နန္ဒာ(က)အသင်းက ကြာနီကန်(က)အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသွားကြောင်းနှင့် အဆိုပါ ပြိုင်ပွဲမှ အုပ်စုရှစ်အုပ်စုတွင် ပြိုင်ပွဲဝင်လေးသင်းစီ ပါဝင်သော အသင်း ၃၂ သင်းတို့က ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၃ ရက်တွင် ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇီးတောဘောလုံးကွင်းသစ်၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) သို့ ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် စက်ရုံမှ ထုတ်လုပ်ထားသော တပ်မတော် (ကြည်း၊ရေ၊လေ) ယူနီဖောင်းပိတ်စ များနှင့် အခြားအသုံးအဆောင်များ အား ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် လေယာဉ်ထုတ်လုပ် ပြင်ဆင်ရေးဌာနချုပ်သို့ ရောက်ရှိကြပြီး လေယာဉ်ရုံအတွင်း ရဟတ်ယာဉ် ပြင်ဆင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)တွင် ခင်းကျင်းပြသထားသည့် စက်ရုံမှထုတ်လုပ်ထားသော ယူနီဖောင်းပိတ်စများနှင့် အဝတ်အထည်များအား ကြည့်ရှုစဉ်

● *ကျောဖုံးမှ*

ဖောင်ဒေးရှင်းမှ ပံ့ပိုးမှုဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)တွင် အကယ်ဒမီအဆောက်အအုံ၊ မြက်ခင်းတုလေ့ကျင့်ရေးကွင်း နှစ်ကွင်းတို့ ပါဝင်ပြီး ဒေါ်လာ ၂၇၆၄၇၉၄ အကုန်ကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနို တက်ရောက်ဖွင့်လှစ်ပေး မည်ဖြစ်သည်။ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနို တက်ရောက်မည်ဖြစ်သောကြောင့် အာရှ ဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ အာရှဒေသတွင်း ဘောလုံးအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများလည်း တက်ရောက်မည်ဖြစ်သည်။ အာရှဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ ရှိတ်ဆယ်လ်မန်သည် ပြီးခဲ့သည့် နိုဝင်ဘာလက အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်) တည်ဆောက်နေမှုများအား လာရောက်ကြည့်ရှုစစ်ဆေးခဲ့ သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ ဘောလုံးအကယ်ဒမီသုံးခု တည်ထောင်ထားပြီး မန္တလေးနှင့် ပုသိမ်မြို့ရှိ ဘောလုံးအကယ်ဒမီများတွင် လူငယ်ကစားသမားများကို သင်ကြားပေးလျက်ရှိသည်။ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)ကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင်ဖွင့်လှစ်ခဲ့ပြီး ယခင်ဖီဖာဥက္ကဋ္ဌဟောင်း ဆပ်ဘလတ္တာ တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) တည်ထောင်ခဲ့သည့် ငါးနှစ်ကျော်ကာလအတွင်း မြန်မာ့ဘောလုံးလောကအတွက် ကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ခဲ့ပြီး အောင်သူ၊ ကျော်မင်းဦး စသည့်ကစားသမားများမှာ ယင်း အကယ်ဒမီမှ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် နေရာ ကွက်ကျား မိုးရွာနိုင်သည်။ **(မိုး/ဇလ)**

# မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်အဖွင့်အမှာစကား ပြောကြား သည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးကဏ္ဍ၏ လက်ရှိစီမံချက်များ၊ မူဝါဒများ၊ စီမံကိန်းများကို အားသစ်များဖြစ်စေရေးနှင့် ပိုမိုတိုးတက်ရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ(၂၀၁၆)ကို ချမှတ်ခဲ့ပြီး ငါးနှစ်တာ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှုမဟာဗျူဟာ (ADS) နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကို ချမှတ်ရေးဆွဲခြင်း ဖြစ်ကြောင်း၊ စီမံကိန်းကြီး အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် FAO ၊ ADB နှင့် LIFT-Fund တို့မှ ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ နည်းပညာပိုင်းဆိုင်ရာများ၊ အစားအစာဘေးကင်းရှင်းရေးနှင့် အာဟာရပြည့်ဝစေရေး အဓိကထားပြီး မြန်မာ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ADS ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးကို ပူးပေါင်းဆောင်ရွက်မည့်အဖွဲ့များနှင့် လုပ်ငန်းစဉ်များ ရေးဆွဲ၍ မူဝါဒများချမှတ်နိုင်ရေး ဦးတည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ စိုက်ပျိုးရေးကဏ္ဍ၏ မျှော်မှန်းချက်ပြည့်မီရေးအတွက် ၂၀၁၇ မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်စီမံကိန်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခု အစည်းအဝေးမှ ပိုမို ကောင်းမွန်သည့် အစီအစဉ်များ၊ မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သော အနာဂတ်အောင်မြင်မှုရလဒ်ကိုရရှိနိုင်ရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ADB မှ အတိုင်ပင်ခံ Mr. Francesco Goletti က ADS မှ မျှော်မှန်းရလဒ် များကို စီမံအုပ်ချုပ်ခြင်း၊ ထုတ်လုပ်နိုင်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားဟူသော မဏ္ဍိုင်(၃)နှင့်အညီ ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံဆိုင်ရာ FAO ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan၊ LIFT-Fund မှ Programme Coordinator, Mr. Maurice Schill ၊ ADB မှ Senior Environment Specialist, Mr. Pavit Ramachandran တို့က မဏ္ဍိုင်(၃)ခုအတိုင်း ဆောင်ရွက်မည့်အစီအစဉ်များ၊ ကဏ္ဍစုံမှဟန်ချက်ညီစွာ ဦးစားပေး တန်ဖိုးကွင်းဆက်များအလိုက် အဆင့်ဆင့် ဆောင်ရွက်သွားမည့်အစီအစဉ်များအား ဆွေးနွေးကြသည်။

မြေမဲ့ယာမဲ့များ အပါအဝင် အသေးစားနှင့် အလတ်စားတောင်သူများ၏ ပါဝင်မှု ကဏ္ဍကို အဓိကအခြေခံပြီး အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက် ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များနှင့် မွေးမြူရေး ထွက်ကုန်များ ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးတို့ကိုရည်ရွယ်၍ ဤစီမံကိန်းအား အကောင် အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# လူကုန်ကူးခြင်းခံရသော မြန်မာအမျိုးသမီးငယ်များအား ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**တာချီလိတ် ဇန်နဝါရီ ၃၁**

ထိုင်းနိုင်ငံသို့ လူကုန်ကူးခြင်းခံရသော မြန်မာ အမျိုးသမီးငယ်လေးများအား ပြန်လည် လွှဲပြောင်းပေးအပ်ခြင်းနှင့် လက်ခံခြင်းအား ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲတွင် ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် လူဝင်မှုကြီးကြပ် ရေး ဦးစီးဌာနမှ ဗိုလ်မှူးကြီး အေ့ကွန်း ဘွတ်စဖား ဘန်ဒင်းနှင့် တာဝန်ရှိသူ များက လူကုန်ကူးခြင်းခံရသော မြန်မာ အမျိုး သမီးငယ် ၁၅ ဦးအား လွှဲပြောင်း ပေးအပ်ရာ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ထိန်ဝင်း၊ ခရိုင်လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြား ရေးမှူး ဦးကျော်မော်ထွန်း၊ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန (ကျိုင်းတုံ) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော် သူနိုင်နှင့် တာဝန်ရှိသူများက လက်ခံ ရယူပြီး နှစ်သိမ့်အားပေးစကား ပြော ကြားသည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက် ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့် ဦးဆောင် သော အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များမှ အမျိုးသမီးငယ်လေး များအား ထောက်ပံ့ငွေများ ပေးအပ်ကြ ကာ ခရိုင်လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော် ထွန်းနှင့် ဝန်ထမ်းများက နိုင်ငံသား စိစစ်ရေးကတ်ဆိုင်ရာ လုပ်ငန်းစဉ်များ အား ဆောင်ရွက်ပေးကြသည်။

ဆက်လက်ပြီး လူကုန်ကူးခံရသော တာချီလိတ်မြို့နယ်မှ အမျိုးသမီးငယ်နှစ်ဦး အား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်း ပေးအပ်ကာ ကျန်အမျိုးသမီးငယ် ၁၃ ဦး အား မိဘအုပ်ထိန်းသူများထံ ပြန်လည် အပ်နှံနိုင်ရေးအတွက် ပြည်နယ်လူမှု ဝန်ထမ်းဦးစီးဌာန (ကျိုင်းတုံ) လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော် သူနိုင်နှင့်တာဝန်ရှိသူများက ကျိုင်းတုံ မြို့သို့ မော်တော်ယာဉ်ဖြင့် ဆက်လက် ခေါ်ဆောင်သွားခဲ့ကြသည်။

ယနေ့ ပြန်လည်လွှဲပြောင်းအပ်နှံ သည့် လူကုန်ကူးခံရသော အမျိုးသမီး ငယ်လေးများမှာ ကျိုင်းတုံမြို့နယ်မှ ငါးဦး၊ မိုင်းယောင်းမြို့နယ်မှ ငါးဦး၊ တာချီလိတ် မြို့နယ်မှ နှစ်ဦး၊ မက်မန်း၊ မိုင်းခတ်နှင့် မိုင်းယန်းမြို့နယ် (ဝ အထူးဒေသ ၂) မှ တစ်ဦးစီဖြစ်ပြီး စုစုပေါင်း အမျိုးသမီး ငယ် ၁၅ ဦးဖြစ်ကြောင်း သိရသည်။



ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ထောက်ပံ့ငွေပေးအပ်စဉ်

**မောင်ယဉ်ကျေး**

# အနှစ်သာရရှိရှိ မြင်သိကြစေသား

## အန်ကယ်ပညာ

မင်္ဂလာပါ သားတို့ သမီးတို့ရေ.....

ပြည်ထောင်စုနေ့ နီးလာပြန်ပြီဆိုတော့ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စုမပြိုကွဲရေး၊ ပင်လုံညီလာခံဆိုတဲ့ စကားသံတွေ ကြားနေရပြီပေါ့ကွယ်။ ဒါနဲ့တစ်ဆက်တည်းမှာပဲ ပင်လုံညီလာခံကြီးမှာ တိုင်းရင်းသားတွေ တစ်ညီတစ်ညွတ်တည်း သဘောတူလက်မှတ်ရေးထိုးနိုင်အောင် ကြိုးပမ်းအားထုတ်ပေးခဲ့တဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ကလည်းရှိနေတော့ ဗိုလ်ချုပ်ကိုလည်း သတိရနေကြမယ်လို့ ထင်ပါတယ်။

ပြည်ထောင်စုနေ့ကို နှစ်စဉ်ဖေဖော်ဝါရီလ ၁၂ ရက်နေ့အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ ဒီလိုပြောလို့ ဒါလောက်တော့ သိပါတယ်လို့ ဆိုချင်သူလည်း ရှိနိုင်ပါတယ်။ ဒါပေမယ့်လည်း ဒီလို နေ့ထူးနေ့မြတ်တစ်ရက်ကို ရွေးချယ်သတ်မှတ်နိုင်ဖို့ သိုင်းဝိုင်းပြီး ဖြစ်ပေါ်လာခဲ့တဲ့ သမိုင်းကြောင်းကိုမှ သိမထားရင် ဆားမပါတဲ့ ဟင်းစားရသလို လေးနက်မှုရှိမှာ မဟုတ်ပါဘူး။

ဒါကြောင့် ပြည်ထောင်စုနေ့ ဘယ်လိုဘယ်ပုံ ပေါ်ပေါက်လာရတယ်ဆိုတာကို အကျဉ်းလေးမျှ ပြောပြလိုတာပါ။ ဒါမှလည်း စာနဲ့ပြောပြရတာ အလွန်လွယ်ကူသလောက် အဲဒီအချိန်တုန်းက လက်တွေ့ဖြတ်သန်းခဲ့ကြသူတွေ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်ရုန်းကန်ခဲ့ကြရတယ်၊ ဘယ်လောက်အထိ တန်ဖိုးကြီးတယ်ဆိုတာကို သတိထားမိကြမှာပါ။

ကိုင်း....အခုအချိန်ကစပြီး သမိုင်းကို ပြန်လှန်ကြည့်ကြရအောင်။ ၁၈၂၄ ခုနှစ်နောက်ပိုင်း မြန်မာ့သမိုင်းကို လှန်လိုက်တိုင်း နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ အစွယ်ပြူးပြူးနဲ့ ရုပ်ဆင်းသဏ္ဌာန်တွေကို တွေ့ကြရမှာပါ။ နယ်ချဲ့အင်္ဂလိပ်တို့ဟာ စစ်ရေးအရ ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံကို ကျွန်ပြုအုပ်ချုပ်ခဲ့ကြပါတယ်။ ဒီလိုအုပ်ချုပ်တဲ့အခါမှာ မြန်မာတိုင်းရင်းသားတွေကို သွေးကွဲအောင်၊ စိတ်ဝမ်းကွဲအောင်၊ အင်အားကွဲအောင်သွေးခွဲအုပ်ချုပ်ရေးစနစ် (divide and rule) ကို ချမှတ်ကျင့်သုံးခဲ့ပါတယ်။

တောင်ပေါ်မြေပြန့်ခွဲခြားပြီး တောင်တန်းသားများနဲ့ ဗမာကို ခွဲခြားအုပ်ချုပ်တယ်လို့ အကြမ်းဖျင်းမြင်နိုင်ပေမယ့် အသေးစိတ်လေ့လာရင် တောင်ပေါ်ဒေသမှာလည်း ရှမ်းပြည်နယ်၊ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသ ဆိုပြီး အသွင်မတူတဲ့ အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေတွေနဲ့ လူမျိုးစုအလိုက် အကွဲကွဲအပြားပြားရှိစေအောင် ခွဲခြားအုပ်ချုပ်ခဲ့ကြတာပါ။ အထူးသဖြင့်တော့ ဗမာတွေနဲ့ တောင်ပေါ်တိုင်းရင်းသားလူမျိုးစုတွေအကြား နာကြည်းချက်တွေနဲ့ သွေးကွဲစေချင်တာပါ။

ဒီအချက်ကို ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးပေးတဲ့အချိန်နဲ့ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှုဥပဒေ ပြဋ္ဌာန်းလိုက်ချိန်တွေမှာ ရှမ်း၊ ကချင်နဲ့ ချင်းတောင်တန်းဒေသတွေကို ချန်လှပ်ထားခဲ့ကြတာကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ ဒီလိုရေရှည်သွေးခွဲအုပ်ချုပ်ခဲ့တာဟာ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲအောင်၊ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုကင်းမဲ့ပြီး သံသယစိတ်ပွားများအောင်၊ ကျဉ်းမြောင်းတဲ့ လူမျိုးရေးစိတ်ဓာတ်တွေ ပေါ်ပေါက်အောင်၊ မြန်မာတိုင်းရင်းသားတို့ရဲ့ သွေးစည်းညီညွတ်ရေးကို တားဆီးနိုင်အောင် ရည်ရွယ်ချက်ရှိရှိ ခြယ်လှယ်ခဲ့ကြတာပါ။ အဲဒီအငွေ့အသက်တွေကို ယနေ့ထိအောင် သားတို့သမီးတို့လည်း ရှူရှိုက်နေရတုန်းပါပဲ။

အခုအကြောင်းအရာတွေကတော့ နယ်ချဲ့အင်္ဂလိပ်တွေ မြန်မာနိုင်ငံအပေါ် ကျင့်သုံးခဲ့တဲ့နိုင်ငံရေးကို အကျဉ်းလေးပြန်ပြောပြတာပါ။ ဒီတစ်ခါ စီးပွားရေးကိုကြည့်ကြရအောင်။ အဲဒီတုန်းက နယ်ချဲ့အင်္ဂလိပ်တွေ စစ်ရေးအရ ကျူးကျော်ရခြင်းရဲ့ရည်ရွယ်ချက်က စီးပွားရေးနဲ့ အမြတ်ထုတ်သွေးစုပ်ဖို့ပါ။ မြန်မာနိုင်ငံကထွက်တဲ့ ဆန်စပါး၊ ကျွန်းသစ်၊ ရေနံ၊ ဓာတ်သတ္တုနဲ့ တွင်းထွက်ကျောက်မျက်ရတနာတွေကို လက်ဝါးကြီးအုပ် အမြတ်ထုတ်ခဲ့ကြပါတယ်။

ဆန်စပါးဟာ နယ်ချဲ့အင်္ဂလိပ်တွေရဲ့ အဓိက ပြည်ပပို့ကုန်ဖြစ်တာရယ်၊ ပြည်ပမှာ ဈေးကောင်းရတာရယ်ကြောင့် စိုက်ပျိုးနိုင်တဲ့ လယ်မြေကေအားလုံးကို စိုက်ပျိုးနိုင်ဖို့ အိမ်နီးချင်းနိုင်ငံမှ လုပ်သားတွေကို အထိန်းအကွပ်မဲ့ ဝင်ရောက်စေခဲ့ပါတယ်။ ဒီအချက်ကလည်း မြန်မာနိုင်ငံအပေါ် ယနေ့တိုင်ငြိတွယ်နေဆဲဖြစ်တဲ့ နယ်ချဲ့ရဲ့အမွေဆိုးတစ်ခုပါ။ အခွန်အခတွေ၊ ချေးငွေတွေနဲ့လည်း လူတစ်ဦးချင်းစီနဲ့ နိုင်ငံကိုပါ မွဲပြာကျအောင်လုပ်ခဲ့ကြတာပါ။

ပြိုင်ဘက်မျိုးဖြုတ် အရင်းရှင်သရုပ် ဆိုသလိုပဲ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးတွေကို အရင်းပြုတ် နာလန်မထူနိုင်အောင် စီးပွားရေးမှာ ခြယ်လှယ်ခဲ့ကြတဲ့အပြင် တောင်သူလယ်သမား၊ အလုပ်သမားထုကြီးတစ်ရပ်လုံးကိုလည်း အကြွေးလည်ပင်းခိုက်စေပြီး ကူညီစောင့်ရှောက်မှုကင်းစွာနဲ့ တကယ့်နင်းပြားဘဝတွေဖြစ်အောင် လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါတွေကို မခံမရပ်နိုင် ဖြစ်ခဲ့ကြလို့လည်း ဆရာစံအရေးတော်ပုံ၊ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွေနဲ့ နယ်ချဲ့ကိုတော်လှန်ခဲ့ကြတာပါ။

စီးပွားရေးအရပြီးတော့ လူမှုရေးအပိုင်းကိုလည်း ပြောပြပါဦးမယ်။ ပညာရေးကိုကြည့်ရင် တက္ကသိုလ်ကောလိပ်တက်ရောက်ခွင့်ကို ကန့်သတ်ထားခဲ့ပါတယ်။ သင်ကြားရေးမှာ အင်္ဂလိပ်စာပေကိုသာ သင်ကြားရေးမဏ္ဍိုင်အဖြစ် အသုံးပြုခဲ့ကြပါတယ်။ သင်ကြားရာမှာလည်း အသက်မွေးဝမ်းကျောင်းပညာထက် အုပ်ချုပ်ရေးပညာကိုသာ ဦးစားပေးခဲ့ကြပါတယ်။ အဓိကကတော့ အင်္ဂလိပ်စာပေတတ်၊ အင်္ဂလိပ်လိုတွေး၊ အင်္ဂလိပ်စိတ်ပေါက်လာတဲ့ လူတန်းစားတစ်ရပ်ကို မွေးထုတ်ခဲ့ကြတာပါ။

> **“တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ပူးပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်ကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိမယ်” လို့ ပြောခဲ့တာကိုကြည့်ရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အလွန်အရေးကြီးတယ်ဆိုတာ အဲဒီအချိန်ကတည်းက ထောက်ပြပေးခဲ့တာပါ**

အဲဒီလူတွေကို နယ်ချဲ့သြဇာခံအဖြစ် အုပ်ချုပ်ရေးရာထူးကြီးနေရာတွေမှာခန့်အပ်ပြီး မြန်မာတိုင်းရင်းသားတွေအချင်းချင်း သူ့အရှိန်နဲ့သူ့ပြန်ထိုးဆိုတဲ့ပုံစံမျိုး ဖန်တီးခဲ့ကြတာပါ။ ဒါကြောင့် မြန်မာမျိုးချစ်ပညာတတ်များက အဲဒီခေတ်ကပညာရေးကို ကျွန်ပညာရေးလို့တောင် ခေါ်ဝေါ်သတ်မှတ်ခဲ့ကြပါတယ်။ မြန်မာတို့ရဲ့အရည်အသွေးပြောင်းလဲကျဆင်းလာစေဖို့လည်း နယ်ချဲ့တို့ရဲ့ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားတွေနဲ့ အစားထိုးခဲ့ကြပါတယ်။ ဒါ့အပြင် မစ်ရှင်အဖွဲ့၊ အေးဂျင့်အဖွဲ့တွေစေလွှတ်ပြီး ဘာသာရေးနဲ့လည်း မြန်မာတိုင်းရင်းသားတို့အကြား သွေးခွဲခဲ့ကြပါသေးတယ်။

အခုပြောခဲ့တဲ့အချက်တွေကတော့ နယ်ချဲ့အင်္ဂလိပ်တို့က နှစ်ပေါင်းတစ်ရာကျော် မြန်မာတိုင်းရင်းသားတို့အပေါ် ဘယ်လို ခြယ်လှယ်ခဲ့ကြတယ်ဆိုတာ အကျဉ်းချုံးပုံဖော်လိုက်တာပါ။ ဒါဆိုရင် ဒီလောက်ခြယ်လှယ်ခဲ့တဲ့ နယ်ချဲ့ကို ဒီအတိုင်း ငြိမ်ခံနေခဲ့ကြတာလားဆိုတာကို ဆက်ပြောပါဦးမယ်။ မြန်မာတိုင်းရင်းသားတွေဟာ ရှေးပဝေသဏီကတည်းက ကိုယ့်မင်းကိုယ့်ချင်းနဲ့ ဒီမြေပေါ်မှာ သွေးစည်းချစ်ကြည်စွာ နေထိုင်ခဲ့ကြတာပါ။ ပဒေသရာဇ်အချင်းချင်း အားပြိုင်မှုတွေတော့ ရှိခဲ့ကြပါတယ်။ ဒါကလည်း ပြည်တွင်းရေးသက်သက်ပါ၊ ဘယ်လိုပဲဖြစ်ဖြစ် အရေးကြီးတိုင်း သွေးနီးခဲ့ကြပါတယ်။ တိုင်းတစ်ပါးရဲ့ကျူးကျော်မှုတွေကြုံတိုင်း မြန်မာတိုင်းရင်းသားတွေဟာ လူမျိုးဘာသာမခွဲခြားဘဲ လက်တွဲတွန်းလှန်ခဲ့ကြပါတယ်။

နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ ပထမကျူးကျော်စစ်အပြီး ၁၈၂၅ ခုနှစ် မတ်လမှာ ဖြစ်ပွားခဲ့တဲ့ နေဖြူခံတပ်တိုက်ပွဲမှာ မဟာဗန္ဓုလနဲ့အတူ ကရင်ခေါင်းဆောင် ဗိုလ်လန် ဦးဆောင်တဲ့ ကရင်တိုင်းရင်းသားတွေလည်း ပါဝင်တိုက်ခိုက်ခဲ့ပါတယ်။ နေဖြူခံတပ်ကျသွားတဲ့အခါမှာ ရွှေလုံဗိုလ်နဲ့ မန်းကျားကြီးတို့က ကရင်ဗမာ အင်အားစုကြီးကို ဦးဆောင်ပြီး ဆက်လက်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ မြန်မာတိုင်းရင်းသားတွေဟာ နိုင်ငံအောက်ဖျား မြိတ်၊ ထားဝယ်ဒေသတွေမှာ တော်လှန်ခဲ့ကြသလို မြန်မာ-အာသံနယ်စပ်မှာလည်း ခန္တီးရှမ်းနဲ့ ဂျိန်းဖောတို့က ခုခံတိုက်ခိုက်ခဲ့ကြပါတယ်။

ဒုတိယကျူးကျော်စစ်အပြီး တိုင်းရင်းသားတို့ရဲ့နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများမှာ ထင်ရှားခဲ့တဲ့ခေါင်းဆောင်တွေကတော့ ဓနုဖြူနယ်သား ဗိုလ်မြတ်ထွန်း၊ သာယာဝတီနယ်သား ဗိုလ်ခေါင်းကြီး၊ မလွန်မြို့ဝန် ဦးဗိုလ်၊ ပုသိမ်မြို့ဝန် ဦးငိုနဲ့ ရေကြည်နယ်သား ဦးသာဦးနဲ့ ဦးကျော်ဇံလှတို့ဖြစ်ကြတယ်။

တတိယကျူးကျော်စစ်အပြီးမှာတော့ ဆုံးရှုံးသွားတဲ့ လွတ်လပ်ရေးကို ပြန်လည်ရရှိဖို့အတွက် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားအားလုံးနဲ့ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးက အစဉ်တစိုက် ကြိုးပမ်းခဲ့ကြပါတယ်။ ထင်ရှားတဲ့ခေါင်းဆောင်တွေလည်း အများကြီးပါ။ အခုပြောခဲ့တဲ့ ကြိုးပမ်းချက်တွေဟာ လက်နက်စွဲကိုင်တော်လှန်ခဲ့ကြတာတွေပါ။ နိုင်ငံရေးအရ အမျိုးသားရေးလှုပ်ရှားမှုတွေကို ဘယ်လိုဆောင်ရွက်ခဲ့ကြတယ်ဆိုတာ ဆက်ပြောပါဦးမယ်။

နိုင်ငံရေးလှုပ်ရှားမှုတွေ ဆောင်ရွက်နိုင်ဖို့ ဘာသာရေးနဲ့ဆိုင်တဲ့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) ကို ၁၁-၂-၁၉၀၆ ခုနှစ် မှာဖွဲ့စည်းခဲ့ပါတယ်။ စေတီပုထိုးများပေါ်ကို နိုင်ငံခြားသားများ ဖိနပ်စီးနင်းတက်ရောက်မှုကို စတင်ကန့်ကွက်ရင်း အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွလာအောင် လှုံ့ဆော်ပေးခဲ့တဲ့ အသင်းကြီးပေါ့။ ဒီအသင်းကို နိုင်ငံရေးလှုပ်ရှားမှုများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးဆိုတဲ့ ရည်မှန်းချက်နဲ့ ၁၉၂၀ပြည့်နှစ်မှာမြန်မာအသင်းချုပ်ကြီး (ဂျီစီဘီအေ) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး နယ်ချဲ့အစိုးရကို ဆန့်ကျင်သပိတ်မှောက်တာတွေ ဆက်တိုက်ဆောင်ရွက်ခဲ့ကြပါတယ်။

၅-၅-၁၉၃၄ ရက်နေ့မှာတော့ တို့ဗမာအစည်းအရုံးကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ လွတ်လပ်ရေးသည် ပထမ၊ ဒုတိယ၊ တတိယဆိုတဲ့ ကြွေးကြော်သံနဲ့ လုံးဝလွတ်လပ်ရေးကိုသာ ရယူရန် တိုက်ပွဲဝင်ခဲ့တဲ့ အဖွဲ့ကြီးဖြစ်သလို အစည်းအရုံးဝင်တွေရဲ့ နာမည်ရှေ့မှာ သခင်ဆိုတာကိုတပ်ခဲ့ကြပြီး မြန်မာတို့ဟာ သခင်မျိုးဖြစ်ကြောင်းကို ပြခဲ့ကြပါတယ်။ သခင်အောင်ဆန်းဟာ တို့ဗမာအစည်းအရုံးရဲ့ အထွေထွေအတွင်းရေးမှူး တာဝန်ယူခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို ဆင်နွှဲခဲ့ပါတယ်။

၃-၉-၁၉၃၉ ရက်နေ့ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာလို့ နယ်ချဲ့အင်္ဂလိပ်တို့ အခက်အခဲဖြစ်လာချိန်ကို အခွင့်ကောင်းယူပြီး နယ်ချဲ့အစိုးရကို အပြုတ်တိုက်ဖို့ သခင်မြနဲ့ သခင်အောင်ဆန်းတို့ဦးဆောင်ပြီး ပြည်သူ့အရေးတော်ပုံပါတီကို ဖွဲ့စည်းလိုက်ပါတယ်။ အဲဒီနှစ် အောက်တိုဘာလမှာ နိုင်ငံရေးအဖွဲ့အစည်းတွေ ညီညွတ်စွာပေါင်းစည်းထားတဲ့ ဗမာ့ထွက်ရပ်ဂိုဏ်းကို ဒေါက်တာ ဘမော် ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးအဖြစ် သခင်အောင်ဆန်းတို့နဲ့ ဖွဲ့စည်းခဲ့ကြပါတယ်။ အဲဒီအချိန်မှာတော့ မြန်မာတို့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုများဟာ လွတ်လပ်ရေးကို တောင်းဆိုနိုင်တဲ့အထိ အရှိန်ကောင်းကောင်းနဲ့ မြင့်မားလာတာကို တွေ့ရပါတယ်။

ဒါပေမယ့်လည်း မြန်မာ့လွတ်လပ်ရေးအတွက် နိုင်ငံရေးတိုက်ပွဲတစ်ခုတည်းနဲ့ မရနိုင်တာကြောင့် တပ်မတော်တစ်ရပ်ဖွဲ့စည်းတည်ထောင်ဖို့ ဆောင်ရွက်ခဲ့ကြပြန်ပါတယ်။ ဟိုင်နန်ကျွန်းမှာ စစ်ပညာသင်ကြားခဲ့တဲ့ ရဲဘော်သုံးကျိပ်နဲ့ အစပြုပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ဖွဲ့စည်းခဲ့ကြပါတယ်။ တပ်မတော်ကို ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၊ ဗမာ့တပ်မတော် (ဘီအန်အေ)၊ မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်)ဆိုပြီး အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ကြပါတယ်။ ဖက်ဆစ်ဂျပန်နဲ့ပေါင်းပြီး နယ်ချဲ့အင်္ဂလိပ်ကို တိုက်ခိုက်ခဲ့သလို နယ်ချဲ့အင်္ဂလိပ်နဲ့ပေါင်းပြီး ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့ကြရပါတယ်။ တပ်မတော်အကြောင်းကိုတော့ အကြောင်းတိုက်ဆိုင်တဲ့အချိန် အသေးစိတ်ပြောပြပေးပါမယ်။

မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိန်ဝန်ကြီးချုပ်အက်တလီနဲ့ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့တို့ရဲ့ စာချုပ်ချုပ်ဆိုပွဲကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်မှ ၂၈ ရက်နေ့အထိ လန်ဒန်မြို့မှာ ကျင်းပခဲ့ပါတယ်။ စာချုပ်အတွက် ဆွေးနွေးနေကြတဲ့အချိန်မှာပဲ တိုင်းရင်းသားအချို့ရဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ သူတို့ကိုယ်စားလှယ်မဟုတ်လို့ တောင်တန်းဒေသရဲ့ အနာဂတ်ရေးအတွက် ဆွေးနွေးပိုင်ခွင့်မရှိဘူးတို့၊ ခေါင်းဆောင်အချို့က ဗြိတိန်အထိသွားပြီး လွတ်လပ်ရေးမလိုချင်ပါဘူးတို့ပြောတဲ့အထိ သွေးကွဲနေခဲ့ကြတာကို တွေ့ရပါတယ်။

မြန်မာကိုယ်စားလှယ်အဖွဲ့အတွင်းမှာလည်း ဇန်နဝါရီလ ၂၆ ရက်နေ့ အပြီးသတ်ဆွေးနွေးပြီးချိန်မှာ သခင်ဗစိန်နဲ့ ဦးစောတို့က လက်မှတ်ရေးထိုးဖို့ ငြင်းဆန်ခဲ့ကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ သဘောတူညီချက်ဖြစ်လို့ ၂၇-၁-၁၉၄၇ ရက်နေ့မှာ အောင်ဆန်း-အက်တလီစာချုပ်ကို တာဝန်ယူလက်မှတ်ရေးထိုးခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ လန်ဒန်မှာ စာချုပ်လက်မှတ်ရေးထိုးပြီး ရက်ပိုင်းအတွင်းမှာပဲ တောင်တန်းဒေသခေါင်းဆောင်များနဲ့ ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နေ့လယ်အထိ တောင်တန်း၊ ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွရယူကြရန် ဆွေးနွေးခဲ့ကြပါတယ်။

ဒီနေရာမှာ ဖေဖော်ဝါရီလ ၁၁ ရက်ည ပင်လုံမြို့မှာပြုလုပ်တဲ့ စော်ဘွားများရဲ့ညစာစားပွဲမှာ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့ မိန့်ခွန်းကောက်နုတ်ချက်လေး ပြောပြလိုပါသေးတယ်။

“တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ ပူးပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်ကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိမယ်” လို့ ပြောခဲ့တာကိုကြည့်ရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အလွန်အရေးကြီးတယ်ဆိုတာ အဲဒီအချိန်ကတည်းက ထောက်ပြပေးခဲ့တာပါ။

၁၂-၂-၁၉၄၇ ရက်နေ့ နံနက် ၁၀ နာရီမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ကချင်၊ ချင်း၊ ရှမ်းအမျိုးသားကိုယ်စားလှယ်ကြီးများဟာ ခွင့်တူညီမျှ တစ်လုံးတစ်စည်းတည်း နေထိုင်ကြတော့မယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဲဒီညီညွတ်မှုကြောင့်ပဲ ၄-၁-၁၉၄၈ ရက်နေ့မှာ မြန်မာတစ်နိုင်ငံလုံးဟာ လွတ်လပ်တဲ့အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ တိုင်းရင်းသားအားလုံးရဲ့ စည်းလုံးညီညွတ်မှုအင်အားကို ပြသနိုင်ခဲ့တဲ့အပြင် အဲဒီအင်အားနဲ့ပဲ လွတ်လပ်ရေးကို အရယူနိုင်ခဲ့တာဖြစ်လို့ နှစ်စဉ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့လို့ အမွှန်အမြတ်သတ်မှတ်လာခဲ့ကြတာ ဒီနှစ်ဆိုရင် နှစ် ၇၀ တိုင်ခဲ့ပါပြီ။

အခုလောက်ဆို ပြည်ထောင်စုနေ့ဆိုတာကို အနှစ်သာရရှိရှိ သိမြင်နိုင်လောက်ပြီလို့ ထင်ပါတယ်။ ဒါ့အပြင် နယ်ချဲ့အင်္ဂလိပ်တွေရဲ့မြန်မာနိုင်ငံအပေါ် နှစ်ရှည်လများ သွေးခွဲအုပ်ချုပ်ခဲ့ကြလို့ ရရှိခဲ့တဲ့အကျိုးဆက်တွေ၊ အမွေဆိုးတွေအပေါ် သင်ခန်းစာဖော်ထုတ်ပြီး ပြည်ထောင်စုစိတ်ဓာတ်တို့၊ ပြည်ထောင်စုမပြိုကွဲရေးတို့ဟာ နိုင်ငံအတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိမြင်လောက်ပြီလို့ ယုံကြည်နေမိပါတယ်။

သားတို့သမီးတို့ရေ.....

စာလည်း အတော်ရှည်သွားပြီဆိုတော့ တိုင်းပြည်ကို အဘက်ဘက်က တိုးတက်စေချင်ရင် စည်းလုံးညီညွတ်မှုကို အခြေခံရပါမယ်။ စည်းလုံးညီညွတ်မှငြိမ်းချမ်းမှာပါ။ ငြိမ်းချမ်းမှ တည်ငြိမ်ပါမယ်။ တည်ငြိမ်မှ အရာရာကို စိတ်အေးချမ်းစွာ ဆောင်ရွက်နိုင်ကြမှာပါ။ ဒါမှလည်း ဖွံ့ဖြိုးတိုးတက်ပါလိမ့်မယ်ဆိုတာကို စကားလက်ဆောင်ပေးရင်း ဒီစာကို အဆုံးသတ်လိုက်ပါတယ်။

သားတို့ သမီးတို့အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ....။ ။

❐ ကျောဖုံးမှ

စိတ်ထားခံယူချက်နှင့် လုပ်ဆောင်ချက်များ ပြုပြင်ပြောင်းလဲရေး၊ ဆုပေးဒဏ်ပေးစနစ်ကို ကျင့်သုံးဆောင်ရွက်ရေး၊ အခွန်ပညာပေးမှု ပိုမိုလုပ်ဆောင်ရေး၊ နိုင်ငံတကာ အဆင့်မီအခွန်စနစ်ဖြစ်ပေါ်လာစေရေးတို့အတွက် ပြည်ပမှကျွမ်းကျင်သူများ၏ အကူအညီကိုပါရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ ဒုတိယဝန်ကြီးက ပြည်ထောင်စု၏ အခွန်အကောက်ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအတွက် ကောက်ခံခဲ့သည့် အခွန်အကောက် အမျိုးအစားပေါင်း ၁၈ မျိုးရှိခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အခွန်အမျိုးအစား သုံးမျိုး အသစ်ထပ်မံတိုးခဲ့ရာ စုစုပေါင်းကောက်ခံရမည့် အခွန်အကောက်သည် ၂၁ မျိုးဖြစ်လာပါကြောင်း၊ အသစ်တိုးလာသည့် အခွန်အကောက် သုံးမျိုးမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ကောက်ခံမည့် မှတ်ကောင်၊ ဝတ်ဆံ၊ တွင်းခွန်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ကောက်ခံမည့် ခရီးသွားလာရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်တို့နှင့် စပ်လျဉ်းသည့် လိုင်စင်ကြေးနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အထူးခွန်ဥပဒေအရ ပြဋ္ဌာန်းကောက်ခံမည့် အထူးကုန်စည်ခွန်တို့ဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အခွန်အကောက် ရငွေလျာထားချက် မူလခန့်မှန်းခြေစာရင်းအရ ကျပ် ၆၂၁၉ ဒသမ ၇၅၉ ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပထမခြောက်လပတ် အခွန်အကောက်အမျိုး ၂၀ မှကောက်ခံရန်လျာထားချက်မှာ ကျပ် ၂၁၄၁ ဒသမ ၈၃၃ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှု ကျပ် ၂၅၄၈ ဒသမ ၄၀၁ ဘီလီယံဖြစ်သည့်အတွက် အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၁၈ ဒသမ ၉၈ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပထမခြောက်လပတ် အခွန်အကောက်လျာထားချက် ကျပ် ၂၀၂၇ ဒသမ ၆၄၂ ဘီလီယံဖြစ်ပြီး အမှန်ကောက်ခံရရှိငွေ ၂၃၅၇ ဒသမ ၈၀၅ ဘီလီယံဖြစ်သည့်အတွက် အကောင်အထည်ဖော်နိုင်မှု ၁၁၆ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်ခဲ့ပါကြောင်း၊ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ပိုမိုတိုးတက်ကောက်ခံရရှိသည့် အခြေအနေဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်နိုင်မှုနှင့်ပတ်သက်ပြီး တာဝန်ယူကောက်ခံခဲ့သည့်ဌာနများအလိုက် ခွဲခြားတင်ပြရမည်ဆိုပါက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူကောက်ခံသည့်အခွန်ခြောက်မျိုးအတွက် အခွန်ကောက်ခံရန် လျာထားချက် ကျပ် ၁၆၄၅ ဒသမ ၈၀၈ ဘီလီယံ၊ ကောက်ခံရရှိမှု ကျပ် ၁၉၈၁ ဒသမ ၉၇၇ ဘီလီယံဖြစ်သဖြင့် အကောင်အထည်ဖော်နိုင်မှု ၁၂၀ ဒသမ ၄၂ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အခြားပြည်ထောင်စုဝန်ကြီးဌာန ရှစ်ခုက တာဝန်ယူကောက်ခံသော အခွန် ၁၄ မျိုးအတွက် လျာထားချက် ကျပ် ၄၉၆ ဒသမ ၀၂၅ ဘီလီယံ၊ ကောက်ခံရရှိမှု ကျပ် ၅၆၆ ဒသမ ၄၂၄ ဘီလီယံဖြစ်သည့်အတွက် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၁၁၄ ဒသမ ၁၉ ရာခိုင်နှုန်း ဖြစ်ပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။


ဒေါက်တာ ထွန်းနိုင်


ဗိုလ်ချုပ် သန်းထွဋ်


ဦးမောင်မောင်ဝင်း

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ယနေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ဥပဒေကြမ်းများရေးဆွဲမှုအခြေအနေ၊ နည်းဥပဒေများ၊ မထုတ်ပြန်ရသေးသော ဥပဒေများနှင့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကို ဘာသာပြန်ဆိုပေးရေးတို့နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ထိုသို့ ရှင်းလင်းတင်ပြရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် အသုံးစရိတ်လျာထားချက်တွင် သာမန်သုံးစရိတ်ငွေကျပ် ၃၂၆၁၁ ဒသမ ၂၈၀ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၇၉၅၃၇ ဒသမ ၄၂၀ သန်း၊ စုစုပေါင်းငွေကျပ် ၁၁၂၁၄၈ ဒသမ ၇၀၀ သန်း လျာထားတင်ပြထားပါကြောင်း၊ သာမန်အသုံးစရိတ် ၃၂၆၁၁ ဒသမ ၂၀၀ သန်းမှာ လစာနှင့် အုပ်ချုပ်မှုသုံးအတွက် သာမန်အသုံးစရိတ် ငွေကျပ် ၂၀၃၅၇ ဒသမ ၅၀၇ သန်း၊ ထောက်ပံ့အသုံးစရိတ် ငွေကျပ် ၁၂၂၅၃ ဒသမ ၇၇၃ သန်းတို့ကို တင်ပြခြင်းဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု(ငွေလုံးငွေရင်းအသုံးစရိတ်) လျာထားချက် ငွေကျပ် ၇၉၅၃၇ ဒသမ ၄၂၀ သန်းမှာ ဆောက်လုပ်ရေးအသုံးစရိတ် ကျပ် ၁၇၀၇ ဒသမ ၅၆၀ သန်း၊ အခြားအသုံးစရိတ် ကျပ် ၈၂ ဒသမ ၇၀၀ သန်းတို့ကို တောင်းခံခြင်းဖြစ်ပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့်အညီ ဘဏ္ဍာငွေအခြေအနေပေါ် ချင့်ချိန်လျက် နယ်စပ်ဒေသများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်ဆောင်ရွက်ရန်လိုအပ်သည့် Infrastructure လုပ်ငန်းများနှင့် နိုင်ငံတော်အကြီးအကဲများ လမ်းညွှန်ချက်၊ လွှတ်တော်ကတိကဝတ်များ၊ တိုင်း/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တင်ပြချက်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ တင်ပြချက်များ၊ ငြိမ်းချမ်းရေးနှင့် (IDP) ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ စားဝတ်နေရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းများကိုသာ ရန်ပုံငွေအနည်းဆုံးဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးလျာထားတောင်းခံထားခြင်း ဖြစ်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့်စပ်လျဉ်း၍ တင်ပြလျာထားချက်များအပေါ် အကြံပြုပေးနိုင်ပါရန်နှင့် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာနှစ်နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော ဦးစီးဌာနများနှင့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများက ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ် တင်ပြငွေကျပ် ၆၄၇ ဒသမ ၈၅၁ ဘီလီယံတွင် ဆောက်လုပ်ရေးအသုံးစရိတ် ကျပ် ၇၅ ဒသမ ၆၄၈ ဘီလီယံ၊ စက်ပစ္စည်းအသုံးစရိတ် ကျပ် ၅၁၆ ဒသမ ၅၇၈ ဘီလီယံ၊ အခြားအသုံးစရိတ်ကျပ် ၅၅ ဒသမ ၆၂၅ ဘီလီယံပါဝင်ပါကြောင်း၊ ချေးငွေကျပ် ၃၆၉ ဒသမ ၈၅၉ ဘီလီ ယံအကူအညီရငွေ (ထောက်ပံ့ငွေ)ကျပ် ၃ ဒသမ ၂၀၃ ဘီလီယံပါဝင်ပါကြောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပမှ ဆောင်ရွက်သော ကော်ပိုရေးရှင်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များမှာ ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ် စုစုပေါင်း ကျပ် ၇၁ ဒသမ ၈၄၆ ဘီလီယံတွင် ဆောက်လုပ်ရေးအသုံး စရိတ် ကျပ် ၁ ဒသမ ၂၂၄ ဘီလီယံ၊ စက်ပစ္စည်းအသုံးစရိတ်ကျပ် ၆၂ ဒသမ ၆၅၉ ဘီလီယံ၊ အခြားအသုံးစရိတ် ကျပ် ၇ ဒသမ ၉၆၃ ဘီလီယံရှိပြီး ချေးငွေအနေဖြင့် ကျပ် ၃၆ ဒသမ ၃၈၅ ဘီလီယံ ပါဝင်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မဖြစ်မနေအကောင် အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို ဥပဒေကြမ်း၌ တင်ပြထားသည့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ ကျပ် ၆၄၇ ဒသမ ၈၅၁ ဘီလီယံဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် သာမန်ရငွေ လျာထားချက်များကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ရေး၊ သာမန်အသုံးစရိတ်များကို ထိရောက်အကျိုးရှိစွာ သုံးစွဲပြီး နွေရာသီ ဓာတ်အားမပြတ်တောက်ရေး၊ ယူနစ်ပျောက်ဆုံးမှုလျော့ကျရေးတို့ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဌာန ၁၅ ခု၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့များမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

# နှစ်ပတ်ကြာမြင့်ချိန် မြို့တွင်းပတ်ယာဉ်လိုင်းပြေးဆွဲမှုများလာ၍ မှတ်တိုင်တွင် ခရီးသည်စုပုံမှုလျော့ကျ၊ ညပိုင်းသတ်မှတ်ချိန်ထိ ဆွဲပေးစေချင်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ဇန်နဝါရီ ၁၆ ရက်မှ အစပြုခဲ့သော YBS ယာဉ်လိုင်းအသစ် ပြောင်းလဲပြေးဆွဲရာတွင် ရက်သတ္တပတ် နှစ်ပတ်အလွန်ဖြစ်သော ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ခရီးသည်အများစု နံနက်ပိုင်း ၅ နာရီဝန်းကျင်အချိန်မှစ၍ စုပုံနေခြင်းမရှိသည်ကို ထူးခြားစွာမြင်တွေ့လာရသည်။



သို့သော် ယာဉ်ပေါ်တွင် ခရီးသည်အပြည့်ပါရှိမှ မောင်းနှင်ခြင်း၊ မှတ်တိုင်များတွင် ခရီးသည်စောင့်တင်ခြင်းအချို့ကို မြို့ပြင်သွား ယာဉ်လိုင်းများတွင်သာမက မြို့တွင်းပတ်ယာဉ်လိုင်းများ၏ ခရီးသည်အများဆုံး တက်-ဆင်းသော မော်တင်(လမ်းသစ်)၊လမ်း(၅၀)၊ ဗိုလ်တထောင်ဘုရားလမ်းမှတ်တိုင်များတွင် မြင်တွေ့ရဆဲဖြစ်သည်။

မဟာဗန္ဓုလလမ်းသွား ယာဉ်လိုင်းတွင် မှတ်တိုင်ပေါင်း စ-ဆုံး ၂၄ ခု ရှိရာ မှတ်တိုင်တစ်တိုင်လျှင် ခရီးသွား ငါးဦးဖြင့်တွက်လျှင်ပင် ခရီးသွား တစ်ရာအထက်ရှိသည်။ မြေပြင်တွင်မူ သခင်မြပန်းခြံ၊ မော်တင်-၁၅ လမ်း-မောင်ခိုင်မှတ်တိုင်များတွင် ပျမ်းမျှ ၁၀ ဦးဝန်းကျင် စီးနင်းပြီး များသောအားဖြင့် တိုးဝှေ့ စီးနင်းနေမှုမြင်တွေ့ရဆဲဖြစ်သည်။

ယခုအခါ နံနက် ၅ နာရီခွဲဝန်းကျင်တွင် မြို့တွင်းပတ်ယာဉ်လိုင်းပြေးဆွဲမှု မြင်တွေ့ရပြီး ညပိုင်းသတ်မှတ်ချိန်ထိ လိုင်းကားများပြေးဆွဲပေးရန် ဆန္ဒရှိနေကြသည်။ မှတ်တိုင်များတွင်လည်း စုပုံနေသည်ကို ညပိုင်းတွင် မြင်တွေ့နေရဆဲဖြစ်သည်။ ည ၁၀ နာရီ အထိ ပြေးဆွဲရန် စီစဉ်နေမှုတွင် ယင်းယာဉ်လိုင်းများနှင့် ချိတ်ဆက်ပြေးဆွဲနေသော မြို့တွင်းပတ်ယာဉ်လိုင်းများအနက် ခရီးသွားအများဆုံး မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းသွား မြို့တွင်း ပတ်ယာဉ်လိုင်းများပါ အကျုံးဝင်စေလိုသည်။ သို့မှသာ ကြားကား ယာဉ်မျိုးစုံစီးနင်းနေရပြီး ငွေကြေးပိုမိုကုန်ကျနေရ ခြင်းလျော့ပါးသွားမည်ဟု တာမွေသို့ပြန်သည့် အလုပ်သမားများက ပြောဆိုသည်။

ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီဝန်းကျင် သခင်မြ ပန်းခြံစုရပ်မှ မော်တင်(လမ်းသစ်) မှတ်တိုင် မဟာဗန္ဓုလလမ်းသို့ရောက်ရှိလာသော ယာဉ်ကြီးအသစ် 7M/---- တွင် ခရီးသည်နှစ်ဦးသာပါသည့်အတွက် ယင်းမှတ်တိုင်မှ ယာဉ်စီးရန် စောင့်ဆိုင်းနေသူအားလုံး အဆင်ပြေစွာ စီးနင်းလိုက်ပါနိုင်သည်ကို ကြုံတွေ့ခဲ့ရသည်ဟု လမ်းမတော်မြို့နယ်နေတစ်ဦးက ဆိုသည်။

ခရီးသည် စီးနင်းမှုများသော မဟာဗန္ဓုလလမ်းကြောင်းသွား မြို့တွင်းပတ်ယာဉ်လိုင်းတွင် ခေါက်ရေ ၁၀ ထက်ပိုမိုပြေးဆွဲနိုင်ပြီး ဝင်ငွေမှာလည်း ငွေကျပ်တစ်သောင်းအထက်ရရှိနေသည့် ယာဉ်ငယ်အများစုတွင် မြင်တွေ့ရသည်။

ယာဉ်ပြေးဆွဲမှုစနစ်ပြောင်းလဲလာသော်လည်း အလေ့အကျင့်၊ အပြုအမူ ပြောင်းလဲမှုများ မပြောင်းလဲသေးခြင်း အမူအကျင့်အချို့ ကျန်ရှိနေသေးသဖြင့် ကြပ်မတ်အရေးယူ ဆောင်ရွက်မှုများ တစ်ပြေးညီရှိရန် လိုအပ်နေသည်။ သို့မှသာ ခရီးသွားများ ကာလရှည်ခံစားခဲ့ရသော ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် ယာဉ်လမ်းကြောင်းပေါ်မှ အခက်အခဲနှင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲခြင်းများ လျော့ကျလာနိုင်မည်။

ယခင်တွေ့ကြုံခဲ့ရသော လသာကွေ့၊ ကုန်ဈေးတန်းကွေ့လိုင်းကားများ၊ ဘုန်းကြီးလမ်း-လမ်း၄၀၊ ဆူးလေ-မော်တင်စသည့် မှတ်တိုင်များတွင် ရထားတွဲကဲ့သို့ တန်းစီရပ်၊ ကားဟွန်းသံဆူညံ၊ ယာဉ်လမ်းကြောင်းပိတ်နေသည့် လိုင်းကားများ မြင်တွေ့ရမှုနည်းလာသည်။

သို့သော် မှတ်တိုင်အရောက်မသွားခြင်း၊ လမ်းလယ်ကြောတွင် ခရီးသည် အတင်အချပြုလုပ်ခြင်း၊ လိုင်းကား ယာဉ်ကြော အမှန်အတိုင်းသွားလာ မောင်းနှင်မှုမရှိခြင်းများ အစပြုမြင်တွေ့လာရရာ အရေးယူမှု အားနည်းလျှင် ယခင်စနစ်ဟောင်းအတိုင်း ပြန်လည်ရောက်ရှိသွားမည်ကို ခရီးသွားများ စိုးရိမ်ပူပန်နေကြသည်။

**ခင်ဆိုင်**



# လာအိုနိုင်ငံဝန်ကြီး ရွှေတိဂုံစေတီ ဖူးမြော်ကြည်ညို

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပညာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး H.E. Mrs. Sengdeuane LACHANTHABOUNE သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ရွှေတိဂုံစေတီသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

**လှည့်လည်ဖူးမြော်ကြည်ညို**

ထို့နောက် လာအိုဝန်ကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်အားပန်း၊ ရေချမ်း၊ ဆီမီးအမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းပြီး အလှူငွေများပေးအပ်လှူဒါန်းကာ လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**

# ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၃၁**

Greater Mekong Initiative ၏အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇို အာဘေး၏ဇနီး Mrs. Akie Abe နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇို အာဘေး၏ ဇနီးနှင့် အဖွဲ့သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘာ့ဗုဒ္ဓဝိပဿနာဗိမာန်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သုခကာမီသီလရှင်သင်ပညာရေးကျောင်း **(အောက်ပုံ)**၊ ဇလွန်သီလရှင်သင်ပညာရေးကျောင်း၊ ပညာသိဂီသီလရှင်သင်ပညာရေးကျောင်း၊ အပမာဒသီလရှင်သင် ပညာရေးကျောင်းနှင့် ပုညဝိသုဒ္ဓိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ယင်းသို့သွားရောက် ကြည့်ရှုလေ့လာစဉ် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ဇနီးနှင့်အဖွဲ့၊ အလှူရှင်များသည် ပညာရေးစာသင်ကျောင်း တစ်ကျောင်းလျှင် ငွေကျပ် သိန်း ၅၀ နှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**



# နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၁**

ကျောင်းသားလူငယ်များ တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်ခြင်းမှ ရရှိလာသည့် အနှစ်သာရများကို သိရှိတန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ဆရာမ ဒေါ်ဝင်းမာက ဟောပြောပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြား



ပြီး ဆရာနိုင်ဇေရ (မန်းတက္ကသိုလ်)က ပြည်ထောင်စုအိမ်ခေါင်းစဉ်ဖြင့် စတင်ဟောပြောခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုထဲက ကဗျာခေါင်းစဉ်ဖြင့် ကဗျာဆရာ စောချိုသာက လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုကော်မတီဝင် ဦးခင်မောင်ငြိမ်း (မြန်ဂုဏ်ဆောင်)က သွေးတူသားတူ သွေးချင်းတို့၏ ပြည်ထောင်စု စည်းလုံးခိုင်မာစွာ တည်ဆောက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မိုယ်းကြွေက ဟောပြောခဲ့ကြသည့် စာရေးဆရာများကို ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ် အသေးကပ်ထားရန်နှင့် ဆင်ဆာလက်မှတ် အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုရန်နှိုးဆော်ခြင်း

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ဗီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို ကပ်ထားရမည်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂၅ (ခ)တွင် ဖော်ပြထားရှိပြီးဖြစ်ပါသည်။ ဆင်ဆာလက်မှတ် အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့် တိုက်ရိုက်တိုက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂ အရ သတ်မှတ်ထားပြီး ဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုကာရာအိုကေလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာ လက်မှတ်အသေးကပ်ထားရန်နှင့် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာအသုံးပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့၊**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုနေ့တွင် တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေမည့် ယဉ်ကျေးမှုကိုယ်စားလှယ်များ နေပြည်တော်သို့ ဆက်လက်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ရန် ယနေ့ မွန်းလွဲ ၁ နာရီမှစတင်၍ မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ လေကြောင်းခရီးဖြင့် လည်းကောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ အသီးသီးရောက်ရှိကြသည်။

အဆိုပါ ယဉ်ကျေးမှုအဖွဲ့ဝင်များအား နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် လှိုက်လှဲစွာကြိုဆိုကြပြီး တည်းခိုဆောင်များအလိုက် နေရာချထားရေးကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယနေ့ ရောက်ရှိလာကြသည့် ကိုယ်စားလှယ်များမှာ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့ဖြစ်ကာ ညပိုင်းတွင် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး အဖွဲ့တို့ ရောက်ရှိလာပြီး ကယားပြည်နယ် ယဉ်ကျေးမှုအဖွဲ့မှာ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲပိုင်းက ရောက်ရှိပြီးဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်ခြံစည်းရိုးကို မောင်တောဒေသခံပြည်သူများက အဆင့်မြှင့်တင်စေလို

**မောင်တော ဇန်နဝါရီ ၃၁**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်အဖြစ် ကာရံထားသည့် သွပ်ဆူးကြိုးခြံစည်းရိုး (**ယာပုံ**)ကို ရခိုင်ပြည်နယ် မောင်တောဒေသရှိ ဒေသခံပြည်သူများက ပြန်လည်ပြင်ဆင်ပြီး အဆင့်မြှင့်တင်စေလိုကြောင်း သိရသည်။

မောင်တောမြို့ အနောက်ဘက် ၅ ဖာလုံခန့်အကွာတွင် စိုက်ထူထားပြီး နယ်စပ်ခြံစည်းရိုး ခတ်ခြင်းလုပ်ငန်း လွယ်ကူစေရန် ရေးမှတ်ထားသည့် နယ်စပ်ခြံစည်းရိုးတိုင်အမှတ် ၇၉၆၊ ၁၀၆၅၊ ၁၁၈၀ နှင့် အနီးတစ်ဝိုက်တို့တွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံလွယ်ကူစွာ ကူးလူးသွားလာနိုင်သည့် ခြံစည်းရိုး အပေါက်ကြီးများ ဖြစ်ပေါ်နေသည်။

"ဟိုဘက်နိုင်ငံနဲ့ ဒီဘက်နိုင်ငံ လွယ်ကူစွာသွားလာလိုကြတဲ့သူတွေက ဖျက်ဆီးကြတယ်၊ အပေါက်တွေ ဖောက်ကြတယ်၊ သံဆူးကြိုးတွေကလည်း ဆားငန်လေနဲ့ ဆားငန်ရေဒဏ်မခံနိုင်ဘူး၊ ဖြစ်နိုင်ရင်တော့ အုတ်တံတိုင်းမြင့်မြင့် ခတ်စေချင်တယ်၊ နယ်စပ်ခြံစည်းရိုးကို အဆင့်မြှင့်တင်စေချင်တယ်၊ ဒေသခံပြည်သူတွေအားလုံးကလည်း နယ်စပ်ခြံစည်းရိုးကို သေသေချာချာလေး အဆင့်မြှင့်တင်စေချင်ကြပါတယ်၊ ဒါမှလည်း နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးကို ပိုမိုဆောင်ရွက်နိုင်မယ်၊ နယ်စပ်ဖြတ်ကျော်မှုခင်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ဖော်ထုတ်နိုင်မယ်၊ ကာကွယ်နိုင်မှာဖြစ်ပါတယ်"ဟု မောင်တောမြို့ မြို့မိမြို့ဖ ဦးမောင်ဦးသာက ပြောသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်းနယ်နိမိတ် ၁၂၈ ဒသမ ၇၅ မိုင်နှင့် ရေနယ်နိမိတ် ၃၉ ဒသမ ၈၂ မိုင် ထိစပ်လျက်ရှိသည်။

၂၀၀၉ ခုနှစ် မတ် ၁၃ ရက်တွင် မြန်မာနိုင်ငံဘက်မှ နယ်နိမိတ်မျဉ်း Zero Line နှင့် ပေ ၁၅၀ အကွာ မြန်မာ့နယ်မြေအတွင်း သွပ်ဆူးကြိုးကာရံခြင်းကို မောင်တောမြို့ တောင်ဘက်ကုန်းချောင်းဝမှစ၍ နယ်ခြားမှတ်တိုင် BP 32 အထိ အလျား ၃၈ ဒသမ ၁၀၈ မိုင်ကို သံကူကွန်ကရစ် တစ်ဖက်ချ ခြံစည်းရိုး ၁၀ ပေအမြင့် သွပ်ဆူးကြိုး ၁၄ တန်းဖြင့် နယ်စပ်ခြံစည်းရိုးကာရံခြင်း ပထမအဆင့်ကို လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် BP 32 မှ BP 54 အထိ စုစုပေါင်း ၃၆ ဒသမ ၆၆ မိုင်ကို နယ်စပ်ခြံစည်းရိုးကာရံခြင်း ဒုတိယအဆင့်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် မေ ၃၁ ရက်တွင် BP 54 မှ BP 66 အထိကို နယ်စပ်ခြံစည်းရိုးကာရံခြင်း တတိယအဆင့်အဖြစ်လည်းကောင်း အပြီးကာရံခဲ့သည်။ သို့သော် BP 66 မှ BP 67 ကြားကိုမူ တောတောင်ထူထပ်ပြီး လူနေထိုင်ခြင်းမရှိသဖြင့် ဆက်လက်ကာရံရန်ကျန်ရှိပြီး BP 31 မှ BP 54 ထိကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်ကြည့်ရှုစစ်ဆေးနိုင်ရန် နယ်စပ်ခြံစည်းရိုးနှင့် ကပ်လျက် ပတ်လမ်းဖောက်လုပ်ထားကြောင်း သိရသည်။

နယ်စပ်ခြံစည်းရိုးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ နယ်စပ်ခြံစည်းရိုးကာရံခြင်း ပထမအဆင့်တွင် ပါဝင်ခဲ့သည့် တည်ဆောက်ရေးတာဝန်ခံတစ်ဦးက "ခြံစည်းရိုးပျက်စီးမှုတွေကို ပြည်ထဲရေးဝန်ကြီးဌာနကို တင်ပြထားပါတယ်၊ ပြည်ထဲရေးဝန်ကြီးဌာနက တစ်ဆင့် ရန်ပုံငွေချထားပေးမှာ ဖြစ်ပါတယ်၊ ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်၊ နယ်စပ်ခြံစည်းရိုး အဆင့်မြှင့်တင်စေလိုတဲ့ အပိုင်းကတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေ အရဆောင်ရွက်ရမှာ ဖြစ်ပါတယ်၊ နယ်စပ်အနေအထားအရ ခိုင်မာတဲ့ခြံစည်းရိုးတွေတည်ဆောက်မယ်ဆိုရင် ပိုကောင်းပါတယ်၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်၊ အပေါက်တွေကိုလည်း တစ်လတစ်ခါနီးပါး ပြန်လည် ပြုပြင်ပေးနေပါတယ်"ဟု ၎င်းက ဆိုသည်။



**မောင်ဖိုးဇော် (သတင်းစဉ်)**
**ဓာတ်ပုံ - မောင်ဇော်**

# မောင်တောမြို့နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအား အလှူငွေနှင့် ရိက္ခာဆန်များ ပေးအပ်လှူဒါန်း



**မောင်တော ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက်အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) ဖြစ်သည့် Muslim For Peace Foundation က အလှူငွေများနှင့် ရိက္ခာထောက်ပံ့ဆန်များကို ယနေ့တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ Muslim For Peace Foundation မှ အဖွဲ့ဝင်များဖြစ်ကြသည့် မစ္စတာ ဝါရာပွန်ခွန်တလီနှင့် မစ္စတာ ဗီရာပုံဆန်တာဒိုတို့သည် ယမန်နေ့ နံနက်ပိုင်းက လှူဒါန်းငွေကျပ် နှစ်သန်းကို မောင်တောဒေသရှိ တိုင်းရင်းသားများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် မောင်တောဒေသရှိ တပ်ဦးချောင်း၊ ဒုချီးရားတန်းနှင့် ဂေါ်ဒူသာရကျေးရွာအုပ်စုများမှ အစ္စလာမ်ဘာသာဝင်များအတွက် ရိက္ခာဆန်အိတ် ၃၀၀ ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

မစ္စတာ ဝါရာပွန်ခွန်တလီက "ကျွန်တော်တို့အဖွဲ့ဟာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်၊ မောင်တောဒေသမှာ ပထမဆုံးလာရောက်လှူဒါန်းတာဖြစ်ပါတယ်၊ လူ့အဖွဲ့အစည်း နှစ်ရပ်စလုံးကို ထောက်ပံ့ကူညီတာဖြစ်ပါတယ်၊ နောက်ထပ်လည်း လှူဒါန်းဖို့ ရှိပါတယ်"ဟု ဆိုသည်။

"လှူဒါန်းပေးအပ်တဲ့ ရိက္ခာဆန်တွေကို ကျေးရွာထဲက အိမ်ထောင်စုလူဦးရေအလိုက် မျှမျှတတခွဲဝေပေးသွားမှာ ဖြစ်ပါတယ်၊ အခုလို လာရောက်လှူဒါန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ကျေးရွာတွေဟာ အခုငြိမ်းငြိမ်းချမ်းချမ်းရှိနေပါပြီ" ဟု ဂေါ်ဒူသာရ(တောင်)ရွာ အုပ်ချုပ်ရေးမှူး ဦးတင်အောင်က ပြောသည်။

**မောင်ဇော်( သတင်းစဉ်)**
**ဓာတ်ပုံ - မင်းမင်း**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**ဘူးသီးတောင် ဇန်နဝါရီ ၃၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်အား/ကာဆပ်ကော်မတီနှင့် BTD CHESS CLUB တို့ကြီးမှူးကျင်းပသည့် (၇၀)နှစ်ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီက မြို့နယ်ပြန်/ဆက်ရုံးခန်းမ၌ ကျင်းပသည်။

**ပေးအပ်**

ပြည်ထောင်စုနေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲတွင် တစ်ဦးချင်းပထမဆုကို မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဖြူဖြူဝင်းကလည်းကောင်း၊ ဒုတိယဆုကိုနည်းပြ/နည်းစနစ်မှူး ဒေါ်နီလာဝင်းကလည်းကောင်း၊ တတိယဆုကို BTD CHESS CLUB အဖွဲ့ဝင် ဦးဇော်ဇော်ဦးကလည်းကောင်း၊ အသင်းလိုက်ပထမဆုကို မြို့နယ်စစ်တုရင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သာကလည်းကောင်း ပေးအပ်ခဲ့သည်။

ပြိုင်ပွဲတွင် ဝါသနာရှင် စစ်တုရင်ကစားသမားများ၊ တိုင်း/ခရိုင် လက်ရွေးစင်ကစားသမားများအပါအဝင် စုစုပေါင်းအဖွဲ့ငါးဖွဲ့ဖြစ်ပြီး ၃၀ စာရင်းပေးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် မြို့နယ်အား/ကာနည်းပြ/နည်းစနစ်မှူးက စည်းကြပ်ဒိုင်အဖြစ်ဆောင်ရွက်ပြီး ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ မြို့နယ်ပြန်/ဆက်ရုံးအနေဖြင့် အများပြည်သူများ ဝင်ထွက်သွားလာနိုင်သောနေရာနှင့် လူမှုရေးအသင်းအဖွဲ့များ လူမှုရေးကိစ္စများကို စုစည်းဆက်သွယ်နိုင်သော နေရာအဖြစ် မြို့နယ်ပြန်/ဆက်ရုံးခန်းမ၌ community center အဖြစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် မျိုးဆက်သစ်လူငယ်စစ်တုရင်ကစားသမားများ ထွက်ပေါ်လာပြီး မြို့နယ်ကိုယ်စားပြုကစားသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်ပြီး စစ်တုရင်ပြိုင်ပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်ဒိုနီးရှားနိုင်ငံအစိုးရ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဝေ

**နေပြည်တော် ဇန်နဝါရီ ၃၁**

အင်ဒိုနီးရှားနိုင်ငံအစိုးရက ပေးအပ်သော ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များဖြစ်သည့် ခေါက်ဆွဲခြောက် သေတ္တာ ၉၀၀၀၊ ဂျုံအိတ် ၃၂၂၀၊ ဘီစကွတ်သေတ္တာ ၁၀၅၀၊ လုံချည် အိတ် ၅၀ တို့မှာ ဇန်နဝါရီ ၂၁ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လွှဲပြောင်းလက်ခံရယူခဲ့သည်။




အဆိုပါ ထောက်ပံ့ပစ္စည်းများအား ခရိုင်ငါးခုသို့ ဖြန့်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မောင်တောဒေသအတွင်းရှိ ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေနိုင်ရေးအတွက် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော အဖွဲ့ခုနစ်ဖွဲ့ ဖွဲ့စည်း၍ ဇန်နဝါရီ ၂၇ ရက်မှ စတင်ထောက်ပံ့ပေးခဲ့ရာ ကျေးရွာအုပ်စု ၂၄ အုပ်စုရှိ ကျေးရွာ ၅၂ ရွာမှ အသိုင်းအဝိုင်း နှစ်ခုစလုံးမှ အိမ်ထောင်စုပေါင်း ၁၀၅၇၅ စု၊ လူဦးရေ ၉၉၁၆၈ အတွက် ဂျုံ ၂၁၄၇ အိတ်၊ ခေါက်ဆွဲခြောက် ၅၃၄၉ ဗူး၊ ဘီစကွတ် ၁၀၄၈ ဗူးနှင့် လုံချည် ၆၈၀၀ ထည်တို့ကို ဖြန့်ဝေပြီးဖြစ်ကြောင်း သိရသည်။

စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူ၊ သံတွဲခရိုင်တို့အတွက် ဖြန့်ဝေမှုများကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အာခံသူ အမေရိကန်ရှေ့နေချုပ်အား သမ္မတထရန့်က ရာထူးမှဖယ်ရှား



**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က နိုင်ငံ၏ရှေ့နေချုပ် ဆယ်လီယိတ်စ်အား ယမန်နေ့ညက ရာထူးတာဝန်မှ ဖယ်ရှားလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၃၁ ရက်က ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများနှင့် ကမ္ဘာ့ကပါ ဝေဖန်မှုများ ဖြစ်စေခဲ့သော ထရန့်၏လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် ဒုက္ခသည်လက်ခံမှုတားဆီးရေးအမိန့်များအပေါ် ထောက်ခံကာကွယ်မှုမပြုရန် ဆယ်လီယိတ်စ်က တရားရေးဌာနသို့ အမိန့်ထုတ်ပြန်ခဲ့သည်။

ထိုသို့ အမိန့်ထုတ်ပြန်ခဲ့ပြီး နာရီပိုင်းအတွင်း ယခုကဲ့သို့ ၎င်းအား ရှေ့နေချုပ်ရာထူးတာဝန်မှ အနားပေးလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

ဆယ်လီယိတ်စ်သည် တရားရုံးစိန်ခေါ်မှုများကို ဆန့်ကျင်သည့်အမိန့်ထုတ်ပြန်မှုကို တရားရေးရာဌာနက ကာကွယ်စောင့်ရှောက်လိမ့်မည် မဟုတ်ကြောင်း တနင်္လာနေ့နှောင်းပိုင်းက ပြောကြားခဲ့သည်။ ထရန့်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေထုတ်ပြန်မှုသည် တရားရေးရာအဖွဲ့အစည်း၏ တရားမျှတမှုကို ရှာဖွေလိုသည့် ဂုဏ်သိက္ခာရှိသည့် တာဝန်များနှင့် လိုက်လျောညီထွေမှုမရှိကြောင်း ပြောဆိုခဲ့သည်။

ထိုသို့ပြောဆိုမှုများ ပြုလုပ်ခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ၎င်းသည် ရာထူးမှ ဖယ်ရှားခြင်းကို ခံခဲ့ရသည်။ ယိတ်စ်သည် အမေရိကန်နိုင်ငံသားများကို ကာကွယ်ရန် တရားဥပဒေနှင့်အညီ ရေးဆွဲချမှတ်လိုက်သည့် အမိန့်ထုတ်ပြန်မှုကို ဗီဆန်ခြင်းဖြင့် တရားရေးဌာနကို သစ္စာဖောက်ခဲ့သည့်အတွက် ရာထူးမှ ဖယ်ရှားလိုက်ခြင်းဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

## သမိုင်းတွင် အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှုကို ချီလီရင်ဆိုင်နေရ

**ဆန်ဒီရာကို ဇန်နဝါရီ ၃၁**

ချီလီနိုင်ငံတွင် တစ်နိုင်ငံလုံးအနှံ့ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားသောကြောင့် သေဆုံးသူ ၁၁ ဦး ရှိလာပြီဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုဧရိယာသည် ၃၆၆၅၀၀ ဟက်တာရှိကြောင်း ချီလီနိုင်ငံသမ္မတ မီရှယ်ဘတ်ချက်လက်တ်က ယမန်နေ့က ပြောခဲ့သည်။

ယမန်နေ့ နေ့လယ်ပိုင်းအထိ ချီလီတစ်နိုင်ငံလုံးတွင် မီးလောင်ကျွမ်းသည့်နေရာ ၅၅ နေရာကို ထိန်းချုပ်နိုင်ခဲ့ပြီး ၁၁ နေရာကို မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ကျွမ်းနေဆဲဖြစ်သည့် ၅၈ နေရာကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်နေရဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လေယာဉ်နှင့် ရဟတ်ယာဉ်ပေါင်း ၃၉ စင်းသည် ဘေးဒုက္ခကျရောက်နေသည့် နေရာများတွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး မီးသတ်အင်အား ၇၀၀၀ နီးပါး လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း သိရသည်။ မီးသတ်တပ်ဖွဲ့အပြင် စစ်တပ်၊ မြို့နယ်နှင့် ခရိုင်အစိုးရဝန်ထမ်းများနှင့် ပုဂ္ဂလိကလုပ်ငန်းမှ စေတနာရှင်လုပ်အားပေးများလည်း ပါဝင်ဆောင်ရွက်နေကြောင်းသိရသည်။




တောမီး အဆိုးရွားဆုံး ခံစားခဲ့ရသည့် မူလီနှင့် ဘီလီအိုဒေသများတွင် ကယ်ဆယ်ရေးစခန်း ၄၂ ခု ဖွင့်လှစ်ခဲ့ကြောင်းသိရပြီး ပြည်လည်ထူထောင်ရေးလုပ်ငန်းများတွင် အခြေခံအဆောက်အအုံများအတွက် လိုအပ်သည့် ငွေကြေးများကို ချီလီအစိုးရက ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တောမီးလောင်မှုကို မစိုးရိမ်ကြရန်နှင့် ဘေးဒုက္ခခံရသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီသွားမည်ဖြစ်ကြောင်း ဘတ်ချက်လက်တ်က ပြောကြားခဲ့သည်။

ဘေးဒုက္ခခံစားခဲ့ရသော ဒေသရှိ ကလေးများ သုံးလအတွင်း ကျောင်းပြန်တက်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဘတ်ချက်လက်တ်က ပြောခဲ့သည်။

နိုင်ငံတော်သည် အရေးပေါ်အခြေအနေနှင့် ကြုံတွေ့နေရကြောင်း ကြေညာခဲ့ပြီး ယခုဖြစ်ပျက်မှုသည် ချီလီသမိုင်းကြောင်းတွင် အဆိုးရွားဆုံး မီးဘေးဒုက္ခဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ကန်သမ္မတဟောင်းဘုရှ် ဆေးရုံမှဆင်း

**ဝါရှင်တန် ဇန်နဝါရီ ၃၁**

အမေရိကန်သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်သည် နမိုးနီးယားရောဂါမှ သက်သာလာပြီးနောက် ယမန်နေ့က ဆေးရုံမှ ဆင်းလာပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အသက် ၉၂ နှစ်အရွယ်ရှိ ဘုရှ်သည် နမိုးနီးယားရောဂါကြောင့် ဟုစ်တန်မက်ဒေါ်ဒစ်ဆေးရုံတွင် နှစ်ပတ်ကြာဆေးကုသမှုခံယူပြီးနောက် ယခုအခါ ဆေးရုံမှ ဆင်းလာပြီဖြစ်ကြောင်း မိသားစုပြောရေးဆိုခွင့်ရှိသူ ဂျင်မက်ဂရေ့က သတင်းထုတ်ပြန်ချက်တွင် ပြောခဲ့သည်။

ဘုရှ်ဆေးရုံတက်နေစဉ် နေပြန်ကောင်းလာစေရန် ဆုတောင်းပေးသူများနှင့် စာပို့သူများအပြင် ဂရုတစိုက်ကုသပေးသော ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုအားလုံးကို ဘုရှ်အနေဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**


## ငြိမ်းချမ်းရေးစာချုပ်ကို ချိုးဖောက်သည်ဟု ယူကရိန်းနှင့် ရုရှား အပြန်အလှန်စွပ်စွဲ

**ကိရက်ဗ် ဇန်နဝါရီ ၃၁**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ယူကရိန်း အရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများကြောင့် သေကျေပျက်စီးရမှုများနှင့် တိုက်ပွဲများကြောင့် အရပ်သားများစွာတို့ ရေနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့မှုများနှင့် ပတ်သက်၍ ယူကရိန်းနှင့် ရုရှား နိုင်ငံတို့သည် အင်္ဂါနေ့တွင် တစ်ဖက်နှင့်တစ်ဖက် အပြစ်ဖို့ခဲ့ကြကြောင်း သိရသည်။

အစိုးရ ထိန်းချုပ်ထားသည့် အဗ္ဗဒီယစ်ဗကာစက်မှုလုပ်ငန်း မြို့နယ်တစ်ခုကို ကျူးကျော်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပြီး အပစ်အခတ်ရပ်စဲရေး မင့်စ် သဘောတူစာချုပ်ကို ဗီဆန်ကာ အမြောက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုအပေါ် ယူကရိန်းတပ်မတော်နှင့် ရုရှားကျောထောက်နောက်ခံပြုထားသည့် ခွဲထွက်ရေးသမားများသည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် စွပ်စွဲမှုများ လုပ်ဆောင်လျက်ရှိသည်။

ဒီဇင်ဘာလလယ်လောက်ကတည်းက စတင်ဖြစ်ပွားခဲ့သည့် ပြင်းထန်သော တိုက်ပွဲများကြောင့် တနင်္ဂနွေနေ့တွင် ယူကရိန်းတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးကာ ၂၆ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း အစိုးရဘက်မှ သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။



ရုရှားအစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီ ပက်စကော့

ရုရှားသည် မင့်စ်သဘောတူစာချုပ်ပါ အချက်အလက်များကို အလေးမထားဘဲ ကတိကဝတ်ဖောက်ဖျက်မှုများ ပြုလုပ်နေသည်ကို လတ်တလော ဖြစ်ပွားနေသည့် ကျူးကျော်တိုက်ခိုက်မှုများက အထင်အရှား ပြသနေသည်ဟု ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီတွင် သဘောတူညီ လက်မှတ်ရေးထိုးခဲ့သော်လည်း နှစ်ဖက်ပစ်ခတ်မှုများ ဖြစ်မြဲအတိုင်းဖြစ်ပွားလျက်ရှိပြီး အပစ်ရပ်စာချုပ်ကို ချိုးဖောက်လျက်ရှိကြောင်း နိုင်ငံတကာလုံခြုံရေးအဖွဲ့အစည်းများက အစီရင်ခံစာများ မကြာခဏ ပေးပို့ခဲ့ကြသည်။ **(ရိုက်တာ)**

## ဘာသာရေးအဆောက်အအုံအတွင်း သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့် တက္ကသိုလ်ကျောင်းသားတစ်ဦးကို ဖမ်းဆီးအရေးယူ

**တိုရွန်တို ဇန်နဝါရီ ၃၁**

ကနေဒါရှိ ဘာသာရေး အဆောက်အအုံတွင် ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုတွင် ပြင်သစ်လူမျိုး ကနေဒါနိုင်ငံသား တက္ကသိုလ်ကျောင်းသားတစ်ဦးက တစ်ကိုယ်တော်တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိခဲ့ရပြီးနောက်တွင် ၎င်းအား လူခြောက်ဦးကို ကြိုတင်ကြံစည်ကာ သတ်ဖြတ်ခဲ့မှုဖြင့် ဖမ်းဆီးအရေးယူလိုက်ကြောင်း ကနေဒါ အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒိုးသည် အဆိုပါ တိုက်ခိုက်မှုကို အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုအဖြစ် ကဲ့ရဲ့ရှုတ်ချခဲ့သည်။



တနင်္ဂနွေနေ့ ညနေခင်းတွင် ဆုတောင်းဝတ်ပြုသူများအား တိုက်ခိုက်ခဲ့မှုကို လုပ်ဆောင်ခဲ့သူမှာ အလက်ဇန်းဒရီးဘစ်စန်နက်တီ အသက်(၂၇ နှစ်) ဖြစ်ကြောင်း တရားရုံးက သက်သေအထောက်အထားများကို ဖော်ပြနိုင်ခဲ့ပြီး ၎င်းအားလူခြောက်ဦးကို သတ်ဖြတ်မှုနှင့် သေစေသည့်လက်နက်တစ်ခုဖြင့် လူသတ်ရန် ကြိုတင်ကြံစည်မှုတို့ဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့သည်။

တရားစွဲဆိုသူများက လာဗယ်တက္ကသိုလ်ကျောင်းသားတစ်ဦး ဖြစ်သည့် ဘစ်စန်နက်တီအား လာမည့် ဖေဖော်ဝါရီ ၂၁ ရက်တွင် ထပ်မံရုံးထုတ်စစ်ဆေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သေနတ်ပစ်ခတ်ခံရပြီး သေဆုံးသွားသူခြောက်ဦးထဲတွင် သားသတ်သမားတစ်ဦး၊ တက္ကသိုလ်ပါမောက္ခတစ်ဦး၊ ဆေးဝါးရောင်းချသူတစ်ဦးနှင့် စာရင်းကိုင်တစ်ဦးတို့ ပါဝင်ကြောင်း ကနေဒါ သတင်းမီဒီယာများက ဖော်ပြသည်။ **(ရိုက်တာ)**

# လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဇန်နဝါရီ ၃၁

**လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ လူမှုရေးရာအတွင်းရေးမှူး ဦးရှီးမွန်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဇန်နဝါရီ ၃၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော ရေဒီယိုနှင့် ရုပ်မြင်သံကြားဖန်သားပြင်ပေါ်ကြည့်ရှုအားပေးနေသော မိဘပြည်သူမဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား။**

ယခုလို မိမိတို့ရဲ့ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်တွေကို စည်းရုံးဟောပြောထုတ်လွှင့်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပဏာမပြောကြားလိုပါတယ်။

ကျွန်တော့်နာမည်ကတော့ ဦးရှီးမွန်လို့ ခေါ်ပါတယ်။ "လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ" ဗဟိုဌာနချုပ်ရဲ့ လူမှုရေးရာအတွင်းရေးမှူးဖြစ်ပါတယ်။

"လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ" သည် လားဟူတစ်မျိုးသားလုံးကို ကိုယ်စားပြုပြီးတော့ လားဟူတိုင်းရင်းသားများရဲ့လိုအပ်တဲ့အရာများ၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို ဥပဒေနဲ့အညီ အရယူသွားဖို့ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ "လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ"အနေနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်တွင် လည်းကောင်း (၂)နေရာမှာ အရွေးခံသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ "လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ" ရဲ့မူဝါဒသဘောထားများမှာ -

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးတစ်ရပ်အဖြစ် တည်ဆောက်ရာမှာ စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးပြီး ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မှသာ အောင်မြင်မှုရရှိမည်ဟု မိမိတို့ပါတီအနေနဲ့ ယုံကြည်ပါတယ်။

ယင်းကဲ့သို့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို တည်ဆောက်ရာတွင် လားဟူ အမျိုးသားများ နေထိုင်ရာဒေသအတွင်း မှီတင်းနေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ စည်းလုံးညီညွတ်မှု အင်အားရယူနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ဖို့ "လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"ကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ "လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"ကို လားဟူဘာသာဖြင့် (လားဟူချောကျုအူလာမူလာတူပါတီ)ဟူ၍ လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် (Lahu National Development Party)ဟူ၍လည်းကောင်း ခေါ်ဆိုပါတယ်။

**လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ရည်ရွယ်ချက်မှာ -**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံတော်၏ နယ်နိမိတ်အတိုင်း နိုင်ငံတစ်ဝန်းလုံးတွင် တည်ရှိစေရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေး၊ မြန်မာ့လွတ်လပ်ရေးအခွန့်ရှည်ရေး စသည်တို့ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားရန်။

(၂) လားဟူတိုင်းရင်းသားလူမျိုးစုရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ အနုပညာဖွံ့ဖြိုးတိုးတက်ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားရန်။

(၃) နိုင်ငံသားတိုင်းအခွင့်အရေးတန်းတူရရှိမှုနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသဖော်ဆောင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စည်းရုံးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန်။

(၄) ခေတ်အဆက်ဆက်မှ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျလျက်ရှိသော လားဟူအမျိုးသားများနေထိုင်ရာဒေသ၏ လူနေမှုအဆင့်အတန်းမြင့်မား တိုးတက်အောင် ဆောင်ရွက်သွားရန်။

(၅) နိုင်ငံတော်နှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီးသောနိုင်ငံများမှ အကျိုးရှိမည့်အတွေ့အကြုံများ၊ လုပ်နည်း လုပ်ဟန်များကို ရယူကျင့်သုံး အကောင်အထည်ဖော်သွားရန် ဖြစ်ပါကြောင်း တပ်ပြအပ်ပါတယ်။

**"လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"၏ရှေ့လုပ်ငန်းစဉ်များ**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လားဟူအမျိုးသားများနေထိုင်ရာဒေသအတွင်းရှိ နယ်သူနယ်သားများအား နိုးကြားတက်ကြွသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးအမြင်ရှိလာစေရန်နှင့် မိမိတို့နိုင်ငံရေးပါတီ၏ ဂုဏ်သိက္ခာ အစဉ်အမြဲ တိုးတက်ရှင်သန်လာစေရန်အတွက် စည်းရုံးလေ့ကျင့်ပြုစုပျိုးထောင်သွားမည်။

(၂) တိုင်းရင်းသားပြည်သူများ၏အခွင့်အရေးနှင့် နယ်မြေဒေသ ဖော်ဆောင်ရေး၊ လူသားအားလုံးကို ဆင်းရဲဒုက္ခရောက်စေသော အကြမ်းဖက်စနစ်ကို စွန့်လွှတ်ပြီးတရားမျှတ၍ ငြိမ်းချမ်းသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဥပဒေဘောင်အတွင်း မှန်ကန်စွာဖြင့် အဖြေရှာနိုင်ရေးအတွက် စည်းရုံးသိမ်းသွင်းလုပ်ဆောင်သွားမည်။

(၃) မိမိပါတီအနေဖြင့် ရည်ရွယ်ချက်၊ ခံယူချက်နှင့် အတွေးအခေါ် အမြော်အမြင် တူညီသော မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းနှင့်မဆို တန်းတူရည်တူ ရင်းနှီးစွာဆက်ဆံပြီး အခါအားလျော်စွာ ပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ ရိုင်းပင်းကူညီခြင်းများ ပြုလုပ်သွားမည်။

(၄) မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါး၊ ဘိန်းတို့ကို နယ်သူနယ်သားများက ဘိုးဘေးဘီဘင် အစဉ်အလာဖြင့် အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ကိုင်ခဲ့သည်ကို လက်တွေ့ပပျောက်သွားစေရန်နှင့် ဘိန်းအစား ပြည်တွင်း ပြည်ပသို့တင်ပို့နိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို ရှာဖွေဖော်ထုတ်၍ အသက်မွေးဝမ်းကျောင်းတစ်ရပ်အဖြစ် လုပ်ကိုင်စားသောက်ရန် စည်းရုံးသွားမည်။ ထိုကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားမည်။

(၅) လွတ်လပ်၍ တက်ကြွသောနိုင်ငံရေးဝါဒကိုကျင့်သုံးပြီး နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး ကျင့်သုံးသွားမည်။

(၆) လားဟူ တိုင်းရင်းသားလူမျိုးစု၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ ထုံးတမ်းစဉ်လာ အနုပညာများကို ဖော်ထုတ်ပြီး လူမှုရေး အရေးအရာများကို တိုးတက်ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားမည်။

(၇) အရပ်ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းအခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးနှင့် လူတိုင်းအခမဲ့ ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

ကလေးသူငယ်များအရေးနှင့် အမျိုးသမီးများပါဝင်မှုအခန်းကဏ္ဍကိုလည်း အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း "လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ"ရဲ့ မူဝါဒသဘောထားနဲ့ လုပ်ငန်းစဉ်များကို စည်းရုံးဟောပြောရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား.....

## ကမ္ဘာ့ဘဏ်မှ ကူညီပေးသောငွေကြေးများကို လိုအပ်သည့်နေရာတွင် သုံးစွဲရန်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဇန်နဝါရီ ၂၈ ရက်က မြို့ချောင်းအထူးကုတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး တိုက်နယ် ဆရာဝန် ဒေါက်တာပြည့်ဖြိုးအောင်နှင့် ဆရာဝန်၊ သူနာပြုများနှင့် တွေ့ဆုံကာ ယခင်လာရောက်စဉ်က မှာကြား ဆောင်ရွက်ဖြည့်ဆည်းပေးခဲ့မှု အခြေအနေများကို စစ်ဆေးသုံးသပ်၍ လိုအပ်မှုများကို ထပ်မံဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညှိခန်းတွင် ကမ္ဘာ့ဘဏ်အဖွဲ့နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ အာဟာရမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပံ့ပိုးပေးနိုင်ရေး၊ အမျိုးသားကျန်းမာရေး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပါဝင်ကူညီနိုင်ရေး၊ အရေးပေါ်အခြေအနေ၊ သဘာဝဘေးနှင့် ကပ်ရောဂါများ ကျရောက်ပါက အလျင်မြန်ဆုံးအကူအညီပေးနိုင်ရေး၊ ကမ္ဘာ့ဘဏ်မှကူညီထောက်ပံ့ပေးသော ငွေကြေးများကို အမှန်တကယ်လိုအပ်သည့်နေရာများတွင်သာ သုံးစွဲနိုင်ရန် ဆောင်ရွက်ရေးနှင့် အလေအလွင့်မရှိစေရန် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် UNAIDS, UNICEF, WHO, University of Oslo တို့ပါဝင်သောအဖွဲ့အား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးသတင်းပို့စနစ်ကို ကွန်ပျူတာအခြေပြုသတင်းပို့စနစ်အဖြစ်သို့ ပြောင်းလဲရာတွင် DHIS – 2 Software အား အသုံးပြုနိုင်ရေး DHIS – 2 Software အား National Database Platform အဖြစ် အသုံးပြုနိုင်ရေး၊ Software အသုံးပြုနိုင်ရေးအတွက် လူသားအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွင်း IT ဆိုင်ရာ အခြေခံအဆောက်အအုံများ အဆင့်မြှင့်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးအား အမေရိကန်နိုင်ငံ StanFord University မှ လာရောက်တွေ့ဆုံ၍ မိခင်နှင့်ကလေး ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများ၌ လူနာများပြားနေမှုကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဇန်နဝါရီ ၂၉ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့ကမာရွတ်မြို့နယ်ရှိ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကအား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မှတ်ပုံတင်ကတ်ပြား ပုံစံအသစ် နိုင်ငံတကာအဆင့်မီ အသုံးပြုနိုင်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ အောင်ထွန်းခိုင်သည် 359 Group International Japan Co.,Ltd. အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံမှ အကူအညီဖြင့် မြန်မာနိုင်ငံတွင် ယခုလက်ရှိ အသုံးပြုနေသော နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အစား နိုင်ငံတကာအဆင့်မီ နိုင်ငံသား စိစစ်ရေးမှတ်ပုံတင်ကတ်ပြားပုံစံအသစ်အား ထုတ်ဝေအသုံးပြုနိုင်ရေး၊ စီမံကိန်းဆောင်ရွက်နေမှုလုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေးပွဲ သီပေါ၌ကျင်းပ

**သီပေါ ဇန်နဝါရီ ၃၁**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ ရှမ်းလူမျိုးများ၏ ဆန္ဒသဘောထားကို ထည့်သွင်းဆွေးနွေးနိုင်ရေးအတွက် ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆွေးနွေးပွဲဖြစ်မြောက်ရေးတာဝန်ခံဦးစိုင်းခမ်းကျော်(ကျောက်မဲ)က နိုင်ငံရေးအကြိုဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး ဦးစိုင်းရှောင်းဟန်(လွယ်တိုင်းလိုင်း)က ငြိမ်းချမ်းရေးကိစ္စရပ်များကို လည်းကောင်း၊ ဦးစိုင်းခမ်းအောင်(နမ့်လန်)ကဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများကို လည်းကောင်း၊ ဦးစိုင်းသိန်းမောင်(မိုးကုတ်)က ဒေသန္တရဖွံ့ဖြိုးရေးကိစ္စများကို လည်းကောင်း၊ ဒေါ်နန်းမိုး(ကျောက်မဲ)က ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးကိစ္စများကို လည်းကောင်း၊ ဦးစိုင်းဟင်ဆိုင် (မိုင်းခေး)က လုံခြုံရေးရာကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များက မိမိတို့၏ဆန္ဒသဘောထားများကို အကြံပြုဆွေးနွေးတင်ပြကြသည်။

**စိုင်း(သီပေါ)**

# (၆၉) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း ရေးဖြေအောင်စာရင်းထုတ်ပြန်

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းသဘောရေးဖြေအောင်**
**ဥဘတောဝိဘင်္ဂကောဝိဒ(၁၁)ပါး**

***ဇန်နဝါရီ ၂၉ ရက်မှအဆက်***

၈။ ပလ္လင်အမှတ်(၃၃၉) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၃၄၄) အရှင်ဣန္ဒက၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၃၄၅) အရှင်ခေမာစာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၃၅၇) အရှင်ဣန္ဒာစာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ သဒ္ဓမ္မ ပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

(ဘဒ္ဒန္တပညိသရာဘိဝံသ)
အဘိဓဇမဟာရဋ္ဌဂုရု
ဥက္ကဋ္ဌဆရာတော်

(ဘဒ္ဒန္တဥေယျာဘိဝံသ)
အဂ္ဂမဟာပဏ္ဍိတ
အကျိုးတော်ဆောင်ဆရာတော်

**တိပိဋကဓရ၊ တိပိဋကကောဝိဒသြဝါဒါစရိယအဖွဲ့**

**အာဂုံပြန်အောင်စာရင်း**
**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက (၈)ပါး**

၁။ ပလ္လင်အမှတ်(၂) အရှင်စန္ဒန၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၄) အရှင်ဂန္ဓမာ၊ အသက်(၃၄)နှစ်၊သိက္ခာ (၁၄)ဝါတိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၆) အရှင်တေဇောဘာသာလင်္ကာရ၊အသက်(၃၃)နှစ်၊သိက္ခာ (၁၁)ဝါတိပိဋကနိကာယကျောင်းတိုက်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၇) အရှင်တိက္ခသာရာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ (၁၁) ဝါ ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာ ဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၉) အရှင်ဝဇိရပါဏီဘိဝံသ၊ အသက်(၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၁၃) အရှင်နရိန္ဒ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၁၄) အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၁၅) အရှင်သူရိယာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကစုဆန်းလီစာသင်တိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်း(ဒုတိယပိုင်း) သုံးကျမ်းအာဂုံအောင် ဝိနယဓရ(၁၇)ပါး**

၁။ ပလ္လင်အမှတ်(၁၇) အရှင်ဉာဏဇေ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၂) အရှင်တေဇာနန္ဒ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၄၂) အရှင်သီလာနန္ဒ(မိတ္ထီလာ)၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၅၃) အရှင်ဉာဏဗလာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၅၄) အရှင်ပညေသိက၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ဒေါပုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၅၉) အရှင်ဆေကာနန္ဒ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၆၀) အရှင်တေဇဉာဏ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၆၇) အရှင်ကေသဝ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ဝိသိဋ္ဌ)

၉။ ပလ္လင်အမှတ်(၆၈) အရှင်ခေမာစာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၆၉) အရှင်သုမင်္ဂလ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့ သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၇၀) အရှင်ဇောတိကာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ (၉)ဝါ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ်(၇၂) အရှင်ပညာသာမီလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မှော်ဘီမြို့ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ်(၈၀) အရှင်ပညာသိရီ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ်(၈၄) အရှင်ကုမာရသက္က၊ အသက်(၂၉)နှစ်၊ သိက္ခာ(၆)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ်(၈၅) အရှင်သောဘန (မြောင်)၊ အသက်(၂၉)နှစ်၊ သိက္ခာ (၆) ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ်(၈၇) အရှင်နန္ဒသာမိ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၆)ဝါ ပိဋက သုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ်(၈၉) အရှင်အဂ္ဂဝံသာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅) ဝါ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ ၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

***ဆက်လက်ဖော်ပြပါမည်***

## ချင်းတွင်းမြစ်အတွင်း ကုန်တင်ရေယာဉ်နှစ်စင်း တိုက်မှုဖြစ်ပွား

**ကလေး၀ ဇန်နဝါရီ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေး၀မြို့နယ် မန်ဖာကျေးရွာအုပ်စု မန်ဖာလေးကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း၌ မုံရွာမှ ဟုမ္မလင်းသို့ မောင်းနှင်လာသည့် ဟိန်းမင်းအဆန်ကုန်တင်ရေယာဉ်နှင့် ဟုမ္မလင်းမှ မုံရွာသို့ မောင်းနှင်လာသည့် ပြည်တော်အေးအစုန်ကုန်တင်ရေယာဉ်တို့ ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က ရေယာဉ်တိုက်မှုဖြစ်ပွားသည်။

ဟိန်းမင်းအဆန်ကုန်တင်ရေယာဉ်တွင် ရေယာဉ်ပဲ့နင်း ဦးကျော်ဆွေနှင့် ပိုင်ရှင်ဦးကျော်မြင့်တို့အပါအဝင် အမျိုးသားငါးဦးလိုက်ပါကာ ဒီဇယ်ပေပါအလုံး ၂၀၀၊ ဆန်အိတ် ၁၀၀၊ ကုန်မျိုးစုံ ၁၀၀ တင်ဆောင်ခဲ့ကြောင်း သိရသည်။

ပြည်တော်အေး အစုန်ကုန်တင်ရေယာဉ်တွင် ရေယာဉ်ပဲ့နင်း ဦးအောင်ကိုထက်နှင့် ပိုင်ရှင် ဒေါ်ချိုမာတို့အပါအဝင် အမျိုးသားငါးဦး၊ အမျိုးသမီးလေးဦး စုစုပေါင်းကိုးဦး လိုက်ပါလာကာ ဖွဲ့အိတ် ၁၁၄ အိတ်၊ ဆန်အိတ် ၂၀၊ ရေနံချေး ၁၅ ပုံး တင်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်တိုက်မှုတွင် ထိခိုက်သေဆုံးသူ မရှိကြောင်းနှင့် အခင်းဖြစ်ပွားသည့်နေရာသို့ ကလေး၀မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဂျူနိုင်း**





## မြန်မာအလှမယ် ထက်ထက်ထွန်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၃၁**
ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသည့် မယ်စကြဝဠာပြိုင်ပွဲတွင် အကောင်းဆုံးနိုင်ငံကိုယ်စားပြုဝတ်စုံဆုကို ရယူနိုင်ခဲ့သည့် မြန်မာအလှမယ် ထက်ထက်ထွန်းသည် ယနေ့ ည ၇ နာရီက မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ပြိုင်ပွဲနှင့် ပတ်သက်၍ မြန်မာအလှမယ် မထက်ထက်ထွန်းက "သူများနိုင်ငံတွေလည်း National Costume တွေ အများကြီးပါတယ်ဆိုပေမယ့် အမှန်အတိုင်းပြောရရင် သူများနိုင်ငံတွေ ဘာဝတ်လည်းဆိုတာကို မသိလိုက်ဘူး။ ကိုယ်ဝတ်လိုက်တာကိုယ်သိတယ်။ ကိုယ်အကောင်းဆုံးလုပ်လိုက်တာကို သိတယ်။ နောက်ဆုံးပြိုင်တဲ့အချိန်မှာတောင်မှ စင်ပေါ်တက်တဲ့အချိန်ရောက်မှ အပြေးအလွှားတက်သွားပြီး စင်ပေါ်မှာဘယ်လောက်အချိန်ရတာလဲ။ စင်ပေါ်ရောက်သွားတဲ့အခါမှာ ဘာလုပ်ရတာလဲ။ ဘယ်နားမှာ ရပ်ရတာလဲဆိုတာတောင် မသိဘူး။ နင့်အလှည့်ရောက်ပြီတက်ဆိုတော့ တက်သွားလိုက်တာပေါ့နော်"ဟု ၎င်း၏ အတွေ့အကြုံကို ပြောကြားသည်။

National Costume ဆုရရှိခြင်းကြောင့် ပျော်ရွှင်ခဲ့ရခြင်းနှင့်ပတ်သက်၍ "ပျော်တာထက် ပြန်စဉ်းစားမိတာက မြန်မာနိုင်ငံအနေနဲ့ တစ်ခါမှ ဆုတစ်ခုမှ မရလာဘူးတဲ့အချိန်မှာ အခုဆုတစ်ခုကိုရသွားပြီ။ အဲဒီဆုကို ငါယူပေးနိုင်လိုက်တယ်။ အဲဒီအချိန်မှာပွဲတုန်းက မြန်မာ မြန်မာလို့ တက်လာတဲ့ အသံတွေ ဖေ့စ်ဘုတ်မှာ တက်တာတဲ့ပို့စ်တွေ ဆုမရခင်ကတည်းက အလွန်ကို ဂုဏ်ယူနေကြဆိုတာတွေ မျက်လုံးထဲမှာ အကုန်မြင်ယောင်နေတယ်။ သူတို့ဂုဏ်ယူနေတယ်ဆိုတဲ့အရာ တကယ်ဖြစ်လာပြီလား ငါလုပ်နိုင်လိုက်ပြီလားဆိုတာ ဝမ်းလည်းဝမ်းသာတယ်။ ကျေနပ်တယ်။ ဝတ်စုံနဲ့ပတ်သက်ပြီး အများကြီးပြောခံထား ရတာပေါ့"ဟု ပြောကြားခဲ့သည်။

**သတင်း- ထင်ပေါ်ဝင်း၊ မျိုးမင်းသိန်း**

# တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ရပ်ကွက် စကားဝါလမ်း ခြံအမှတ်(၄၀၂) ပါဝါဝင်းကုမ္ပဏီပိုင်ခြံဝင်းအတွင်းမှ ကုန်သေတ္တာ ၁၆ လုံးအတွင်း ထည့်သွင်းထားသည့် တရားမဝင်ပိတောက်စကွဲယား ခန့်မှန်း ၃၇၅ တန်ခန့်၊ တမလန်းစကွဲယား ခန့်မှန်း တန် ၂၀ ခန့် စုစုပေါင်း ၃၉၅ တန် ခန့်နှင့်အတူ ကုန်သေတ္တာသယ်ဆောင်သည့် ၁၀ ဘီးယာဉ် ခြောက်စီး၊ ယာဉ်ခုနစ်စီး၊ ပိုင်ရိုက် စက်သုံးလုံး၊ ကုန်သေတ္တာအလွတ်ရှစ်လုံးနှင့် ပြစ်မှုကျူးလွန်သူ တစ်ဦးတို့ကို ဖမ်းဆီးရမိသည်။ ဖမ်းဆီးရမိသည့် တရားမဝင်သစ်များကို အသေးစိတ်တိုင်းတာလျက်ရှိပြီး ပြစ်မှုကျူးလွန်သူကို သစ်တောဥပဒေပုဒ်မ ၄၂(ခ)ဖြင့် မင်္ဂလာဒုံမြို့နယ် တရားရုံး၌ တရားစွဲဆောင်ရွက်မည်ဖြစ်သည်။

ဖမ်းဆီးရမိခဲ့သော တရားမဝင်သစ်များနှင့်ပတ်သက်၍ သတင်းကွင်းဆက် ဖော်ထုတ်ရရှိချက်အရ သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များသည် ဥပဒေနှင့်အညီ ရန်ကုန်မြို့ရွှေပြည်သာစက်မှုဇုန် Ruby Lion Manufacturing Co.,Ltd ပိုင် ဦးထွန်းညိုလမ်း ခြံအမှတ် ၁၆/၆၄ နှင့် ၁၇၀ တို့ရှိ ဂိုဒေါင်နှစ်လုံးအတွင်း ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီတွင် ရှာဖွေခဲ့ရာ တရားမဝင် ပိတောက်သစ်စကွဲယားတုံး ၂၈၀ တန်ခန့်နှင့် တရားဝင်မှု စိစစ်ဆဲတမလန်းသစ် ဘုံတိုသုံးတန်ခန့်ကို ဖမ်းဆီးရမိပြီး တရားမဝင်သစ်ပိုင်ရှင်နှင့် ဆက်စပ်ပတ်သက်သူများကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**



# လာဘ်ငွေများ လက်ခံရယူခဲ့သည့် ရေးမြို့မရဲစခန်း အမှုစစ်အရာရှိရဲအုပ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲ အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် ရေးမြို့နယ်၌ ကန်တာယာဉ်တိမ်းမှောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အမှုစစ်အရာရှိ ရဲအုပ်ကျော်သက်ခိုင်က ငွေတောင်းခံခြင်းနှင့် မတရားအမှုဆင် တရားစွဲဆိုခြင်းကို အရေးယူပေးပါရန် နစ်နာသူမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မွန်ပြည်နယ် ရေးမြို့ မြို့မရဲစခန်း အမှုစစ်အရာရှိ ရဲအုပ်ကျော်သက်ခိုင်သည် အမှုစစ်ရဲအရာရှိ၏ လုပ်ပိုင်ခွင့်ကိုအသုံးပြုလျက် စွပ်စွဲခံရသူ ဦးအောင်ကျော်မျိုးကို အမှုဖွင့် ဖမ်းဆီးချုပ်နှောင်၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က အာမခံရရှိရန်အတွက် ငွေကျပ် သုံးသိန်းနှင့် ဒီဇင်ဘာ ၂၇ ရက်က အမှုကိစ္စအတွက် ငွေကျပ် ငါးသိန်းတို့ကို တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မွန်ပြည်နယ် ရေးမြို့ မြို့မရဲစခန်း အမှုစစ်အရာရှိ ရဲအုပ်ကျော်သက်ခိုင်ကို ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ပြည်နယ်တရားလွှတ်တော်တွင် ဇန်နဝါရီ ၃၀ ရက်က တရားစွဲဆို အရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆောက်လက်စ အိမ်ရာဝင်းအတွင်း မီးလောင်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့ဟောင်း အနောက်ရပ်ကွက် ကျောက်ပုံဆိပ်အနီး ဆောက်လက်စ အဆင့်မြင့် အိမ်ရာဝင်းအတွင်းရှိ မြက်ခြောက်များမှ တစ်ဆင့် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မီးလောင်လျက်ရှိရာ မီးသတ်ဦးစီးဌာနက Level 2 အဆင့်ဖြင့် ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

# ခမောက်ကြီးမြို့ (၃၈)မိုင် ယုဇနဆီအုန်းကုမ္ပဏီ ဝန်ထမ်းအိမ်ရာ၌ မီးလောင်မှုဖြစ်ပွား

**ခမောက်ကြီး ဇန်နဝါရီ ၃၁**

ယုဇနဆီအုန်းကုမ္ပဏီစီမံကိန်းဒါရိုက်တာဦးအန်ဘန်း၏နေအိမ် အလျားပေ ၅၀၊ အနံပေ ၄၀ အုတ်တိုက်၊ သွပ်မိုး၊ လုံးချင်းတိုက်၌ ဝိုင်ယာရှော့ခ်ဖြစ်ပြီး ယနေ့နံနက် ၃ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ရာ နံနက် ၄ နာရီတွင် မီးညွန့်ကျိုးကာ မီးငြိမ်းသွားခဲ့သည်။

အိမ်ရှင်အန်ဘန်းမှာ လတ်တလောနေထိုင်ခြင်းမရှိဘဲ ကုမ္ပဏီလုပ်ငန်းကိစ္စဖြင့် ရန်ကုန်သို့ခရီးသွားနေပြီး ငွေဖြိုးမော်တော်ယာဉ်ရုံးအဖွဲ့ (၃၈)မိုင်နေသူကို အိမ်စောင့်အဖြစ်ထားရှိခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်၍ ခမောက်ကြီးမီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး၊ ကော့သောင်းခရိုင် မီးသတ်တပ်ဖွဲ့ဝင် သုံးဦး၊ ဝန်ထမ်းပေါင်းစုံ ၃၅ ဦးနှင့် ယုဇနဆီအုန်းလုပ်သား ၃၀၀ ဦးခန့်က ဝိုင်းဝန်းငြိမ်းသတ်ရာ မီးညွန့်ကျိုးသွားခဲ့ပြီး နေအိမ်ကို မီးလောင်ကျွမ်းစေခဲ့သူ ငွေဖြိုးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**မီးဘေးရှောင် မလောင်ခင်တား**

# ကျေးအင်းရွာ ဘေးမဲ့တောအတွင်း မုရင်းစပါး ကျူးကျော်စိုက်ပျိုးသူများကို အမှုဖွင့်တိုင်ကြား


**ကောလင်း ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြို့မရဲစခန်း၏တောင်ဘက် ၂၅ မိုင်ခန့်အကွာ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မုရင်းစပါးများ ကျူးကျော်စိုက်ပျိုးမှုနှင့်ပတ်သက်၍ တောအုပ် ဦးဝင်းလွင်ဦးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးစဉ် ကောလင်းမြို့နယ် ဆပ်သွားချောင်းကျေးရွာနှင့် ကျေးအင်းကျေးရွာနေသူ စိုးအောင်ပါ ၄၅ ဦးတို့က ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မုရင်းစပါးများ စိုက်ပျိုးရန်ထွန်ယက်ခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းလုပ်ငန်းများ ပြုလုပ်နေသည်ကိုစစ်ဆေးတွေ့ရှိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ်သို့ခေါ်ယူ၍ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရုံး ကန့်ဘလူမြို့က ဇန်နဝါရီ ၃၀ ရက်က ရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**




**အရောင်းဝန်ထမ်း အမြန်အလိုရှိသည်**

မ - ၅ ယောက်၊
ကျား - ၅ ယောက်
မှတ်ချက်/အသက်၁၈နှစ်မှ ၃၅နှစ်အတွင်း--
အခြေခံလစာကောင်းကောင်းပေးပါမည်။
**တာမွေအိုင်းထိပ် Ocean Super Center အရှေ့၊ ဖုန်း-09 25032 5413**

**GWH M&E Engineering Co.,Ltd. တွင် ခန့်ထားရန်အတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

**ရေပိုက်လုပ်ငန်းကျွမ်းကျင် ကျား(၁၀)ဦး**

အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ အမှတ် ၅/က၊ မြဝတ်ရည်လမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၉၇၀၄၁၂၂၅၅၊ ၀၉-၂၅၀၄၁၂၂၅၅၊ ကားနံပါတ်(၁၂၊ ၂၉၊ ၃၈) သစ္စာလမ်းပေါ်ရှိ သံလမ်းမှတ်တိုင်တွင်ဆင်းရန်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဟ/၁၄၆၉ Shine Ray, Three Wheel ယာဉ်လက်ဝယ်ရှိသူ Good Brothers Co., Ltd. မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2J/7362 Hyundai Starex MiNi Bus ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေငြိမ်း ၉/ပကခ(နိုင်)၀၁၁၆၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း

## အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)**

**၁၃၇၈ ခုနှစ်၊   လ   ရက်**

**(၂၀၁၇ ခုနှစ်၊   လ   ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၂၀၁၇ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏လူမှုစီးပွားရေးတစ်ရပ်လုံးအတွက် ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန / ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက် ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသောစက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇ ဒသမ ၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၃၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၄ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၆ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၄ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၇ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၅ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော် ကောင်စီနယ်မြေတွင် ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၂၅ ဒသမ ၃ ရာခိုင်နှုန်းမှ ၂၃ ဒသမ ၈ ရာခိုင်နှုန်း သို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၃၄ ဒသမ ၉ ရာခိုင်နှုန်းမှ ၃၅ ဒသမ ၉ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉ ဒသမ ၈ ရာခိုင်နှုန်းမှ ၄၀ ဒသမ ၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၆၅၃၀၄ ဒသမ ၁ ဘီလီယံဖြစ်ပေါ်ရန်၊

**ပူးတွဲ-၁**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ**

**ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၆,၃၉၉,၈၃၉.၆** | **၂၇.၅** | **၀.၆** | **၁၇,၀၅၈,၆၂၄.၅** | **၂၆.၇** | **၄.၀** |
| | ၁ | လယ်ယာ | ၁၁,၄၆၀,၂၁၈.၂ | ၁၉.၂ | ၀.၉ | ၁၁,၉၃၆,၂၆၂.၅ | ၁၈.၇ | ၄.၂ |
| | ၂ | သားငါး | ၄,၈၉၄,၄၁၃.၂ | ၈.၂ | ၁.၅ | ၅,၀၆၁,၇၂၆.၆ | ၇.၉ | ၃.၄ |
| | ၃ | သစ်တော | ၄၅,၂၀၈.၂ | ၀.၁ | -၆၄.၈ | ၆၀,၆၃၅.၄ | ၀.၁ | ၃၄.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၈,၄၂၂,၉၃၂.၀** | **၃၀.၉** | **၈.၆** | **၂၀,၂၀၃,၁၉၁.၃** | **၃၁.၇** | **၉.၇** |
| | ၁ | စွမ်းအင် | ၇၇,၁၈၂.၅ | ၀.၁ | -၁၂.၇ | ၈၀,၂၂၀.၀ | ၀.၁ | ၃.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၂၂,၀၄၆.၇ | ၀.၉ | ၁.၉ | ၅၅၄,၈၀၇.၀ | ၀.၉ | ၆.၃ |
| | ၃ | စက်မှုလက်မှု | ၁၃,၆၆၄,၈၀၇.၁ | ၂၂.၉ | ၉.၄ | ၁၅,၁၆၁,၆၂၄.၁ | ၂၃.၈ | ၁၁.၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၈၀၄,၁၁၀.၁ | ၁.၄ | ၁၃.၇ | ၈၅၃,၄၀၈.၈ | ၁.၃ | ၄.၈ |
| | ၅ | ဆောက်လုပ်မှု | ၃,၃၄၄,၇၈၅.၆ | ၅.၆ | ၆.၂ | ၃,၅၅၃,၁၃၁.၄ | ၅.၆ | ၆.၂ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၄,၈၅၆,၀၀၅.၂** | **၄၁.၆** | **၇.၁** | **၂၆,၅၈၀,၂၂၃.၂** | **၄၁.၆** | **၆.၉** |
| | ၁ | ပို့ဆောင်ရေး | ၇,၆၁၇,၅၀၈.၃ | ၁၂.၈ | ၆.၈ | ၈,၁၅၃,၆၉၃.၆ | ၁၂.၈ | ၇.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၈၂၅,၈၉၈.၂ | ၄.၇ | ၇.၁ | ၂,၉၅၄,၅၈၅.၃ | ၄.၆ | ၄.၆ |
| | ၃ | ငွေရေးကြေးရေး | ၂၆၅,၀၄၇.၃ | ၀.၄ | ၁၈.၄ | ၂၉၅,၄၄၀.၉ | ၀.၄ | ၁၁.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၅၇၁,၇၀၂.၁ | ၂.၆ | ၄.၃ | ၁,၆၄၁,၈၃၇.၈ | ၂.၆ | ၄.၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၅၉၀,၁၃၆.၃ | ၂.၇ | ၁၂.၁ | ၁,၇၈၀,၉၅၂.၇ | ၂.၈ | ၁၂.၀ |
| | ၆ | ကုန်သွယ်မှု | ၁၀,၉၈၅,၇၁၃.၀ | ၁၈.၄ | ၆.၈ | ၁၁,၇၅၄,၇၁၂.၉ | ၁၈.၄ | ၇.၀ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၉,၆၇၈,၇၇၆.၈** | **၁၀၀.၀** | **၅.၇** | **၆၃,၈၄၃,၀၃၉.၀** | **၁၀၀.၀** | **၇.၀** |

**ပူးတွဲ-၂**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ**

**ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၄,၈၂၂,၇၇၁.၆** | **၅၈.၄** | **၄.၇** | **၃၇,၂၆၁,၈၁၅.၈** | **၅၈.၄** | **၇.၀** |
| | ၁ | လယ်ယာ | ၁၁,၄၆၀,၂၁၈.၂ | ၁၉.၂ | ၀.၉ | ၁၁,၉၃၆,၂၆၂.၅ | ၁၈.၇ | ၄.၂ |
| | ၂ | သားငါး | ၄,၈၉၄,၄၁၃.၂ | ၈.၂ | ၁.၅ | ၅,၀၆၁,၇၂၆.၆ | ၇.၉ | ၃.၄ |
| | ၃ | သစ်တော | ၄၅,၂၀၈.၂ | ၀.၁ | -၆၄.၈ | ၆၀,၆၃၅.၄ | ၀.၁ | ၃၄.၁ |
| | ၄ | စွမ်းအင် | ၇၇,၁၈၂.၅ | ၀.၁ | -၁၂.၇ | ၈၀,၂၂၀.၀ | ၀.၁ | ၃.၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၂၂,၀၄၆.၇ | ၀.၉ | ၁.၉ | ၅၅၄,၈၀၇.၀ | ၀.၉ | ၆.၃ |
| | ၆ | စက်မှုလက်မှု | ၁၃,၆၆၄,၈၀၇.၁ | ၂၂.၉ | ၉.၄ | ၁၅,၁၆၁,၆၂၄.၁ | ၂၃.၈ | ၁၁.၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၈၀၄,၁၁၀.၁ | ၁.၄ | ၁၃.၇ | ၈၅၃,၄၀၈.၈ | ၁.၃ | ၄.၈ |
| | ၈ | ဆောက်လုပ်မှု | ၃,၃၄၄,၇၈၅.၆ | ၅.၆ | ၆.၂ | ၃,၅၅၃,၁၃၁.၄ | ၅.၆ | ၆.၂ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၃,၈၇၀,၂၉၂.၂** | **၂၃.၂** | **၇.၃** | **၁၄,၈၂၆,၅၁၀.၃** | **၂၃.၂** | **၆.၉** |
| | ၁ | ပို့ဆောင်ရေး | ၇,၆၁၇,၅၀၈.၃ | ၁၂.၈ | ၆.၈ | ၈,၁၅၃,၆၉၃.၆ | ၁၂.၈ | ၇.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၈၂၅,၈၉၈.၂ | ၄.၇ | ၇.၁ | ၂,၉၅၄,၅၈၅.၃ | ၄.၆ | ၄.၆ |
| | ၃ | ငွေရေးကြေးရေး | ၂၆၅,၀၄၇.၃ | ၀.၄ | ၁၈.၄ | ၂၉၅,၄၄၀.၉ | ၀.၄ | ၁၁.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၅၇၁,၇၀၂.၁ | ၂.၆ | ၄.၃ | ၁,၆၄၁,၈၃၇.၈ | ၂.၆ | ၄.၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၅၉၀,၁၃၆.၃ | ၂.၇ | ၁၂.၁ | ၁,၇၈၀,၉၅၂.၇ | ၂.၈ | ၁၂.၀ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၀,၉၈၅,၇၁၃.၀** | **၁၈.၄** | **၆.၈** | **၁၁,၇၅၄,၇၁၂.၉** | **၁၈.၄** | **၇.၀** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | ၅၉,၆၇၈,၇၇၆.၈ | ၁၀၀.၀ | ၅.၇ | ၆၃,၈၄၃,၀၃၉.၀ | ၁၀၀.၀ | ၇.၀ |

*ဆက်လက်ဖော်ပြပါမည်*



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် '' တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး'' အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ'' ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော ''တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ပွဲစားကထိန်၊ ထုံးဘူးတန်းနှင့် ရာဇဓမ္မသင်္ဂဟကျမ်း

## ဆူးငှက်

ရွှေတချောင်းအနောက်ဘက် ၈၆ လမ်းပေါ်ရောက်လေတိုင်း သတိရမိသည်က 'ကထိန်' များပင်ဖြစ်ပါသည်။ တန်ဆောင်မုန်းလဆန်းသည်နှင့်ပင် ၈၆ လမ်းနှင့်အနီးတစ်ဝိုက်မှာ ပဒေသာပင်များနှင့်အငြိမ့်စင်က မပြတ်တော့။

သည်ကနေ့ညသည်နေရာမှာ ကထိန်ရှိသော်လည်း မလှမ်းမကမ်းမှာက နောက်နေ့ ကထိန်အတွက် 'ဥတ်မကြီး' ကို ပြင်ဆင်နေလို့ ပွဲမျှော်နေရ၏။ ယခင်က နာမည်ကျော်ပွဲစားကုန်သည်အသင်း ကထိန်တော်ကြီးက ၂၆ လမ်း၊ ၈၆ လမ်း၊ ၂၇ လမ်း၊ ၈၇ လမ်း လေးပြပတ်လည်ခင်းကျင်းသည်။ တစ်ပြလျှင် ဥတ်မကြီးတစ်ခုကျစီရှိ၏။ ပွဲစားကုန်သည် စက်ပိုင်ကြီးများ ကထိန်မို့ အလှူအတန်းရက်ရော၏။ ၈၆လမ်းပေါ်က ဥတ်မကြီးက သပိတ်ချည်းပင် အလုံးထောင်ချီခင်းကျင်းသလို ၂၇ လမ်းမပေါ်က ဥတ်မကြီးက ထီးအလက် ထောင်ချီ၊ ၈၇ လမ်းမပေါ်က ဖိနပ်အရန်ထောင်ချီ။ ထို့အတူ ၂၆ အာဇာနည် လမ်းမပေါ်က သင်္ကန်းဒွိစုံ အစုံထောင်ချီခင်းကျင်း၏။ ဥတ်မကြီး ဆောက်ထားသည်ကပင် ကိုးခန်း၊ ၁၀ ခန်းမကဖြစ်၏။

နောက်ခံပန်းချီကားချပ်ကြီးများကလည်း ဇာတ်တော်ကြီးများကို သရုပ်ဖော်ရေးဆွဲထား လေသည်။ အများစုမှာ ဒေါင်းရိုးရပ်က မဏ္ဍပ်ဆရာ ဆရာနွဲ့၏လက်ရာများချည်းဖြစ်သည်။ ဝေဿန္တရာဇာတ်တော်၊ အောင်ခြင်းရှစ်ပါး၊ သုဝဏ္ဏသာမ၊ တောထွက်ခန်း၊ ဆံတော်ပယ်ခန်း စသည်ဖြင့်ဖြစ်သည်။

တစ်နှစ်တစ်မျိုးမရိုးရအောင် တီထွင်ကြံဆကာ ဥတ်မကြီးများကို သရုပ်ဖော်သည်။ တစ်နှစ်တွင်မူ ဆံတော်ပယ်ခန်းတွင် အနော်မာမြစ်၏ လှိုင်းများကအရှင်ဖြစ်၏။ ရေလှိုင်းတွေက ပြေးလွှားနေသည်။

တစ်ခါတစ်ရံ တာဝတိံသာနတ်ပြည်က တိမ်လိပ်တိမ်တိုက်တွေအကြား ရွှေပြာသာဒ်၊ ငွေပြာသာဒ်များကို အံ့မခန်းဖွယ် ဖန်တီးထားလေသည်။ ဝေဿန္တရာဇာတ်တော်မှ ဝင်္ကပါတောင်ကိုလည်း သစ်ပင်၊ ဝါးပင်၊ လျှိုမြောင်၊ စိမ့်စမ်းတို့ဖြင့် သားရဲတိရစ္ဆာန်များပါမကျန် ပြင်ဆင်သရုပ်ဖော်ထား၏။ ကထိန်ပွဲလာသူများကား ဥတ်မကြီးများရှေ့တမေ့တမော ရပ်ကြည့်ရင်း ဇာတ်တော်ကြီးများအကြောင်း ပြောဆိုကြရလေသည်။

' သစ်ပင်ပေါ် တက်ပြေးနေတာ ဇူဇကာပုဏ္ဏားပေါ့။ အောက်က ခွေးတွေကဆွဲလို့'

' ကဏှာကမြင်းက ကြော့ပြီး လှလိုက်တာကွာ'

' မာရ်နတ် စစ်သည်တွေက အမျိုးမျိုးတိုက်ခိုက်ကြတာလေ'

ဟူ၍ အမျိုးမျိုးပြောဆို ဝေဖန်ကြလေသည်။ ထိုသို့ ဥတ်မပန်းချီသရုပ်ဖော်အား ကြည့်ရှုရင်း ဥတ်မကြီးရှေ့က မြန်မာမှုတီးဝိုင်းကိုလည်း နားထောင်ကြရသည်။ မြန်မာမှုတီးဝိုင်းကား အပျော်တမ်း တီးဝိုင်းများဖြစ်သည်။ ပညာသည် ပညာရှင်များကနည်း၏။ ခေါင်းဆောင်တစ်ဦးတစ်လေက ပညာရှင်ကြီးဖြစ်ချင်ဖြစ်တတ်သည်။ အများစုက ဝါသနာရှင်များဖြစ်၏။

မြန်မာဂီတာ၊ ဟွန်းတယော၊ စောင်း၊ စည်းဝါးလောက်သာဖြစ်၏။ တချို့က စခွန့်နှင့် ဗုံလေးလုံးလောက်ပါသည်။ တချို့က တာပရာ ဗုံလေးနှင့်ဖြစ်၏။ သီဆိုသူများကလည်း အရပ်ထဲက ဝါသနာရှင်များဖြစ်ကြပါသည်။ လက်ရည်တစ်ပြင်တည်း၊ ပဥ္စသိခ်၊ နတ်သျှင်နောင်၊ ထိုသုံးပါး၊ လက်ဝဲသုန္ဒရ၊ ဦးသဝန်ကြောင်၊ ပန်းသဇင်၊ ရှင်တစ်ခုထဲ၊ မောင့်အရည်အချင်း စသည်ဖြင့် သီဆိုကြသည်။

တစ်ခါတစ်ရံ ကထိန်ပွဲသို့ မိသားစုဖြင့် ပွဲလမ်းလျှောက်ထွက်လာသော မြို့မအဆိုတော်များ၊ အငြိမ့်မင်းသမီး၊ ဇာတ်မင်းသားများကလည်း ထိုထိုင်ဆိုင်းဝိုင်းများတွင် ဝင်ရောက်ကာ တစ်ပုဒ်တလေ သီဆိုသွားကြသေးသည်။

' ပွဲညောင်ရေ ဆုတောင်းခြွေညွှန်း ရေစင်သွန်းလို့နေ၊ လွှမ်းလောက်ပေ မဲဇာသူတွေ၊ ရွှေဂူတော်မြတ်ဆည်းကပ်လွန်ရှိသေ၊

သဲသောင်မြေ၊ မြစ်ကမ်းတွင်ထွန်း၊ ရေရှင်ဝန်းလို့ခွေ တစ်ကျွန်းလောက်ပေ၊ ဒို့အောက်နယ်အကြေ၊

သည်တွင် ရွှေမြို့သည်သို့ စေတီပေ၊ ရွှေဘုံနန်းဖြောင့်တန်းမယ့်သည်အနေ၊ စိတ်မှာထင်မြင်ဦးတင်ပါသဖျာ့၊

အစစ အဆင်နော်မပြေ၊ ငထင်ကျော်ငယ်လေ သူ့အတွက် ဘုရင်မျက်တော်မူပေ'

မြို့မငြိမ်း၏ လက်ဝဲသုန္ဒရသီချင်းကို ဝါသနာရှင်ကလေးမလေးတစ်ဦးက ပိပိရိရိ သီဆိုနေ၏။ မြန်မာဂီတာနှင့် ဟွန်းတယောကြီးကလည်း သပ်ရပ်ခမ်းနားစွာ သံစုံကျူးလျက်ရှိသည်။ သီချင်းသွားကို အဖြတ်အတောက်၊ အခြောက်အလှန့်၊ အဆို့အပိတ်များဖြင့် ဒိုးချက်အတိုင်း လိုက်နေသည်ကား ချိုင်းကြားညှပ်ထားသော တာပရာဗုံလေးတစ်လုံး တီးနေသူဖြစ်သည်။

ဗုံလေးတစ်လုံးကို တီးနေသည်က ခြောက်လုံးပတ် အုပ်စုံဝိုင်းကြီးတီးနေသည့်အလား အောက်မေ့ရသည်။

ဗတ်၊ ဗတ်၊ ဗေတူပိုတူ။

တူပေါင်တူ ဗိုဗိုဗို၊ တူပေါင်တူ ဗိုဗိုဗို။

ပေါင်တုပတန့်၊ ဗိုပေါင်၊ ဗိုပေါင်၊ ပေါင်တုပတန့်၊ ဗိုပေါင်၊ ဗိုပေါင်။

တို့ဗေ၊ တို့ဗေ၊ တို့ဗေ၊ တို့ဗေဗို။

ဆိုတဲ့ မန္တလေး ဒိုးဆစ်တွေကို တာပရာလေး တစ်လုံးနှင့် ပီပီသသလိုက်နေသူကား မြို့မအုပ်စုံတီးဆရာ ' ကိုအောင်' ဖြစ်နေတော့၏။ တစ်ခါတစ်ရံ ဤသို့သော ထိုင်ဆိုင်းဝိုင်းများတွင် မြို့မဒိုး ဆရာဦးထွန်းရင်လည်း ဝင်တီးနေတတ်သည်။ ဦးထွန်းရင်ကလည်း ဆရာမြို့မငြိမ်း၏ ' အိမ်တော်ရာ ဘုရားဈေး'သီချင်းမှ သံပြိုင်ပိုဒ်-

'ဟံဇားထည်၊ နီပြာဝါရွှေ စိမ်းညိုလဲ့ကြော့ရှင်း မျက်စိတွင်းက မထွက်ပြီ။ တောင်မြို့ထည်၊ နီပြာဝါရွှေ စိမ်းညိုလဲ့ကြော့ရှင်း မျက်စိတွင်းက မထွက်ပြီ။

မြန်မာ့အသရေ၊ အလှတွေ အဆင်ပြေပြေ ယဉ်ပေသည်'

ဟူသော သံပြိုင်၏ အတီးပိုဒ်ကို ပတ်လုံးလေးတစ်လုံးကိုပဲ ပိုက်ကာ အဖိအဖော့အခုတ်များဖြင့် ဒိုးချက်ပေါင်းများစွာ ထွက်အောင် တီးတတ်သေး၏။

ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ ကထိန်တော်ကို ကျွန်တော်တို့က ပွဲစားတန်းကထိန်ဟု ခေါ်ကြသည်။ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ ၆ ရက်ခင်းကျင်းတတ်၏။ ပွဲစားတန်း ကထိန်မှာ ထိုင်ဆိုင်းဝိုင်းများသာမက မန္တလေးမြို့၏ ဆိုင်းအဖွဲ့ကြီးများလည်း ပါတတ်သည်။ စိန်မောင်ကိုကြီး၊ ရွှေဒေါင်းမြိုင်၊ စိန်ဘညို တစ်ဆိုင်းမဟုတ် တစ်ဆိုင်းပါတတ်သည်။ ကျွန်တော်တို့မှာ အဝေးက လှမ်းကြည့်၍ ဘယ်သူ့ဆိုင်းဟု ခန့်မှန်းရသည်မှာပင် ပျော်စရာကောင်းလှသည်။ စိန်မောင်ကို၏ ပတ်မထမ်း ပဥ္စရူပ ရုပ်က အခြားဆိုင်းများထက်ကြီးသည်။ ရွှေဒေါင်းမြိုင်က ဒေါင်းရုပ်ကြီး မူပိုင်ဖြစ်၏။ ထိုခေတ်ဆီက စိန်ဘညိုမှာ သူ့ပတ်မထမ်းရုပ်က ဇာမဏီငှက်ရုပ်ကြီးဖြစ်လေသည်။

အငြိမ့်များကလည်း အငြိမ့်ကောင်းများဖြစ်သည်။ ထိုစဉ်က လမင်းတစ်ရာအငြိမ့်မပေါ်သေး။ သစ်လွင်အငြိမ့်မှာ ပန်းတျာဌေးဌေးမြင့်က ကပြသည်။ ငြိမ်းချမ်းရေးခင်စောထွေးအငြိမ့်၊ ရတနာပုံအငြိမ့်၊ အောင်မြေအေးအငြိမ့်စသည်တို့ပါတတ်သည်။

ကျွန်တော်တို့ကား ပွဲစားတန်း ကထိန်နေ့ဆိုလျှင် မိုးလင်းလုမတတ်။ ဟိုအငြိမ့် သည်အငြိမ့် ကူးကြည့်ကြရ၏။ နေ့ခင်းမှာလည်း ဈေးချိုရုံကြီးများ ကထိန်မှ ပွဲပေါင်းစုံကိုလည်း မော့ခဲ့ကြပြီးပြီ။

ဈေးချိုကထိန်နေ့ပွဲများကလည်း ကြိတ်ကြိတ်တိုး၊ ရွှေဆိုင်တန်းက မြို့မနှင့်အငြိမ့်ညွှန့်ပေါင်းဖြစ်သည်။ မြို့မအသင်းသားများကလည်း ရွှေဆိုင်တန်းမှာဆိုလျှင် အားကြိုးမာန်တက် ခပ်ကဲကဲလေးတီးမှုတ်ကြ၏။ ရွှေဆိုင်တန်းမှာဆိုလျှင် မြို့မလက်ဟောင်းအဆိုတော်ကြီးများကလည်း ဝင်ရောက်သီဆိုကြသည်။ တင်တင်မာတို့ ကြွယ်ကြွယ်တို့ကအစပေါ့။ တစ်နှစ်က အဆိုတော် 'ထား' ပင် လာသီဆို၏။ သူမ၏ ဗုတ်တလုတ်ကန် သီချင်းကား မြို့မသံစဉ်များနှင့်လိုက်ဖက်လှသည်။

တန်ဆောင်မုန်း လဆန်း ၁၁၊ ၁၂ ရက်ရောက်ပြန်တော့ ဆင်တံတား ကထိန်၊ သံဖြူတန်းကထိန်၊ တန်ဆောင်မုန်းလဆန်း ၁၂၊ ၁၃ ရက်ကား ၈၆ လမ်းတစ်ဝိုက် အစည်ကားဆုံးကထိန်ပွဲကြီးဖြစ်တော့သည်။ ကိုင်းတန်းဈေးကထိန်၊ ဒေါင်းရိုးကထိန်၊ ဝါးတန်းကထိန်၊ ဈေးချိုတိုက်တန်းကြီး တိုက်တန်းလေးကထိန်တို့



ကျင်းပကြသည်။

ဒေါင်းရိုးကထိန်ကား နှစ်တစ်ရာကျော်ခဲ့လေပြီ။ ကိုင်းတန်းဈေးကထိန်က တစ်ခါတစ်ရံ ဥတ်မကြီးပေါ်တွင် လူကိုယ်တိုင်ရုပ်သေသရုပ်ဆောင်ကြသည်။ ထို့အတူ ဆင်တံတားကထိန်ကလည်း ရုပ်သေသရုပ်ဆောင်တတ်၏။ ပြောခဲ့သလို 'လှသူဇာ' ရေသဘင်အသင်းသူများကား ကိုင်းတန်းဈေးရော၊ ဆင်တံတားပါ ပတ်သက်နေလေတော့ ထိုသို့သောကိစ္စများက သူတို့အဖို့ အပန်းမကြီး။ လူစုစရာ၊ ဇာတ်တိုက်စရာမလို။ သည်နှစ်ကဏှာ၊ ဇာလီက နောင်နှစ်တွေမှာ ဝေဿန္တရာမင်းကြီးသော်လည်းကောင်း၊ မဒ္ဒီဒေဝီသော်လည်းကောင်း သရုပ်ဆောင်ဖို့မခဲယဉ်းတော့။ ဤသို့ဖြင့် မျိုးဆက်အမွေ လက်ဆင့်ကမ်းခဲ့ကြသည်။

ဝါးတန်းကထိန်ကလည်း သူဌေးရပ်ကွက်မို့ ပွဲလမ်းပေါ်များ၏။ နေ့ခင်းဈေးချိုထဲမှ မြို့မကလည်း ဝါးတန်းမှာ ညပွဲဆက်ရတော့သည်။ မန္တလေးကထိန်ပွဲများတွင် ညပိုင်း၌အငြိမ့်များ၊ ဇာတ်များပါသလို ညဥ့်ဦး၌ခြင်းပွဲများလည်း ပါတတ်သေးသည်။ မြန်မာ့ခြင်းခတ်ဓလေ့သည် အနုပညာကဲသည်။ တီးဝိုင်းက အသွက်၊ အယိုင်၊ အလေး၊ နရီ၊ အိုးစည်၊ ဗိန်းဗောင်း၊ အစုံတီးခတ်သလို လိုက်ဖက်စွာခတ်ကစားကြသည်။

နရီမှာဆိုရင် အပေးအယူခပ်လေးလေး၊ ဝါးလတ်မှာ ခပ်သွက်သွက်၊ အိုးစည်ဆိုလျှင် ခြင်းမင်းသားက ဝိုင်းလယ်ရပ်ပြီး တစ်ကိုယ်တော် ခြင်းပေါက်မျိုးစုံ ခတ်ကစားတော့သည်။ ဗိန်းဗောင်းရိုက်လျှင်ဖြင့် ဝိုင်းရှိလူကုန် 'ဝိုင်ကြီး' ကို အပီခတ်ကြတော့၏။ ယနေ့အထိ ခြင်းပွဲများ မတိမ်ကောသေး၍ ဝမ်းသာရပါသည်။ သို့သော် အရင်ကလို အများနှင့်အပေးအယူ အချက်ကျကျ၊ အကွက်ကျကျ ခတ်ကစားမှုမျိုးမဟုတ်ဘဲ မိန်းကလေးများက တစ်ကိုယ်တော်ကြိုးခုန်၊ မီးကွင်းစွပ်၊ ကလပ် 'က' စသော ခြင်း ဆပ်ကပ်တွေချည်း ဖြစ်သွားမှာတော့ စိုးရိမ်စရာဖြစ်၏။

ကနဦးနှစ်များဆီက ဝါးတန်းကထိန်တွင် ရွှေဘိုတင်မောင်ရုပ်သေးပါတတ်သည်။ ရွှေဘိုတင်မောင် ရုပ်သေးကို ဝါးတန်းကထိန်မှာ ၂၉လမ်း၊ ရွှေတချောင်း အရှေ့ဘက်၌ မိုးလင်းထိုင်ကြည့်ဖူးသည်။ ဒီနှစ် (၁၉၉၇ ခုနှစ်) ဝါးတန်းကထိန် နှစ်တစ်ရာပြည့်ပြီ။ ၈၆ လမ်းတစ်ဝိုက် ကထိန်များကား တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့ညတွင် ခင်းကျင်းပြီး ၁၄ ရက်အဖိတ်နေ့ နံနက်မှစ၍ စစ်ကိုင်းတောင်သို့ တစုတဝေး သွားရောက်လှူဒါန်းကြတော့သည်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ နံနက် ရေဒီယိုမှ နံနက်ချိန်ခါတေးသံသာတွင် ကိုအံ့ကြီး၏ 'စစ်ကိုင်းတောင်' သီချင်းက လာတတ်၏။ ထိုသီချင်းသံနှင့်စစ်ကိုင်းသွားမည့် ကထိန်ခင်း ဘတ်စ်ကားများအပေါ် အပြေးအလွှားနေရာယူရတာ ပျော်စရာကောင်းလှသည်။

တစ်နှစ်တလေ အကြောင်းအခန့်မသင့်၍ စစ်ကိုင်းသို့ မလိုက်ရလျှင် ကိုအံ့ကြီးကလည်း 'ရောက်ကြဖူးသလား ဇေယျာရွှေမြေ၊ မြစ်ရေခွေဝန်းရံ၊ ရှုတိုင်းဖြာဝေ...၊ စစ်ကိုင်း တောင်ခြေ အရောက်သွား၊ တရားရှာဖွေ...၊' ဟု သီဆိုသံကို အိပ်ရာထဲမှ ဝမ်းနည်းပက်လက် နားထောင်နေရသည်။ ကထိန် ခင်းကားတွေ ဟြသံပေးထွက်သွားတော့မှ အိပ်ရာက ထဝံ့တော့၏။ ဤမျှ စစ်ကိုင်းတောင် ကထိန်ပိုးက စွဲကပ်ခဲ့ရသည်။

အခုတော့ ၁၀ နှစ်ကျော်ဝေးပေါ့။

တန်ဆောင်မုန်းလပြည့်ပေါင်းများစွာ မိမိကိုအသံမပေးဘဲ ကျော်ဖြတ်သွားခဲ့တာကြာပေါ့။

ရွှေတချောင်းအနောက်ဘက် ၈၆ လမ်းတစ်လျှောက် ၂၈ နှင့် ၂၉ လမ်းကြားကိုတော့ သတိတရရှိနေမိသည်။ ထိုတစ်လျှောက်က ပျံကျဈေးတန်းက ဈေးခုံတွေပေါ်မှာ ညရောက်လျှင် သွားရောက်ထိုင်ပြီးဖရဲသီးခွဲစားကြရသည့်အဖြစ်အပျက်လေးများပင် ဖြစ်သည်။ နွေဦး ပေါက်ပြီဆိုလျှင် ၂၉ လမ်းတစ်လျှောက်ဖရဲသည်တွေ ရောက်လာတော့၏။ ဖရဲသီးပုံကြီးတွေက တောင်ပုံရာပုံ။ နှစ်စဉ်နှစ်တိုင်း လာနေကျမို့ ဖရဲသည်များနှင့် ရပ်ကွက်နှင့်က ဆွေလိုမျိုးလိုဖြစ်နေကြပြီ။

***(''တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး'' ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ပုသိမ်မြို့ နိဂြောဓာဗျာဒိတ်ပေးဘုရားလှည့်လည်ပူဇော်ပွဲ စည်ကား

**ပုသိမ် ဇန်နဝါရီ ၃၁**

ပုသိမ်မြို့အမှတ် (၂) နယ်မြေ ရွှေစည်းခုံဘုရားလမ်းရှိ နိဂြောဓာဗျာဒိတ်ပေးဘုရား ဗုဒ္ဓဝင်လှည့်လည်ပူဇော်ပွဲကို ဇန်နဝါရီ ၂၉ ရက်က စတင်ကျင်းပသည်။

ဗုဒ္ဓဝင်အရ မြတ်စွာဘုရားရှင်သည် ဥရုဝေလာတောအရပ်၌ရှိသော ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား ကျွတ်တမ်းဝင်စေသောငှာ ကိုယ်တော်တိုင်ကြွရောက်၍ တရားဦးဟောကြားတော်မူသက္ကရာဇ် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်မှ အစပြု၍ မိဂဒါဝုန်တော အရပ်သက္ကရာဇ်ကို စီစဉ်ထားရှိသော ကန်လမ်းရပ်ကွက်၌ လည်းကောင်း၊ ထိုမှ ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်များ၌ သုံးရက်စီ အပူဇော်ခံ၍ ဓမ္မကထိက တရားပွဲများ ဆွမ်းတော်ကြီးကပ် မီးထွန်းပွဲများဖြင့် ကျင်းပကြသည်။

ထိုနောက် ဥရုဝေလာတော အရပ်သက္ကရာဇ်ပြုလုပ်ထားသော အမှတ် (၁) နယ်မြေ ကွန်းခြံရပ် ဆုတောင်းပြည့်ဂန္ဓာကုဋိတိုက်၌ ပြာသိုလကွယ်နေ့မှ သုံးရက်တိုင် သီတင်းသုံးတော်မူပြီး ဥရုဝေလကဿပအမှူးပြုသော ရဟန္တာ ၁၀၀၀ ခြံရံလျက် ရာဇဂြိုလ်ပြည်သို့ ကြွတော်မူသက္ကရာဇ်ကို ပုသိမ်မြို့တွင်းသို့ ဇန်နဝါရီ ၂၉ ရက် တပို့တွဲလဆန်း ၂ ရက် နံနက် ၈ နာရီမှ စတင်လှည့်လည်ရာ ထုံးဘိုရပ်ကွက်မှ သရက်ဖြူဥယျာဉ်သက္ကရာဇ်ကြိုဆိုပူဇော်ကြခြင်း၊ လမ်းခရီး၌ ရှမ်းကုန်သည် လှည်း ၅၀၀က မြတ်စွာဘုရားနောက်တော်ပါးမှ အလုပ်အကျွေးပြုလိုက်ပါသကဲ့သို့ ပုသိမ်သူ လုပျိုဖြူလေးများက လှည်းယဉ်ကြော့လေးများဖြင့် လိုက်ပါကြသည့် မြင်ကွင်းများနှင့် ဖွားဖက်တော် ကာဠုဒါယီ အမတ်ကြီးက ကပိလဝတ်ပြည်သို့ ပင့်လျှောက်၍ လိုက်ပါခန်း၊ သားတော် ရာဟုလာတွေ့ဆုံ၍ မြတ်စွာဘုရားရှင်ထံ အမွေတောင်းခန်းအစရှိသော ဗုဒ္ဓဝင်သရုပ်ဖော်များ ပြကွင်းပြကွက်များနှင့် လှည့်လည်ကြသကဲ့သို့ ရှမ်းအိုးစည်နှင့် ခေါ်သိုင်းအက၊ မြန်မာ့ရိုးရာ အဆို၊ အတီး၊ အက စုံလင်စွာဖြင့် တစ်နေကုန် နေဝင် မိုးချုပ် ကျင်းပသည်။



မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်း ၁၅၀ မှ စတင် ကျင်းပလာသကဲ့သို့ ငွေကြေးအများဆုံး၊ လူအင်အားနှင့် အသုံးအဆောင်ပစ္စည်းအများဆုံး၊ နွားအလှနှင့် မြန်မာ့လှည်းကျက်သရေရှိကာ မြန်မာပြည်တွင်း ခရီးသွားများကပင်မက နိုင်ငံရပ်ခြားဧည့်သည်များပင် နှစ်စဉ် မပျက် ပုသိမ်မြို့ နိဂြောဓာဘုရားပွဲကို ရင်သပ်ရှုမော အံ့သြနေကြကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ်ကို ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

နေပြည်တော် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားမှုဖြင့် ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မိုးဦးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် ရွှေချီရပ်ရှိ ရပ်ကွက်နေ ပြည်သူများနေအိမ်သို့ ဇန်နဝါရီ ၂၈ ရက်က သွားရောက်ကာ ပြည်သူဗဟိုပြု ရဲလုပ်ငန်း စနစ်ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် မှုခင်းကျဆင်း ကာကွယ်ရေးနှင့် မှုခင်းပညာပေး လက်ကမ်းစာစောင်များ၊ ပြည်သူများ အနေဖြင့် အချိန်မရွေး ဆက်သွယ် အကြောင်းကြားနိုင်သည့် ဖုန်းနံပါတ်များ ဝေငှခဲ့ပြီးနောက် ရဲတပ်ဖွဲ့အနေဖြင့် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး၊ လောင်းကစားမှုများ ပပျောက်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို လုပ်ဆောင်ပေးရန် အသင့်ရှိနေကြောင်း၊ ပြည်သူဘက်ကလည်း ရဲတပ်ဖွဲ့အား အကူအညီပေးမှ သတင်းမှန်ရရှိမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့အပေါ် အကြံပြုချက်များ နေအိမ်လုံခြုံရေးနှင့် မှုခင်းကျဆင်းရေးကိစ္စများကို ရဲတပ်ဖွဲ့အား သတင်းပေးပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ မိမိပတ်ဝန်းကျင်တွင် မှုခင်းဖြစ်စဉ်များဖြစ်ပေါ်လာလျှင် ဝေငှထားသော ဖုန်းနံပါတ်များဖြင့် ဆက်သွယ်အကြောင်းကြားပေးရန် လိုအပ်ကြောင်း၊ သတင်းမှန်ပေးပို့သူများ၏ အမည်များ၊ ဖုန်းနံပါတ်များကို မှတ်တမ်းတင် သိမ်းဆည်းထားမည် မဟုတ်သလို ထုတ်ဖော်သွားမည်လည်း မဟုတ်ကြောင်း ရဲမှူးတင်မိုးဦးက ပြောသည်။

ပြည်သူများမှလည်း ယခင်အချိန်က မှုခင်းဖြစ်စဉ်ဖြစ်လာလျှင် အုပ်ချုပ်ရေးမှူးရုံးသို့ တိုင်ကြားခဲ့ပြီး ရဲတပ်ဖွဲ့ထံ တိုင်ကြားရန် အားနည်းခဲ့ကြောင်း၊ ယခုကဲ့သို့ ဆက်သွယ်ရန် ဖုန်းနံပါတ်များရရှိထားပြီဖြစ်၍ မိမိပတ်ဝန်းကျင်တွင် မှုခင်းဖြစ်စဉ်များဖြစ်လာပါက ဆက်သွယ်အကြောင်းကြားမည်ဖြစ်ကြောင်း၊ ရပ်ကွက်အေးချမ်း သာယာရေးကို လိုလားကြောင်း၊ ဖြစ်လေ့ဖြစ်ထရှိသော ခိုက်ရန်ဖြစ်ပွားမှု၊ ယာဉ်မတော်တဆမှု၊ ခိုးမှု၊ မူးယစ်ရမ်းကားမှု ဖြစ်လာပါကလည်း မိမိတို့ဘက်မှ ဆက်သွယ်အကြောင်းကြားမည်ဖြစ်သလို ရဲတပ်ဖွဲ့မှလည်း အကူအညီပေးပါရန် ပြောကြားလိုကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့သို့ အချိန်မရွေး ဆက်သွယ်အကူအညီတောင်းခံနိုင်ရန်အတွက် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့ရုံး ဖုန်း-၀၆၇-၂၂၆၃၀၊ ပျဉ်းမနားမြို့မရဲစခန်း ဖုန်း-၀၆၇-၂၂၅၀၄၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဖုန်း-၀၉-၄၂၀၇၀၈၂၆၂၊ ၀၉-၇၉၆၆၇၂၇၅၀၊ ရဲစခန်းမှူး ဖုန်း-၀၉-၄၄၄၀၃၁၂၂၂၊ ၀၉-၇၈၂၂၂၅၃၁၁၊ နယ်ထိန်းခေါင်းဆောင် ဖုန်း-၀၉-၄၂၈၃၂၁၄၉၈၊ အပိုင်နယ်ထိန်း ဖုန်း-၀၉-၄၃၀၇၅၇၂၈ စသည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

# မင်းပြားမြို့နယ်တွင် ဖေဖော်ဝါရီလမှစ၍ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိတော့မည်

**မင်းပြား ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ်တွင် လျှပ်စစ်ဓာတ်အားတည်ဆောက်ရေးလုပ်ငန်းများမှာ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်ဇော်ထံမှ သိရသည်။

ဖေဖော်ဝါရီလအတွင်း ဓာတ်အားရရှိမည်ဖြစ်၍ ဓာတ်အားစနစ်ရောက်ရှိလာပါက မင်းပြားမြို့ပေါ်နှင့် ကျေးရွာငါးရွာတစ်ပြိုင်တည်း ဓာတ်အား ၂၄ နာရီ ရရှိတော့မည်ဖြစ်ရာ သက်ဆိုင်ရာကုမ္ပဏီမှ တည်ဆောက်ရေးလုပ်ငန်းများကို အလေးထားစစ်ဆေးမှုများပြုလုပ်နေပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားရှိတော့မည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာငါးရွာသို့ ကွင်းဆင်း၍ လုပ်ငန်းလိုအပ်ချက်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းစေရန် လူထုဟောပြောပွဲများနှင့် လျှပ်စစ်လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ**

# ဆေးမားအူလ်အွန်ဒုံစီမံကိန်းလမ်းသစ်ဖွင့်

**ပဲခူး ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ထားဝယ်အင်းကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဆေးမားအူလ်အွန်ဒုံစီမံကိန်း လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါလမ်းဖွင့်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးလှမြင့်တို့က အမှာစကားပြောကြားသည်။

ယင်းလမ်းမှာ မြေသားလမ်းဖြစ်၍ အရှည်ပေ ၁၃၇၀၊ အကျယ် ပေ ၂၀၊ အမြင့် လေးပေဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇန်နဝါရီ ၁၅ ရက်မှ ၂၃ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၅၈ | သိပ္ပံမောင်ဝ | မောင်လူအေးဇာတ်လမ်း (မှတ်တမ်းဝင်ဝတ္ထုတိုများ) | ၃၅၀၀ိ/-စာပေခရီးသွားစာပေ |
| ၅၉ | မြတ်ငြိမ်း | သင့်လက်တစ်ကမ်းမှာအောင်ပွဲရှာ | ၂၀၀၀ိ/-ကိုနေမန်းစာပေ |
| ၆၀ | လင်းဝေမြိုင် | ကုတ်အင်္ကျီ (THE OVER COAT) | ၁၅၀၀ိ/-လင်းသစ်ရောင်စဉ်စာပေ |
| ၆၁ | တက္ကသိုလ်တင်ခ | မြန်မာ့ဇာတိမာန်အဘိဓာန် | ၃၅၀၀ိ/-ဂုဏ်ထူးစာပေ |
| ၆၂ | နန်းရွှေလီကြိုင်(မိုင်းပန်) | တိုင်းပြည်နှင့် လူမျိုးအတွက် အန္တရာယ်ကြီးမား အနောက်ဘက်တံခါး | ၃၀၀၀ိ/-ရန်အောင်စာပေ |
| ၆၃ | ကောင်းဆက်နိုင်၊ ကိုဝမ်း | ယနေ့ ....အာဏာရှင်များ မဖတ်ရ | ၁၅၀၀ိ/-ကြယ်နီစာပေ |
| ၆၄ | အရှင်ဥတ္တရသာရ | ဗုဒ္ဓဘာသာဝင်များ သိထားသင့်သော ဩကာသအဓိပ္ပာယ် | ၂၀၀၀ိ/-ဆုပြည့်စုံထွန်းစာပေ |
| ၆၅ | နေလင်းဝင်း | သမင်ကလေးပိစိနှင့်အခြားပုံပြင်များ | ၁၅၀၀ိ/-စာနဒီစာပေ |
| ၆၆ | ခင်မောင်ကြီး | ဒီကင်မရွှန် | ၃၀၀၀ိ/-လောကသစ်စာပေ |
| ၆၇ | ဒေါက်တာညိုညို | အောင်မြင်သောနှင်းဆီစိုက်ပျိုးရေး | ၂၀၀၀ိ/-ကမ္ဘာစိမ်းမြစာပေ |
| ၆၈ | ဦးမိုယ်း(လယ်ဝန်) | သင့်မြေသင်အမှန်တကယ်ပိုင်ပြီလားနှင့် အခြားမြေယာဆိုင်ရာဆောင်းပါးများ | ၂၅၀၀ိ/-ကမ္ဘာစိမ်းမြစာပေ |
| ၆၉ | ဒေါက်တာစိန်လှဗိုလ် | ဦးနှောက်မရှိပေမယ့်အပင်တွေ ဘယ်လိုတုံ့ပြန်ဆုံးဖြတ်ပေးကြတာလဲ | ၃၅၀၀ိ/-ကမ္ဘာစိမ်းမြစာပေ |
| ၇၀ | ပါမောက္ခ ဒေါက်တာမြင့်သောင်း | ထိုးထွင်းတီထွင်အတွေးအခေါ်ပညာ | ၃၅၀၀ိ/-ကမ္ဘာစိမ်းမြစာပေ |
| ၇၁ | ပါရဂူ | ခေါမဒဿန(ဆိုကရေးတီး၊ ပလေတို၊ အရစ္စတိုတယ်) | ၃၅၀၀ိ/-စိတ်ကူးချိုချို |
| ၇၂ | မောင်ခေတ်ထွန်း | ကမ္ဘာကြီးကို ဖန်တီးသူနှင့် အခြားပုံပြင်များ | ၁၀၀၀ိ/-စိတ်ကူးချိုချို |
| ၇၃ | အကြည်တော် | အောင်မြေ | ၃၀၀၀ိ/-စာပေလောက |
| ၇၄ | ပါရဂူ | ပုံပြဗုဒ္ဓဝင် | ၅၀၀၀ိ/-စိတ်ကူးချိုချို |
| ၇၅ | နိုင်ဇော် | ကိုယ်တွေ့သူရဲခြောက်ခံရသူများနှင့် လက်ရွေးစင်ခရီးသွားစာစုများ အမှတ်(၁) | ၂၀၀၀ိ/-မျိုးမြန်မာစာပေ |
| ၇၆ | မြတ်ထန် | နှောင်းတမြေ့မြေ့ | ၃၃၀၀ိ/-စိတ်ကူးချိုချို |
| ၇၈ | လင်းလွန်းခင်အဖွဲ့ | မဂ္ဂဇင်းဝတ္ထုတိုများ ၈ | ၅၅၀၀ိ/-လင်းလွန်းခင်စာပေ |
| ၇၉ | ကောင်းသာ | အောင်မြင်ရှေ့ဆက် ဆယ်ကျော်သက် အလေ့အထ(၇) ချက် | ၁၅၀၀ိ/-စိတ်ကူးချိုချို |
| ၈၀ | တက္ကသိုလ်မြစိမ်း | နှောက်တိုး | ၄၀၀၀ိ/-စိတ်ကူးချိုချို |
| ၈၁ | မြတ်ငြိမ်း | ပြဿနာအရပ်ရပ်ကို ဦးနှောက်ဖြင့် ဖြေရှင်းလိုသူတိုင်းအတွက် မြင့်မိုရ်မမြင့်ပါ | ၂၇၀၀ိ/-စိတ်ကူးချိုချို |
| ၈၂ | ငြိမ်းကျော် | မိုးမသောက်မှောင်မိုက်အရိပ်မပြေးမီ | ၃၂၀၀ိ/-စိတ်ကူးချိုချို |
| ၈၃ | ဘုန်းသက်ပိုင် | လွတ်လပ်မှု အနာဂတ် | ၅၀၀၀ိ/-The Key Collection |
| ၈၄ | လူထုဦးလှ | ချင်းပုံပြင်များ | ၂၀၀၀ိ/-လူထု |
| ၈၅ | လူထုဦးလှ | ချင်းပုံပြင်များ တတိယတွဲ | ၂၀၀၀ိ/-လူထု |
| ၈၆ | ဒဂုန်တာရာ | ဝတ္ထုရေးဆရာ | ၂၀၀၀ိ/-နေရီရီစာပေ |

# လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပ

**ကျိုင်းတုံ ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ဒေသအတွင်း နေထိုင်ကြသော လားဟူတိုင်းရင်းသားများ စုပေါင်းကျင်းပသည့် (၃၆) ကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို ကျိုင်းတုံမြို့ မြို့မဘောလုံးကွင်းအတွင်း၌ ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒေသအတွင်းရှိ လားဟူတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအက၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး ပွဲတော်သို့တက်ရောက်လာသော ဘိုးဘွားများ၊ ဧည့်သည်များအား နှစ်ဟောင်းမှအညစ်အကြေးများ ဆေးကြော၍ သန့်ရှင်းစွာဖြင့် နှစ်သစ်ကို အစပြုနိုင်ရန်အလို့ငှာ လက်ဆေးပေးခြင်းကို ရိုးရာဓလေ့အတိုင်း လားဟူ ယဉ်ကျေးမှုအဖွဲ့က ဆောင်ရွက်ပေးသည်။ ထို့နောက် နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က နှစ်သစ်ကူးအဖွင့် စကားပြောကြားပြီး တြိဂံဒေသတိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လားဟူ တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး ဦးယောသပ်တို့က နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ လားဟူမြေဝိုင်းအကကို ဒေသခံတိုင်းရင်းသားများနှင့် တက်ရောက်လာသူများက ပျော်ရွှင်စွာ စုပေါင်းကခုန်ကြပြီး နှစ်သစ်ကူး ကောက်သစ်ဆန် ရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ အဆိုပါ လားဟူတိုင်းရင်းသား နှစ်သစ်ကူးပွဲတော်သို့ တိုင်းရင်းသားရိုးရာ ဓလေ့များအား စိတ်ဝင်စားသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များလည်း ပါဝင်ဆင်နွှဲခဲ့ကြသည်။

လားဟူတိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲကို ယခင်က ချယ်ရီ မက်မန်းပင်များ ဖူးပွင့်သည့်အချိန်၌ ဒေသအလိုက် ကျင်းပခဲ့ရာမှ ၁၉၈၁ ခုနှစ်မှစတင်၍ တပို့တွဲလဆန်း ၁ ရက်နေ့တိုင်း စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း လားဟူယဉ်ကျေးမှု အဖွဲ့ဝင်တစ်ဦးက ပြောသည်။ ယခုနှစ် စုပေါင်းနှစ်သစ်ကူးပွဲကို ကျိုင်းတုံမြို့မ ဘောလုံးကွင်း၌ ဇန်နဝါရီ ၂၆ ရက်ညမှ ၂၈ရက်ညအထိ ကျင်းပခဲ့ရာ လားဟူတေးသီချင်းများ၊ ရိုးရာအကများ၊ စင်တင်တေးဂီတများဖြင့် ဖျော်ဖြေကြပြီး လားဟူရိုးရာယဉ်ကျေးမှု ပြခန်းနှင့် ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများလည်း ထည့်သွင်းကျင်းပပေးခဲ့ကြောင်းသိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



# သွားနှင့်ခံတွင်း ဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းဆေးဝါးကုသပေး

**ကျွန်းလှ ဇန်နဝါရီ ၃၁**

နှလုံးလှ သွားနှင့်ခံတွင်းဆရာဝန်များအဖွဲ့(မန္တလေးမြို့)နှင့် လင်းရောင်သစ် ပညာရေး ပရဟိတအသင်း(ကျွန်းလှမြို့)တို့ ပူးပေါင်း၍ ကျွန်းလှမြို့နယ် ရွာကုန်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား သွားနှင့်ခံတွင်း အခမဲ့ကုသမှုများကို ရွာကုန်းကြီးကျေးရွာ တိုက်နယ်ဆေးရုံ၌ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်က ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ရွာကုန်းကြီးကျေးရွာနှင့် အနီးတစ်ဝိုက်ကျေးရွာများမှ သွားနှင့်ခံတွင်းဝေဒနာရှင်ပြည်သူ ၁၉၆ ဦးတို့အား နှလုံးလှ သွားနှင့်ခံတွင်းဆရာဝန်များအဖွဲ့မှ ဒေါက်တာသော်ဇင်မြင့် ဦးဆောင်သောအဖွဲ့က သွားခြစ်ခြင်း၊ ဖာထေးပေးခြင်း၊ ရောဂါဖြစ်သောသွားများ နုတ်ပေးခြင်း၊ ဆေးထည့်ပေးခြင်း၊ ဆေးပေးခြင်း၊ ဆက်လက်ကုသမှုခံယူရန် လိုအပ်သူများအား နီးစပ်ရာလမ်းညွှန်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာများလည်း အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

သွားနှင့်ခံတွင်း ဆရာဝန်များရှိရာ မြို့များနှင့် အလှမ်းဝေးသော ကျေးလက်ဒေသများအထိ ယခုကဲ့သို့ တိုက်ရိုက်လာရောက်ကုသပေးခြင်းအားဖြင့် ကုသမှုနောက်ကျသွားခြင်း မရှိစေရန်နှင့် ဒေသခံပြည်သူများအနေဖြင့် သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာများတိုးပွား၍ ရောဂါများကို ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ ကွင်းဆင်းဆေးကုသပေးနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လင်းရောင်သစ် ပညာရေး ပရဟိတအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်းနိုင်က ပြောကြားသည်။

**ထိန်လင်း (ပြန်/ဆက်)**



# ရေလမ်းကြောင်းကောင်းမွန်ရေး သောင်တူးမှု ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေ

**ကသာ ဇန်နဝါရီ ၃၁**

ကသာမြို့အဝင် ဧရာဝတီမြစ်ဆိပ်ကမ်း၌ ရေလမ်းကြောင်း တိုးတက်ကောင်းမွန်ရေးအတွက် သောင်တူးလုပ်ငန်းကို ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်အထိ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကသာမြို့အဝင်ဆိပ်ကမ်း ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေးအတွက် ကျွန်းပြတ်ရေလွှဲ တူးမြောင်းအလျား ၁၂၉၅ မီတာ၊ အကျယ် ၃၅ မီတာနှင့် ရေစီးမျဉ်းအောက် နှစ်မီတာတို့တွင် တူးဖော်မှုများ ဆောင်ရွက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းခန့် အောင်မြင်စွာပြီးစီးနေပြီဖြစ်ကြောင်းနှင့် အဆိုပါရေလမ်းကြောင်း တူးဖော်ခြင်းကြောင့် နှစ်စဉ် နွေရာသီကာလတွင် မြစ်ရေနည်း၍ ရေလမ်းကြောင်း ကျဉ်းနေသည့်အစား ယခုနှစ်နွေရာသီမှစ၍ လာမည့်နှစ် အဆက်ဆက်တွင် ကသာမြို့အဝင်ရေလမ်းကြောင်း ကောင်းမွန်လာပြီး ဆိပ်ကမ်း သန့်ရှင်းသာယာလှပရေးကိုလည်း အကျိုးပြုလာနိုင်မည်ဖြစ်ကြောင်း သိရသည်။



ကသာမြို့ဆိပ်ကမ်း ဧရာဝတီမြစ်ရေလမ်းကြောင်း တိုးတက်ကောင်းမွန်ရေးအတွက် သောင်တူးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သောင်တူးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်၊ ရေလမ်းညွှန်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၂၈ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကသာမြို့အဝင်ဆိပ်ကမ်း သောင်တူးဖော်ခြင်းကြောင့် ရေလမ်းကြောင်းများ ပိုမိုကောင်းမွန်လာမည်ဖြစ်၍ ပြည်တွင်းရေကြောင်း ကုန်သွယ်မှုလုပ်ငန်းများလည်း ကောင်းမွန်လာနိုင်ပြီး နိုင်ငံဘဏ္ဍာလည်း တိုးတက်လာနိုင်ကြောင်း ကသာမြို့ခံ ကုန်သည်တစ်ဦးက ပြောကြားသည်။

**ငွေအိုး(ကသာ)**



## စွယ်တော်ရှင်စေတီ ထီးတော်သစ် တင်လှူပူဇော်

**ဂန့်ဂေါ ဇန်နဝါရီ ၃၁**

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် စွယ်တော်ရှင်စေတီတော် စိန်ဖူးတော်နှင့် ထီးတော်သစ်တင်လှူပူဇော်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

ထီးတော်တင်လှူပွဲတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဂန့်ဂေါမြို့ ဘုရားကြီးမြောက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လက သီလချီးမြှင့်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ ဘုရားဂေါပကအဖွဲ့ဝင်များနှင့် ကြွရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စိန်ဖူးတော်နှင့် ထီးတော်ကို သံဃာတော်များ၊ လူပုဂ္ဂိုလ်များက အဆင့်ဆင့် လက်ဆင့်ကမ်း ပင့်ဆောင်သယ်ယူလျက် စေတီတော်ပေါ်သို့ တင်လှူပူဇော်ကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ဆက်လက်ကျင်းပခဲ့ကြသည်။

အဆိုပါစေတီတော်၏ ယခင်စိန်ဖူးတော်မှာ ၂၀၁၆ ခုနှစ် ဧပြီ ၁၃ ရက်က မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သဖြင့် စိန်ဖူးတော်သစ် တင်လှူခြင်းဖြစ်ကာ စိန်ဖူးတော်သစ်အပြင် ဟောင်းနွမ်းနေပြီဖြစ်သည့် ထီးတော်ကိုပါ စေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် အသစ်ပြန်လည် တင်လှူပူဇော်ကြခြင်းဖြစ်ကြောင်း သိရသည်။ (၁၀၁)

## သတင်းတိုများ

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသင်တန်းပို့ချ

မာန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် မြို့နယ်အတွင်း ကျေးရွာစုစုပေါင်း ၁၃၈ ရွာ ဖွံ့ဖြိုးရေးစီမံကိန်းကို ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၂၈ ရွာမှ သင်တန်းသား သင်တန်းသူများအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသင်တန်းအား အောင်မြင်စွာ သင်တန်းပို့ချခဲ့ပြီးဖြစ်သည်။အဆိုပါ ကျေးရွာများသည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ စီမံချက်များအား တစ်ရွာချင်း အလိုက်ရေးဆွဲပြီး ဇန်နဝါရီ ၃၀ ရက်က အိမ်ထောင်စု ၁၃၃၆၀ တွင် နယ်မြေဆင်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်လျက်ရှိရာ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားအလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေမှာ ဖြစ်သည်။ **(မြန်မာ့အလင်း)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်ရုံး)နှင့် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ရှိဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်း၊ သင်တန်းပို့ချခြင်းနှင့် မော်တော်ဆိုင်ကယ်မောင်းလိုင်စင် “က” စစ်ဆေးထုတ်ပေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ဆောင်ရွက်ခဲ့ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်ရုံး) ဦးစီးမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေးဟောပြောပို့ချပြီး မော်တော်ဆိုင်ကယ် “က” စစ်ဆေးအောင်မြင်သူဝန်ထမ်း ၁၀၆ ဦးကို ယာဉ်မောင်းလိုင်စင် ထုတ်ပေးခဲ့ကြောင်း သိရသည်။
**(မြန်မာ့အလင်း)**

### မီးဘေးလုံခြုံရေးအတွက် နေအိမ်များကို လိုက်လံစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရိမြို့၌ မီးဘေးလုံခြုံရေးအတွက် အမှတ်(၃)ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ၏ နေအိမ်များကို ကရသူရိမြို့နယ်ခွဲ မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးပီတာနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့်အတူ ဇန်နဝါရီ ၂၆ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်ချက်များကို လက်ထောက်ဦးစီးမှူးက အိမ်ရှင်များအား အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်ခွဲ ပြန်/ဆက်)**

### မှုခင်းပြခန်းယာဉ်ဖြင့် ပညာပေးမှုများဆောင်ရွက်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မိုးဝန်းကျေးရွာမှ ဒေသခံပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးမှုများကို မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် ဇန်နဝါရီ ၂၇ ရက်က သွားရောက်ပြသခဲ့ကြောင်း သိရသည်။ မှုခင်းအသိပညာပေးပြခန်းယာဉ်တွင် စလင်းရဲတပ်ဖွဲ့မှ စခန်းမှူး ဒုတိယရဲမှူးဝင်းနိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းမရှိစေရန် သတိပြုဖွယ်ရာများ၊ ဆောင်ရန်ရှောင်ရန်များကို ဒေသခံပြည်သူများအား ဟောပြောခဲ့ကာ ယာဉ်ပေါ်တွင် ပြသထားသော အသိပညာပေး ပိုစတာများကိုလည်း ဒေသခံပြည်သူများအား တက်ရောက်လေ့လာကြည့်ရှုစေခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ဂိုးစံချိန်တင်သွင်းတဲ့ ရွန်းနီကို ရွှေဖိနပ်ဆု ချီးမြှင့်

မန်ယူတိုက်စစ်မှူး ရွန်းနီကို အသင်းအတွက် ဂိုးစံချိန်တင်သွင်းယူပေးခဲ့တဲ့အတွက် ရွှေဖိနပ်ဆုချီးမြှင့်ခဲ့ပါတယ်။ ရွန်းနီဟာ စတုတ်စီးတီးနဲ့ ကစားတဲ့ပွဲမှာ မန်ယူအတွက် ဂိုး ၂၅၀ မြောက် သွင်းယူပေးခဲ့ပါတယ်။ ဒီဂိုးဟာ မန်ယူအသင်းမှာ ဂိုးအများဆုံး သွင်းယူနိုင်တဲ့ စံချိန်ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း ယခင်စံချိန်တင်ဂိုး အများဆုံးသွင်းထားတဲ့ ဆာဘော်ဘီချာလ်တန်က ရွန်းနီကို ဂိုးအများဆုံး စံချိန်တင်သွင်းယူပေးခဲ့တဲ့အတွက် ရွှေဖိနပ်ဆုချီးမြှင့်ပေးခဲ့ပါတယ်။ ရွန်းနီဟာ မန်ယူအသင်းမှာ ဂိုးအများဆုံး သွင်းယူသူဖြစ်လာပါပြီ။ ရွန်းနီဟာ ဆာဘော်ဘီရဲ့ စံချိန်ကို ကျော်ဖြတ်ပြီးနောက် အိုးထရက်ဖို့ အိမ်ကွင်းမှာ ဝီဂန်အသင်းနဲ့ အက်ဖ်အေဖလား စတုတ္ထဆင့် ကစားရမှာဖြစ်ပါတယ်။ ရွန်းနီဟာ မန်ယူနဲ့ ပွဲပေါင်း ၅၄၅ ပွဲမြောက်အဖြစ် ကစားပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီအတောအတွင်းမှာ ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်နဲ့ အက်ဖ်အေဖလားတွေကိုလည်း ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ချန်ပီယံလိဂ်ဖလား နှစ်လုံးနဲ့ ပရီမီယာလိဂ်ဖလား ငါးလုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။



# မန်ယူအတွက် ဂိုးစတင်သွင်းယူတဲ့ ရှဝိန်းစတိုင်ဂါ

မန်ယူရဲ့ဝါရင့်ကစားသမားကြီး ရှဝိန်းစတိုင်ဂါဟာ တစ်နှစ်တာအတွင်း ပထမဆုံးဂိုးကို သွင်းယူပေးနိုင်ခဲ့ပါပြီ။ မန်ယူနဲ့ ဝီဂန်တို့ ကစားခဲ့တဲ့ အက်ဖ်အေဖလား စတုတ္ထအဆင့် ပြိုင်ပွဲမှာ မန်ယူက လေးဂိုးပြတ်နဲ့အနိုင်ရခဲ့ရာမှာ နောက်ဆုံးဂိုးကို ရှဝိန်းစတိုင်ဂါက သွင်းယူပေးခဲ့ပါတယ်။ ရှဝိန်းစတိုင်ဂါဟာ ဒီနှစ်ပရီမီယာလိဂ်မှာ မန်ယူအတွက် ပထမဆုံးသွင်းယူခဲ့တဲ့ ဂိုးဖြစ်ပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိ ဂျာမနီအသင်းခေါင်းဆောင်ဟောင်း ရှဝိန်းစတိုင်ဂါဟာ ၂၀၁၆ ဇန်နဝါရီလကတည်းက မန်ယူမှာ ကစားခွင့်မရခဲ့ပါဘူး။ တစ်နှစ်အကြာမှာ မန်ယူမှာ အစပွဲ ပါဝင်ကစားခွင့်ရခဲ့ပြီး ပထမဆုံးဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။ လူကီရှောနဲ့ မာရှယ်တို့အတွက် နေရာပေးနေရတဲ့အတွက် အခွင့်အလမ်းတွေနဲ့ လွဲချော်ခဲ့ရပါတယ်။ နည်းပြမော်ရင်ဟိုကတော့ ရှဝိန်းစတိုင်ဂါရဲ့ ဂိုးသွင်းမှုအပေါ် ချီးကျူးပြောဆိုခဲ့ခြင်းမရှိသော်လည်း မန်ယူရဲ့အစပွဲတွေမှာ ပြန်လည်ကစားခွင့်ရဖို့ အလားအလာကောင်းတွေရှိနေပါတယ်။ ရှဝိန့်စတိန်ဂါဟာ ကိုယ်တိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သလို အခြားကစားသမားတွေကိုလည်း ဂိုးသွင်းနိုင်အောင် ဂိုးပေါက် ဖန်တီးပေးနိုင်ခဲ့ပါတယ်။ မော်ရင်ဟိုကတော့ ဝီဂန်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရအောင် ကစားခဲ့ခြင်းဟာ ထိုက်တန်တဲ့ အောင်ပွဲတစ်ရပ်ဖြစ်တယ်လို့ ဆိုပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။




# ထိပ်တန်းအသင်းတွေ နိုင်ပွဲဆက်ဦးမယ့် စပိန်လာလီဂါ ပွဲစဉ် (၂၁)

မိုးမြင့်လင်းလက်

စပိန်မြေက လာလီဂါပွဲစဉ် (၂၁)ကို ဖေဖော်ဝါရီ ၄ ရက်နဲ့ ၅ ရက်တွေမှာ ဆက်လက်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ တန်းစီဇယားထိပ်ပိုင်းက ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့လိုအသင်းတွေက ရမှတ်တွေအပြည့် စုဆောင်းနိုင်မလားကြည့်ရမှာဖြစ်ပြီး တိုက်စစ်မှူးတွေရဲ့ အားပြိုင်မှုကိုလည်း သုံးသပ်ခွင့်ရဦးမှာ ဖြစ်ပါတယ်။ နှစ်သင်းစလုံးရဲ့ထိပ်တန်း တိုက်စစ်အတွဲတွေဟာ ပြိုင်ဘက်တွေကို ကျော်ဖြတ်ဂိုးသွင်းတဲ့အခါ ဘယ်သူတွေက အားသာချက်ရှိမလဲကြည့်ရမှာဖြစ်သလို အသင်းငယ်တွေရဲ့ အားထည့်ကစားမှုတွေကလည်း ဘယ်လောက်အထိ ရလဒ်အပြောင်းအလဲဖြစ်ပေါ်သွားနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ဘာစီလိုနာနှင့် ဘီလ်ဘာအို**

နိုင်ပွဲရပြီး ဂိုးသွင်းအားကောင်းလာတဲ့ ဘာစီလိုနာတို့ကတော့ အခုပွဲက အိမ်ကွင်းလည်းဖြစ်တာမို့ ဂိုးပြတ်သွင်း အောင်ပွဲခံနိုင်ရေးကို ဦးတည်ကြိုးစားပါလိမ့်မယ်။ ဘီလ်ဘာအိုတို့ကတော့ လောလောဆယ်မှာခြေစွမ်းကျဆင်းနေပြီး ရလဒ်လည်း မကောင်းဘဲဖြစ်နေပါတယ်။ ဘာစီလိုနာတို့ကတော့ နျူးကမ့်ကွင်းမှာ ဘီလ်ဘာအိုကို နောက်ဆုံး လက်ခံကစားခဲ့တဲ့ သုံးပွဲမှာ သုံးပွဲစလုံး အနိုင်ယူခဲ့တာမို့ အခုပွဲမှာလည်း အဲဒီမှတ်တမ်းကောင်းကို ဆက်လက်ရေးထိုးဖို့ ကြိုးစားပါလိမ့်မယ်။ ဒီပွဲမှာ ဘာစီလိုနာတို့ အောင်ပွဲခံပါလိမ့်မယ်။

**ဆီဗီလာနှင့် ဗီလာရီးရဲ**

ဆီလီဗီလာတို့က ခြေစွမ်းကောင်းမွန်ရင် ပြိုင်ဘက် ဘယ်အသင်းမဆို နိုင်ပွဲရအောင် စွမ်းဆောင်နိုင်ပါတယ်။ ဗီလာရီးရဲက ဆိုလ်ဒါဒို၊ ချီရီချက်တို့ ဒီပွဲမှာ ပြန်ကစားနိုင်မှာဖြစ်ပေမယ့် ခြေမှန်ရရှိနေတဲ့ ဆီဗီလာကို ကျော်လွှားနိုင်ဖို့တော့ မလွယ်ပါဘူး။ တန်းစီဇယား ဒုတိယနေရာမှာ ရပ်တည်နိုင်ရေး တစ်သင်းလုံး အားထုတ်မယ့် ဆီဗီလာတို့က ဒီပွဲရလဒ်ကို အနိမ့်ဆုံး တစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ ပထမအကျော့ရလဒ်က ဂိုးမရှိသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာတော့ ဆီဗီလာတို့ သုံးမှတ်အပြည့်ယူပြီး အောင်ပွဲခံပါလိမ့်မယ်။

**ဗလင်စီယာနှင့် အီဘာ**

ပထမအကျော့ အီဘာကွင်းမှာတော့ အီဘာတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားခဲ့ပါတယ်။ နည်းပြ ဗိုရိုက ဗလင်စီယာကို ကောင်းကောင်းကိုင်တွယ်နိုင်တာမို့ ပွဲတိုင်း အမှတ်မဆုံးရှုံးအောင် ကြိုးစားနိုင်နေတာကို အီဘာတို့ သတိပြုရမှာပါ။ ဗလင်စီယာမှာ နာနီ၊ မူနီယန်တို့ကြောင့် ကစားအားကောင်းနေတာမို့ အီဘာအတွက် မျှော်လင့်ချက်မဲ့သွားနိုင်တဲ့ပွဲပါပဲ။

**ဒီပို့တီဗိုနှင့် ဘက်တစ်**

အဝေးကွင်းမှာ ရလဒ်မကောင်းတတ်ပေမယ့် အိမ်ကွင်းမှာ နိုင်ပွဲရအောင် အားထုတ်နိုင်တဲ့ ဒီပို့တီဗိုဟာ ဘက်တစ်ကို အလေးထားကစားပါလိမ့်မယ်။ ဘက်တစ်တို့လည်း ပွဲတိုင်းခြေစွမ်းတည်ငြိမ်တာမို့ အခုပွဲ အဝေးကွင်းမှာ အားထည့်ကစားရပါဦးမယ်။ ဒါပေမယ့် ပထမအကျော့ဂိုးမရှိသရေပွဲရလဒ်မျိုးကို အိမ်ရှင် ဒီပို့တီဗိုတို့ လက်ခံမှာ မဟုတ်တဲ့အတွက် ဒီပွဲမှာ အိမ်ရှင်တို့ အနိုင်ယူမယ့်လို့ ယုံကြည်နေပါတယ်။

**ဆယ်တာဗီဂိုနှင့် ရီးရဲမက်ဒရစ်**

ရီးရဲမက်ဒရစ်တို့အတွက် သတိထား ကစားရမယ့်ပွဲဖြစ်ပါတယ်။ ဆယ်တာဗီဂိုတို့က ပြီးခဲ့တဲ့ ကိုပါဒယ်ရေး ဖလားကွာတားဖိုင်နယ်မှာ ရီးရဲမက်ဒရစ်ကို အနိုင်ကစားခဲ့တာကြောင့် အခုပွဲမှာ ရီးရဲမက်ဒရစ်တို့ လူစုံထုတ်မှုရမယ့်အနေအထားပါပဲ။ ဒီနှစ် လာလီဂါမှာ ပထမအကျော့ ကစားခဲ့စဉ်က ရီးရဲမက်ဒရစ်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ ဒီပွဲမှာ အဲဒီရလဒ်ထွက်ဖို့တော့ ခဲယဉ်းမှာ အမှန်ပါပဲ။ ဒဏ်ရာပြဿနာရှိနေတဲ့ ရီးရဲမက်ဒရစ်တို့ ဒီပွဲမှာ အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

**အက်သလက်တီကိုနှင့် လီဂါနက်**

ပထမအကျော့တွေ့ဆုံမှုမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့လို့ အခုပွဲမှာတော့ အက်သလက်တီကိုတို့ အနိုင်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ ရလဒ်တွေကမောက်ကမဖြစ်နေလို့ အဆင့်(၄) နေရာမှာ ရပ်တည်နိုင်အောင် ကြိုးစားရုန်းကန်နေရတဲ့ အက်သလက်တီကိုဟာ ဒီပွဲကို မဖြစ်မနေ နိုင်ပွဲရှာဖွေပါလိမ့်မယ်။ ခံစစ်ကို လုံအောင်အားပြုကစားတတ်တဲ့ လီဂါနက်တို့ကတော့ ဒီပွဲမှာ အက်သလက်တီကို တိုက်စစ်ကိုဟန့်တားရင်း အချိန်ကုန်သွားပါလိမ့်မယ်။

**မာလာဂါနှင့် အက်စ်ပန်ညို**

ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ မာလာဂါတို့လည်း တန်းဆင်းဇုန်အတွင်း မကျဆင်းအောင် ကြိုးစားနေရပြီဖြစ်ပါတယ်။ အဝေးကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ အက်စ်ပန်ညိုတို့ကတော့ ဒီပွဲမှာ မာလာဂါရဲ့ခြေစွမ်း အတတ်အကျပေါ်လိုက်ပြီး အခွင့်အရေးယူနိုင်အောင် ကြိုးစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ ပထမအကျော့ရလဒ်က နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာကြောင့် ဒီပွဲမှာလည်း သရေရလဒ်ထွက်ပေါ်ဖို့ များနေတာမို့ တစ်မှတ်စီခွဲယူရကိန်း ဆိုက်သွားနိုင်ပါတယ်။ ။

# ကျင့်ဝတ်လိုက်နာခြင်း မရှိဘူးဆိုတဲ့ ပါယက်စ်




ဝက်စ်ဟမ်းအသင်းဟာ ဒီမစ်ထရီပါယက်စ်ကိုအသင်းရဲ့ ကျင့်ဝတ်အပေါ် လေးစားလိုက်နာမှုမရှိဘူးလို့ မာဆေးကို ပေါင် ၂၅ သန်းနဲ့ ပြောင်းရွှေ့သွားပြီးနောက် စွပ်စွဲပြောဆိုလိုက်ပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ ပါယက်စ်ကို ရောင်းချဖို့အစီအစဉ်မရှိဘဲ ရောင်းချလိုက်ရတာဖြစ်တယ်လို့ ဆိုပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ ပါယက်စ်ကို ဆက်လက်ကစားခွင့်ပြုဖို့ဆန္ဒရှိနေခဲ့တာပါ။ ဝက်စ်ဟမ်းအသင်းရဲ့အဓိကအားထားရတဲ့ ပါယက်စ်ကို ပြင်သစ်ကလပ် မာဆေးကို ပေါင် ၂၅ သန်းနဲ့ ရောင်းချခဲ့ပါတယ်။ ပါယက်စ်ဟာ မန်ယူကို ဝက်စ်ဟမ်းက အက်ဖ်အေဖလားပွဲမှာ ငါးဂိုးပြတ်နဲ့ ရှုံးနိမ့်ပြီးကတည်းက ကစားခဲ့ခြင်းမရှိပါဘူး။ ပြင်သစ်နိုင်ငံသား ပါယက်စ်ကို လီဂူး ၁ ကလပ် မာဆေးက ပေါင် ၂၅ သန်းနဲ့ လေးနှစ်ခွဲစာချုပ်ခဲ့ပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ အကောင်းဆုံးကစားသမားတွေကို ရောင်းချဖို့ မရှိပေမယ့် ပါယက်စ်ရဲ့ဆန္ဒအရ ရောင်းချခဲ့ရတယ်လို့ဆိုပါတယ်။ ပြင်သစ်နိုင်ငံသား ပါယက်စ်ဟာ ဝက်စ်ဟမ်းအသင်းက စာချုပ်နဲ့ခေါ်ယူထားမှုကို မေ့ထားပြီး မိမိဆန္ဒအရ အသင်းမှထွက်ခွာဖို့ ကြိုးစားခဲ့တယ်လို့ဆိုပါတယ်။ ဒီလို မိမိဆန္ဒအရ ပြောင်းရွှေ့မှုဟာ အသင်းရဲ့အပြောင်းအရွှေ့စည်းကမ်းတွေကိုလိုက်နာခြင်းမရှိဘူးလို့ ဆိုပါတယ်။ ကြေးစားဘောလုံးသမားတစ်ဦးရဲ့လိုက်နာရမယ့် ကျင့်ဝတ်တွေကို ဖောက်ဖျက်ခဲ့တယ်လို့ ဝက်စ်ဟမ်းအသင်းက စွပ်စွဲထားပါတယ်။

# ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး



**ဆိပ်ဖြူ ဇန်နဝါရီ ၃၁**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ အနန္တ မြန်မာ့မေတ္တာ ဖောင်ဒေးရှင်း၏ ဇီဝိတဒါန နယ်လှည့်ဆေးကုသမှုအဖွဲ့က ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်တွင် ဆိပ်ဖြူအခြေခံပညာအထက်တန်းကျောင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အနန္တ မြန်မာ့မေတ္တာဖောင်ဒေးရှင်း ဇီဝိတဒါန နယ်လှည့်ဆေးကုသမှုအဖွဲ့တွင် အထူးကုဆရာဝန်ကြီး ၁၅ ဦး၊ ဆရာဝန် ၃၅ ဦးနှင့် ဆေးဝါးကျွမ်းကျင် ဝန်ထမ်းများ၊ ဆေးတက္ကသိုလ်များမှ ဆေးကျောင်းသားများ စုစုပေါင်း ၇၀ ခန့် ပါဝင်ပြီး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ ၁၂၄၉ ဦးအား ကျန်းမာရေး စစ်ဆေးခြင်းနှင့် ကုသမှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကိုလည်း ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက ဆိပ်ဖြူမြို့နယ်ဆေးရုံ၌ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေး စောင့်ရှောက်မှုခံယူရန် လာရောက်ခဲ့သည့် ဒေသခံပြည်သူများအား လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် ဓမ္မအလင်းစာကြည့်တိုက်အဖွဲ့၊ သင်္ဂဟ၊ ကမ်းဆင့်လက် လူမှုကူညီရေးအဖွဲ့များနှင့် မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ် ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြပြီး ကမ်းဆင့်လက် လူမှုကူညီရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လာရောက်သည့် လူနာများအား ထမင်းဘူးများ ပေးဝေဒါနပြုခဲ့ကြောင်း သိရသည်။

အနန္တ မြန်မာ့မေတ္တာဖောင်ဒေးရှင်း ဇီဝိတဒါန နယ်လှည့်ဆေးကုသမှုအဖွဲ့သည် ၁၉၈၃-၁၉၈၃ ဆေးတက္ကသိုလ် (မန္တလေး)မှ ဆရာဝန်ကြီးများက ဦးဆောင်ဖွဲ့စည်းထားခြင်းဖြစ်ပြီး နိုင်ငံအနှံ့တွင် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာများ တိုးပွားစေရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။
**စိုးလင်းနိုင် (မြန်/ဆက်)**

# ကျေးရွာများတွင် စိုက်ပျိုးထားသော ဘိန်းစိုက်ခင်းများကို ဌာနဆိုင်ရာများပူးပေါင်း၍ သွားရောက်ဖျက်ဆီး

**လွိုင်ကော် ဇန်နဝါရီ ၃၁**
လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စုအတွင်းရှိ နန်းလွှာကျေးရွာနှင့် အိုက်စန့်ကျေးရွာတို့တွင် ရေသွင်းစိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်းများကို လွိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့က ဦးဆောင်ပြီး ဌာနဆိုင်ရာများ ပူးပေါင်း၍ ဇန်နဝါရီ ၂၉ ရက်က သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

လွိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးဝင်းနိုင် ဦးဆောင်သောအဖွဲ့၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မူးယစ်တပ်ဖွဲ့စု (၂၀) လွိုင်ကော်မှ ရဲအုပ်မင်းဟန် ဦးဆောင်သောအဖွဲ့၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးအောင်မြင့်ထွန်း ဦးဆောင်သော တပ်မတော်သားများ၊ လွိုင်လင်လေးကျေးရွာ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဘိန်းခင်းများကို သွားရောက်ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

ဘိန်းခင်းများကို ဖျက်ဆီးရာတွင် နန်းလွှာကျေးရွာ၏အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် ဘိန်းပင်အမြင့် နှစ်ပေခန့် သီးပွင့်ဆဲ ရေသွင်းစိုက်ခင်းနှစ်ဧက၊ နန်းလွှာကျေးရွာ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် အမြင့်နှစ်ပေခန့်ရှိ သီးပွင့်ဆဲ ရေသွင်းစိုက်ခင်း တစ်ဧကခန့်နှင့် အဆိုပါနေရာအနီး လျှိုအတွင်း၌ အမြင့်တစ်ပေခန့်ရှိ သီးပွင့်ဆဲ ရေသွင်းစိုက်ဘိန်းခင်း ဝ ဒသမ ၆၅ ဧက၊ အိုက်စန့်ကျေးရွာ၏မြောက်ဘက် နှစ်မိုင်ခန့် အကွာတွင် အပင်အမြင့် လေးလက်မခန့်ရှိ ရေသွင်းစိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်း သုံးဧကတို့ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**



# ခန္တီးမြို့၌ ဓမ္မစကူးလ်သင်တန်းဆင်းပွဲကျင်းပ



**ခန္တီး ဇန်နဝါရီ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပေါမိုင်းရပ်ကွက် တောင်တန်းဒေသ သာသနာပြု ဇဟိုကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော အပတ်စဉ် တနင်္ဂနွေ ဓမ္မစကူးလ်သင်တန်း၏ သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ခန္တီးမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု ဇဟိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်တန်းသာသနာပြု ဇဟိုကျောင်းဆရာတော်က ဩဝါဒချီးမြှင့်ပြီး ခန္တီးမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ ဦးမင်းဆွေက ဓမ္မစကူးလ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ ဆရာတော် သံဃာတော်များက ဓမ္မစကူးလ်သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဓမ္မစကူးလ်သင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်တန်းကာလ သုံးလကျော် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ငါးရာကျော် တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။
**ချန်လော(ခန္တီး)**

# မြေပဲအထွက်နည်း၍ ဈေးကွက်သို့မပို့တော့ဘဲ အိမ်သုံးစားသုံးဆီအဖြစ်သာ အသုံးပြုကြ

**မုံရွာ ဇန်နဝါရီ ၃၁**
မုံရွာမြို့နယ်အတွင်း ကျေးလက်ဒေသများမှ လယ်ယာများ၌ ပြီးခဲ့သည့်နှစ်အောက်တိုဘာလအတွင်းက စိုက်ပျိုးခဲ့သောမြေပဲပင်များမှာ မိုးများခြင်းကြောင့် အထွက်နှုန်းလျော့နည်းခဲ့ပြီး ဈေးကွက်သို့တင်ပို့ရလောက်အောင် မရှိသောကြောင့် တောင်သူများအနေဖြင့် ဆီကြိတ်၍ အိမ်သုံးစားဆီအဖြစ်သာ အသုံးပြုလာကြကြောင်း သိရသည်။

မုံရွာမြို့နယ် ကျီးအုပ်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက "ပြီးခဲ့တဲ့ တန်ဆောင်မုန်းလလောက်က စိုက်ထားတဲ့မြေပဲတွေ အခုနုတ်ပြီး မြေပဲခြွေနေကြပါပြီ။ ရလာတဲ့မြေပဲက နည်းတဲ့အတွက် မိသားစုစားသုံးဖို့အတွက် ဆီကြိတ်ကြမှာဖြစ်ပါတယ်။ မိုးလွတ်ချိန်စိုက်တာဖြစ်ပေမယ့် မိုးများခဲ့တဲ့အတွက် မြေပဲအရနည်းခဲ့တာပါ။ ရောင်းရလောက်အောင်အထိ မရတဲ့အတွက် ဆီကြိတ်ပြီး အိမ်စားဖို့လုပ်ကြတာပါ။ ပြီးခဲ့တဲ့နှစ်ကတော့ အထွက်အရများတော့ ဈေးကွက်ကို ပို့နိုင်ခဲ့ကြပါတယ်။ အခုမြေပဲနုတ်အပြီးမှာ ပဲတီစိမ်းစိုက်ထားပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် အိမ်သုံးမြေပဲဆီကြိတ်ရန် စိုက်ပျိုးရရှိသောမြေပဲများကို စုပေါင်းကာ မြေပဲခြွေခြင်းလုပ်ငန်းများ စတင်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း၊ ယခုနှစ်ရသောမြေပဲများမှာ မိုးများခဲ့သောကြောင့် မြေပဲတောင့်အရွယ်အစားသေးကြောင်း၊ ယခုအချိန်ရသောမြေပဲကို စားသုံးဆီအဖြစ် ကြိတ်ထားလျှင် တစ်နှစ်လုံးနီးပါး အသုံးပြု၍ရသည့်အပြင် မြေပဲဆီသန့်စစ်စစ်ကို ရရှိသောကြောင့် ယခုကဲ့သို့ မြေပဲပေါ်ချိန်တွင် မြို့ပေါ်မှ ဆီအသန့် သုံးချင်သူများက ကြိုတင်မှာယူထားခြင်းများလည်းရှိရာ မှာပေးရသည်များလည်းရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# သီးနှံအထွက်တိုးရေး တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်

**မိုင်းပန် ဇန်နဝါရီ ၃၁**
ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ်အတွင်းမှ တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ၂၀၁၇ ခုနှစ် အစားထိုးသီးနှံနှင့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စီစဉ်၍ ဝိုးလိုင်းကျေးရွာအုပ်စု ဝမ်ထမ်ကျေးရွာ၌ ဇန်နဝါရီ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မိုင်းပန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်မိုးက တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လင်းခေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒေါ်နှင်းနှင်းဖြူက မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးရေး၊ ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်မိုးမိုးက ပိုးသတ်ဆေးသုံးစွဲရာတွင် ဆောင်ရန်/ရှောင်ရန် အချက်များနှင့် ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ အသုံးပြုရေးတို့ကို ပညာပေးဆွေးနွေးပြီး သဘာဝပိုးသတ်ဆေး ပြုလုပ်ပုံနည်းစနစ်များကို တောင်သူများအား လက်တွေ့သရုပ်ပြသခဲ့သည်။ ဆွေးနွေးပွဲအပြီးတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား ပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**မျိုးညွန့်ရွှေ(မိုးနဲ)**



သဘာဝပိုးသတ်ဆေး ပြုလုပ်နည်းများကို လက်တွေ့သရုပ်ပြနေစဉ်

# လျှပ်စစ်ဓာတ်အားသုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်း (Short Circuit)၊ လျှပ်စစ်ဓာတ်အားပမာဏပိုမို လွန်ကဲစွာ ဖြစ်ပေါ်ခြင်း (Over Heating or Over Loading)နှင့် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများ သုံးစွဲခြင်းမှ အပူနှင့်မီးပွားများ ဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုစတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်းကိုက်ညီကောင်းမွန်သည့် လျှပ်စစ်ဝိုင်ယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက်(Transformer) အတင်အချ သတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်းပါက အလိုအလျောက် (Auto) ပြတ်မကျသည်ကို သတိပြုပါ။ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများ မထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန**

## မှုခင်းသတင်းတိုများ

### မိုးညှင်းမြို့၌ ရထားနှင့် ကားတိုက်မိမှုဖြစ်ပွား

ကချင်ပြည်နယ် မိုးညှင်းမြို့မြို့ရှောင်ကားလမ်းနှင့် မီးရထားလမ်းဆုံတွင် ဇန်နဝါရီ ၂၉ ရက်က အိမ်စီးမော်တော်ယာဉ်တစ်စီးနှင့် မီးရထားတိုက်မိသဖြင့် မော်တော်ယာဉ်မောင်းနှင်သူအား ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေအရ အမှုဖွင့်တရားစွဲဆိုထားကြောင်း သိရသည်။ မိုးညှင်းမြို့၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ အင်ကြင်းကုန်းကျေးရွာအနီး မြို့ရှောင်ကားလမ်းနှင့်မီးရထားလမ်းဆုံ၌ ကားနှင့် မီးရထားတို့ တိုက်မိခဲ့ခြင်းဖြစ်ပြီး မိုးညှင်းမီးရထားတပ်ဖွဲ့စုမှူး ဒုရဲအုပ် သိန်းလွင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်မင်းထွေးနှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားလုပ်ငန်းမှ တာဝန်ရှိသူများ၏ သွားရောက်စစ်ဆေးချက်အရ မိုးညှင်းမှ မြစ်ကြီးနားဘက်သို့ မောင်းနှင်လာသော အမှတ်(၄၉)နဘား-မြစ်ကြီးနား ခေါက်ပြန်အဆန်ရထားစက်ခေါင်းကို အောင်သူလတ် မောင်းနှင်လာသော အိမ်စီးမာဇဒါကားက သံလမ်းကို ဖြတ်ကူးစဉ် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကားနှင့် ရထားတိုက်မှုကြောင့် ကားရှေ့ပိုင်းပျက်စီးမှု အနည်းငယ်သာရှိခဲ့ပြီး လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာ့မီးရထားလုပ်ငန်းမှ တာဝန်ရှိသူက ယာဉ်မောင်း အောင်သူလတ်အား အရေးယူပေးရန် မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားပြီး ရဲစခန်းက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

### ကျိုက်ထိုမြို့နယ်၌ ဆိုင်ကယ်တိုက်မိ၍ တစ်ဦးသေဆုံး

ကျိုက်ထိုမြို့ဘိုရားကြီးကျေးရွာနေ ဦးစံသိန်း မောင်းနှင်ပြီး တစ်ရွာတည်းနေ ရာဇာထွဋ် လိုက်ပါလာသည့် ၁၃ယ/----- ဆိုင်ကယ်နှင့် ကျိုက်ထိုမြို့နေ ဦးလှထွန်း မောင်းနှင်ပြီး ဘိုရားကြီးကျေးရွာနေ မင်းခန့်ကျော်နှင့် မျိုးမင်းဌေးတို့ လိုက်ပါလာသည့် ၁၃ယ/------ဆိုင်ကယ်တို့ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက မျက်နှာချင်းဆိုင်တိုက်မိကြောင်း သိရသည်။ ဆိုင်ကယ်တိုက်မှုကြောင့် ဦးလှထွန်းမှာ ရရှိဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး မင်းခန့်ကျော်၊ မျိုးမင်းဌေးနှင့် ရာဇာထွဋ်တို့တွင် ဒဏ်ရာများရရှိသဖြင့် ကျိုက်ထိုမြို့နယ် ဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ကျိုက်ထိုမြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

### ကောလင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ကောလင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ဘိန်းဖြူလက်ဝယ်ထားရှိသူတစ်ဦးအား ဇန်နဝါရီ ၂၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ ချောင်းနားရဲကင်းစခန်းမှူး ရဲအုပ်ဇော်ဝင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ရွာသစ်ကုန်းကျေးရွာနေ ဝင်းကျော်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဝင်းကျော်အား နေအိမ်တွင်တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်လျက် ဆပ်ပြာခွက်အတွင်းမှ ဘိန်းဖြူဟုယူဆရသော ဖြူဝါမှုန့်အလေးချိန် ၁၀ ဂရမ်ခန့်ပါ အထုပ်တစ်ထုပ်နှင့် ဘိန်းဖြူဟုယူဆရသော ဖြူဝါမှုန့် အလေးချိန် ၀ ဒသမ ၁ ဂရမ်ခန့်ပါ ပင်နီဆီလင်ပုလင်းတစ်လုံးတို့ကို တွေ့ရှိကာ ဝင်းကျော်၏ အစစ်ခံချက်အရ မူးယစ်ဆေးဝါးများကို ပင်လည်ဘူးမြို့နယ် နောင်မူးကျေးရွာနေ ကံအောင်ထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဝင်းကျော်အား ပင်လည်ဘူးမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး နောင်မူးကျေးရွာနေ ကံအောင်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### တရားမဝင်သစ်ခွဲသားများ ပိုင်ရှင်မဲ့ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကုက္ကိုကုန်းကျေးရွာအုပ်စု မြဘုံသာကျေးရွာအနီး၌ တရားမဝင် အင်သစ်ခွဲသားများကို ဇန်နဝါရီ ၂၇ ရက်က ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ကျွန်းလှမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်သူနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးဝင်းတင့်နှင့် သစ်တောဝန်ထမ်းများ ပူးပေါင်းအဖွဲ့က အဆိုပါနေရာ၌ သွားရောက်ရှာဖွေစဉ် ကောက်ရိုးများဖုံးထားသော တရားမဝင် အင်သစ်ခွဲသားဆိုက်စုံ ၆၄ ချောင်း(အလေးချိန် ၂ ဒသမ ၀၇၂၅ တန်)ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ဖမ်းမိသောသစ်များကို မြို့နယ်သစ်တောဦးစီးဌာနရုံးဝင်းအတွင်း သယ်ယူသိမ်းဆည်းထားကာ သစ်ပိုင်ရှင်အား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



### လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပြီး နေအိမ်တစ်လုံးမီးလောင်ကျွမ်း

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာအနီး မိုးကြိုးဆာလ်ဖြူရစ်အက်စစ်စက်ရုံဝင်းအတွင်း ဝန်ထမ်းအိမ်ရာ၌ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှ နေအိမ်တစ်လုံးမီးလောင်ကျွမ်းမှု ဇန်နဝါရီ ၂၉ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ အက်စစ်စက်ရုံဝင်းအတွင်း ဝန်ထမ်းအိမ်ရာနေ ရိပ်သာစောင့်ဝန်ထမ်း ကိုမျိုးဌေး၏ နေအိမ်မှ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ ကိုမျိုးဌေးအား ဆားလင်းကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# စည်းကမ်းမဲ့ယာဉ်များကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများနေ

**ကျောက်ကြီး ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် တရားမဝင် လိုင်စင်မဲ့ယာဉ်များ ပေါ်များခြင်းနှင့် ယာဉ်မောင်းသူများမှာလည်း လိုင်စင်မရှိဘဲ စည်းကမ်းမဲ့မောင်းနှင်မှုများကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှု များပြားလျက်ရှိရာ စည်းကမ်းမဲ့ယာဉ်များအား ထိရောက်သော စစ်ဆေးအရေးယူမှုများ ပြုလုပ်ပေးရန် ဒေသခံပြည်သူများ လိုလားလျက်ရှိကြောင်း သိရသည်။

"ယာဉ်စည်းကမ်းထိန်းသိမ်းရေးနဲ့ပတ်သက်လို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက အသိပညာပေးမှုတွေ လုပ်နေပါတယ်။ ဒါပေမယ့် လိုက်နာမှုနည်းပါးပြီး စည်းကမ်းမဲ့မှုတွေများနေပါတယ်"ဟု ကျောက်ကြီးမြို့နေ ပြည်သူတစ်ဦးက ပြောသည်။

ကျောက်ကြီးမြို့နယ်အတွင်း မော်တော်ဆိုင်ကယ်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပုဂ္ဂလိကမော်တော်ယာဉ်များတွင် လိုင်စင်မဲ့ယာဉ်များ ရှိနေပြီး အဆိုပါ လိုင်စင်မဲ့ယာဉ်များကို လိုင်စင်မရှိသော ယာဉ်မောင်းများက စည်းကမ်းမဲ့ မောင်းနှင်ခြင်းများကြောင့် ယာဉ်အန္တရာယ်များ မကြာခဏ ကြုံတွေ့ကြရလျက်ရှိကြောင်း သိရသည်။

"ဆိုင်ကယ်ဆိုရင် ယာဉ်လိုင်စင်မရှိ၊ ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းတယ်။ အသက် ၁၃ နှစ် ၁၄ နှစ် အရွယ်မရောက်သေးတဲ့ ကလေးတွေလည်း မောင်းတယ်။ အိတ်ဇောဖြုတ်ပြီး မောင်းတယ်။ မလိုအပ်ဘဲ ဟွန်းသံတွေတီးပြီး မောင်းတယ်။ ကျောင်းစာသင်ခန်းတွေဟာ ဆူညံသံတွေကြောင့် အထိတ်တလန့် အနှောင့်အယှက်ဖြစ်ရတယ်။ ကျောင်းတက် ကျောင်းဆင်းချိန်တွေမှာ ယာဉ်ထိခိုက်မှုအန္တရာယ်ကို ကြောက်နေကြရတယ်။ မြို့တွင်းမှာလည်း ယာဉ်တိုက်မှုတွေ မကြာခဏ ကြုံကြိုက်နေရတယ်"ဟု ကျောက်ကြီးမြို့နေ ပြည်သူတစ်ဦးက ဆိုသည်။

ဆိုင်ကယ်မောင်းသူများ စည်းကမ်းမဲ့သကဲ့သို့ မော်တော်ယာဉ်မောင်းသူများမှာလည်း ယာဉ်မောင်းလိုင်စင်မရှိ၊ ယာဉ်မောင်းမကျွမ်းကျင်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိဘဲ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်လောက် မောင်းတတ်ရုံဖြင့် ခြောက်ဘီးကားကို တက်မောင်းကြသည်များရှိကြောင်းလည်း ဒေသခံတစ်ဦးက ဆိုသည်။ ယခု ဇန်နဝါရီလအတွင်း၌ပင် ကျောက်ကြီးမြို့၌ ယာဉ်တိမ်းမှောက်မှုနှင့် ယာဉ်တိုက်မှု ငါးမှုဖြစ်ခဲ့ပြီး လူလေးဦးသေဆုံးကာ ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းအရ သိရသည်။

ကျောက်ကြီးမြို့နယ်သည် စစ်တောင်းမြစ်အရှေ့ခြမ်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း လမ်းမကြီးပေါ်ရှိ ပဲနွယ်ကုန်းမြို့နှင့် ၁၇ မိုင်အကွာတွင် တည်ရှိပြီး ယာဉ်အသွားအလာ ရှုပ်ထွေးမှုမရှိသော်လည်း လိုင်စင်မဲ့ယာဉ်နှင့် လိုင်စင်မဲ့ ယာဉ်မောင်းများ၏ စည်းကမ်းမဲ့မောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှု များပြားလျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းသာမက စစ်ဆေးအရေးယူခြင်းများပါ ထိရောက်စွာ ဆောင်ရွက်ပေးရန် ကျောက်ကြီးမြို့နယ် ဒေသခံများက လိုလားလျက်ရှိကြသည်။

(၀၄၅)

# ကလေးများအတွက် ဘေးကင်းသောပတ်ဝန်းကျင်ဖြစ်လာစေရေး အကောင်အထည်ဖော်မည်

**ပခုက္ကူ ဇန်နဝါရီ ၃၁**

ပခုက္ကူမြို့နယ်အတွင်း ကလေးများအတွက် ဘေးကင်းလုံခြုံပြီး ကာကွယ်မှုပေးနိုင်သော ပတ်ဝန်းကျင်ဖြစ်လာစေရန် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း အကောင်အထည်ဖော်မည့်လုပ်ငန်းများ အသိပေးရှင်းလင်းပွဲကို ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၀ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်က အမှာစကားပြောကြားပြီး ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြမည့် Save the Children International၊ Social Care Volunteer Group နှင့် Guardian တို့မှ တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ပခုက္ကူမြို့နယ်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အမှတ်(၁၁)ရပ်ကွက်၊ ပန်းတိုင်ခြုံကျေးရွာ၊ ချိုင်ကျေးရွာ၊ ဆင်လမ်းကျေးရွာနှင့် ကျွန်းညိုကြီးကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်အောင်ဝင်း**

# ဒွါရာဝတီဈေးအတွင်းရှိ ပုံကျအသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်သည်များ ဈေးပြောင်းရွှေ့ရေးဆွေးနွေး

**သံတွဲ ဇန်နဝါရီ ၃၁**

သံတွဲမြို့ ဒွါရာဝတီဈေးအတွင်းအရှိ ဈေးသူဈေးသားများနှင့် ဈေးပတ်ဝန်းကျင်ရှိ ပြည်သူများ အနံ့ဆိုးများကင်းဝေးပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်နိုင်ရေးအတွက် ဒွါရာဝတီဈေးအတွင်းရှိ ပုံကျအသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် ဈေးသည်များအား ဒွါရာဦး(တံတားဦး)ဈေးသို့ ပြောင်းရွှေ့ရေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ရက်က ဒွါရာဝတီမြို့နယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဒွါရာဝတီဈေးတွင် အဆိုပါ ဈေးသည်များ၏ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်မှုများဖြစ်နေသည်ဟု ဈေးသူဈေးသားများက နိုင်ငံတော်အဆင့်အထိ တိုင်တန်းမှုကြောင့် ယခုလို ပြောင်းရွှေ့ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်ဟန်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်လေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဖော်ဇံတို့က ဒွါရာဝတီဈေးအတွင်းရှိ ပုံကျအသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ဈေးသည်များအား ဒွါရာဦး(တံတားဦး)ဈေးသို့ ပြောင်းရွှေ့ရေးနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် ပုံကျအသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ဈေးသည်များကိုယ်စား ဦးအောင်ကျော်စိုး၊ ဦးမြင့်အောင်နှင့် ဈေးသည်များက ပြန်လည်တင်ပြရာတွင် ပုံကျအသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ဈေးသည်များမှာ ဈေးအတွင်းရှိ ဆိုင်ခန်းပေါင်း ၉၀၀ ကျော်မှ ဈေးမိသားစုများကို အဓိက အမှီပြုရောင်းချရကြောင်း၊ ဈေးသိမ်းချိန်တွင် ရောင်းမကုန်သော ပစ္စည်းများကို စနစ်တကျထည့်သိုပြီး ဈေးအတွင်းထားခဲ့နိုင်၍ စိတ်ချရကြောင်း၊ ဒွါရာဦးဈေးတွင် ပစ္စည်းထားသိုစရာ နေရာမရှိသဖြင့် စရိတ်စကကုန်ကျမှုများ ရှိလာမည်ဖြစ်ကြောင်း၊ ပြောင်းမည်ဆိုပါက အခွန်လွတ်ဈေးအဖြစ်သတ်မှတ်ပေးစေလိုကြောင်း စသည့်အချက်များ အပါအဝင် ဈေးသည်များအနေဖြင့် ဈေးပြောင်းရွှေ့ရာတွင် ကြုံတွေ့ရမည့် အခက်အခဲများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဆွာချောင်းဆည်မှ ရေလွှတ်သဖြင့် နွေစပါးများစတင်စိုက်ပျိုးနိုင်

**တောင်ငူ ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မြောက်ရေကြည်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများအတွက် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီမှစတင်ကာ ဆွာချောင်းဆည် DY 7 ရေလွှတ်မြောင်းမှ ရေများစတင်လွှတ်ပေးနေပြီဖြစ်၍ နွေစပါးများ စိုက်ပျိုးနိုင်ပြီဖြစ်ရာ စိုက်ကေနှစ်ရာကျော်တွင် စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

ဆွာချောင်းဆည် ပင်မရေလွှတ်မြောင်းမကြီး၏ ရေတာရှည်မြို့နယ် စိမ့်ရွာအနီး ရေသွယ်မြောင်းမှတစ်ဆင့် ရေများစတင်ပေးဝေခဲ့ခြင်းဖြစ်ကြောင်း၊ ရေပေးဝေခြင်းကြောင့် မြောက်ရေကြည်ကျေးရွာအုပ်စု ကံရွာအနီး ကွင်းအမှတ် ၅၉၁(က)ကွင်းရှိ မြေကေနှစ်ရာကျော်တွင် နွေစပါးစိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း၊ တောင်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး၏ လမ်းညွှန်ချက်အရ လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်ရှိန်နှင့် တာဝန်ရှိသူများက တောင်သူများ နွေစပါးအချိန်မီစိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့တောင်သူတွေက စိုက်ချင်နေတာကြာပြီ။ အခုနှစ်မှ ရေရတာ။ တောင်သူတွေလည်း ဝမ်းသာကြတာပေါ့။ နွေစပါးက ထွက်နှုန်းလည်းကောင်းတော့ တောင်သူတိုင်းလိုလို စိုက်ချင်ကြတယ်"ဟု ကံရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

လာမည့်နှစ်တွင် ယခု ရေပေးဝေလျက်ရှိသော DY 7 ရေလွှတ်မြောင်းကို ထပ်မံ၍ ပြုပြင်ပြီးနောက် စိုက်ဧက ပိုမိုတိုးချဲ့၍ ရေပေးနိုင်မည်ဖြစ်ကာ ခပေါင်းဆည်ရေသောက်နှင့် ဆွာချောင်းဆည်ရေသောက် ဧရိယာများကြားမှ လက်လှမ်းမမီနိုင်သည့် တောင်သူများပါ ရေရရှိနိုင်မည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်ထံမှ သိရသည်။

**ကိုလွင်(ဆွာ)**




February 2017
SAMSUNG
DAY
ဖေဖော်ဝါရီလ (၁) ရက်နေ့ မှ (၅) ရက်နေ့ အထိ
ကျပ် ၅၀၀,၀၀၀ တန်ဖိုးနှင့် အထက် ဝယ်ယူသူတိုင်းအတွက် ၄၀,၀၀၀ ကျပ်တန် Gift Voucher
SAMSUNG GIFT VOUCHER 40,000Ks
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ တန်ဖိုး အထိ ဝယ်ယူသူတိုင်းအတွက် ၂၅,၀၀၀ ကျပ်တန် Gift Voucher
ကျပ် ၂၀၀,၀၀၀ တန်ဖိုးအောက် ဝယ်ယူသူတိုင်းအတွက် ၁၅,၀၀၀ ကျပ်တန် Gift Voucher
SAMSUNG GIFT VOUCHER 15,000Ks
SAMSUNG GIFT VOUCHER 25,000Ks
SAMSUNG Smartphones နှင့် Tablets တွေ ဝယ်ယူပြီး GIORDANO Gift Vouchers တွေ ရယူလိုက်ကြရအောင် . . .
FOREVER LOVE
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center 01 2399 888 (Mon-Sun) 8AM to 6PM
SAMSUNG

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်မဲဆန္ဒနယ်များတွင် ပါဝင်သည့်မြို့နယ်များ၌ ပြည့်စုံမှန်ကန်သောမဲဆန္ဒရှင်စာရင်းရရှိရေးအတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းကို အခြေခံ၍ တစ်အိမ်တက်ဆင်း (Door to Door ) ကောက်ယူခဲ့ပါသည်။

၂။ အဆိုပါအခြေခံမဲဆန္ဒရှင်စာရင်းများကို ၁-၂-၂၀၁၇ ရက်မှ ၁၄-၂-၂၀၁၇ ရက်အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များမှ မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှု၍ မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့(အခမဲ့)ရယူနိုင်ပါသည်။ ထိုသို့ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၁၇ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ကပ်ထားကြေညာပေးမည် ဖြစ်ပါသည်။

၄။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး တစ်ဦး(မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

**မြို့နယ်စည်ပင်သာယာရေးကော်မတီ**
**တောင်ကြီးမြို့**

## လေလံကြော်ငြာ

**ရက်စွဲ ၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်**
**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်**

၁။ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်ထိ တစ်နှစ်တာကာလအပိုင်းအခြားအတွက် အရပ်ရပ်အခွင့်အရေး လိုင်စင်(၃၅)ခုအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

**လေလံရောင်းချမည့်အစီအစဉ်**

(က) **နေ့ရက်** - ၉-၂-၂၀၁၇ ရက် (ကြာသပတေးနေ့)
(ခ) **အချိန်** - နံနက် ၁၀:၀၀နာရီ
(ဂ) **နေရာ** - မြို့တော်ခန်းမ၊ တောင်ကြီးမြို့

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မည်သူမဆို အရပ်ရပ်အခွင့်အရေး လိုင်စင်များအား ဆွဲဝယ်လိုသူများသည် လေလံလျှောက်လွှာများနှင့် စည်းကမ်းချက်များကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၆ရက်မှ စတင်ဝယ်ယူနိုင်ပြီး လျှောက်လွှာများအား ပြည့်စုံစွာဖြည့်စွက်၍ ပူးတွဲပါစာရွက်စာတမ်းများနှင့်အတူ ၇-၂-၂၀၁၇ ရက် ညနေ ၁၆:၀၀ နာရီတွင် နောက်ဆုံးထား၍ တင်ပြရမည်ဖြစ်ပါသည်။

၃။ နောက်ကျတင်သွင်းလာသော လျှောက်လွှာနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည့်စာရင်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသော အချက်အလက်များ၊ မရှင်းလင်းသော အချက်အလက်များရှိပါက ရုံးချိန်အတွင်း တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီသို့ လာရောက်မေးမြန်းနိုင်သည့်အပြင် ရုံးဖုန်းအမှတ် ၀၈၁-၂၁၂၂၁၂၀၊ ၂၁၂၃၉၂၄၊ ၂၁၂၂၇၄၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ် ဆ/ကရပ်ကွက်၊ သမာဓိ ၂ လမ်း၊ တိုက်အမှတ် ၇(က) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောတိုက်၏ မြေညီထပ်(ခြေရင်းဘက်ခြမ်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသွယ် ၁၂/သဃက(နိုင်)၁၂၂၁၈၂ မှ အပေါင်အနှံ၊ အရောင်းအဝယ်၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်မှ အပြီးအပိုင်ဝယ်မည်ဖြစ်၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမြင့်**
**ဖုန်း-၀၉-၇၈၇၂၈၈၂၉၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/8984 Mazda familia VY12၊ S/W(4×2) R ယာဉ်လက်ဝယ်ရှိသူ Success Century Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ်(၁)ရပ်ကွက်၊ (၁)လမ်းနေ ဦးထွန်းဇော် ၁၄/မအမ(နိုင်)၁၆၅၅၅၅ နှင့် ဒေါ်ကြည်ကြည်ယဉ် ၁၄/မအမ(နိုင်)၁၆၅၅၅၆ တို့၏သားဖြစ်သူ မောင်သီဟန်ထွန်းအား ယနေ့မှစ၍ ဂျေအမ်(JM) ဟု ပြောင်းလဲခေါ်ဆိုကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းဇော်-ဒေါ်ကြည်ကြည်ယဉ်**

---

**အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်- ၄၁၊ နည်းဥပဒေ -၁၄)**
**မွန်ပြည်နယ်တရားလွှတ်တော်**
**၂၀၁၆ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်-၄၉**

| | | |
|---|---|---|
| ၁။ ဦးမန်ဆူး(ခ)ဦးစိုးသန်း (ကိုယ်တိုင်နှင့်အမှတ် ၂ မှ ၁၀အထိ အယူခံတရားလိုများ၏ အခွင့်ရကိုယ်စားလှယ်) | နှင့် | ၁။ ဦးမြင့်ဆွေ |
| | | ၂။ ဦးမြင့်ဖေ |
| | | ၃။ ဦးမောင်မောင်ထွေး |
| | | ၄။ ဦးစိုးမြင့် |
| ၂။ ဒေါ်သန်းကြည်(ခ)ဒေါ်ဘယ်လ်ကစ်ဘီ | | ၅။ ဦးစန်းကို |
| ၃။ မရဆူဘီ | | |
| ၄။ ဦးမာမက်ဆဒစ် | | |
| ၅။ ဒေါ်စန်းစန်းဝေ | | |
| ၆။ ဦးစိုးညွန့် | | |
| ၇။ ဦးစိုးနိုင် | | |
| ၈။ ဒေါ်မိချို (အယူခံတရားလို ၁မှ ၈ထိ ကွယ်လွန်သူ ဒေါ်အေးကြည်၏ တရားဝင်ကိုယ်စားလှယ်များ) | | |
| ၉။ ဒေါ်စန်းစန်း | | |
| ၁၀။ ဦးမာမက်ဂျင်မီ | | |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

၂၀၁၆ခုနှစ် အောက်တိုဘာ ၁၈ရက်စွဲပါ မော်လမြိုင်ခရိုင်တရားရုံးတော်မှ တရားမအယူခံမှု အမှတ် ၃၅/၂၀၁၆ကို အယူခံမှု။

အယူခံတရားပြိုင် ဦးစန်းကို အမှတ် ၁၆၊ ဗဟိုလမ်း၊ ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မော်လမြိုင်ခရိုင် တရားရုံးတော်က ချပေးသည့်ဒီကရီကို ဦးမန်ဆူး(ခ)ဦးစိုးသန်း ပါ(၁၀)ဦးက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၂ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၆ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ချိုချိုရီ)**
**ဒုတိယညွှန်ကြားရေးမှူး**
**မွန်ပြည်နယ်တရားလွှတ်တော်**

---

**ပုဇွန်တောင် ဓမ္မ သံယ** **San brotherhood**

"စစ်ဆေးစမ်းသပ်(အခမဲ့)"

**Air-Con,** ရေခဲသေတ္တာ၊အဝတ်လျှော်စက် များကို မြန်ဆန် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း



အဝတ်လျှော်စက် 190,000Ks
အဝတ်ခြောက်စက် 220,000Ks
အဝတ်လျှော်စက် 140,000Ks
အဝတ်ညှစ်စက် 75,000Ks



(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း
1HP 255000Ks
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684,09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

## နယူးဇီလန် - အာဆီယံ ပညာသင်ဆု

NEW ZEALAND SCHOLARSHIPS

နယူးဇီလန် နိုင်ငံတကာအကူအညီပေးရေးအစီအစဉ် (New Zealand Aid Programme)သည် မြန်မာနိုင်ငံတွင် တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် တက်အားသရွေ့ ပါဝင်ဆောင်ရွက်လိုသူများအတွက် ပညာသင်ဆုများ ပေးအပ်နေပြီဖြစ်ပါသည်။

ဘယ်သူတွေ လျှောက်ထားနိုင်သလဲ?

- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- လျှောက်ထားချိန်တွင် အသက်(၁၈) ပြည့်ပြီးသူဖြစ်ရမည်။
- မြန်မာနိုင်ငံသားဖြစ်ပြီး လွန်ခဲ့သော နှစ်နှစ်အတွင်း မြန်မာနိုင်ငံတွင် တဆက်တည်း နေထိုင်သူဖြစ်ရမည်။
- ပညာသင်ယူပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လာပြီး သက်ဆိုင်ရာ နယ်ပယ်တွင် နှစ်နှစ်ခန့် ပြန်လည် လုပ်ကိုင်နိုင်ရမည်။

လျှောက်လွှာစာရွက်(သို့) အွန်လိုင်းမှတဆင့် လျှောက်ထားခြင်းကို ၂၀၁၇ မတ်လ ၁၅ ရက်နေ့ အထိ လက်ခံမည် ဖြစ်ပါသည်။



ဖော်ပြပါ QR ကုဒ် (သို့) www.mfat.govt.nz/scholarships မှတဆင့် တိုက်ရိုက် လျှောက်ထားနိုင်ပါပြီ။

အသေးစိတ်သိရှိလိုပါက နယူးဇီလန်ပညာသင်ဆု စင်တာ၊ စကားဂါ. အခန်း ဂ၂-ဂ၅၊ ဒုတိယထပ်၊ တိုက် (E), ဒိုင်းမွန်းကွန်ဒိုမီနီယံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ အီးမေး(လ်)- nzas.info@sagawaconsultancy.com,ဖုန်းနံပါတ်- ဂ၉၇၇၉၈၄ဂ၃၁၈ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/1984 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ် ၁၀၉၊ ရွှေဘိုတပ်အကွက်၊ ဦးပိုင်အမှတ် ၈၃-ဃ၊ ဧရိယာ ၀ ဒသမ ၀၁၄ ဧကရှိမြေကို ဦးမျိုးဇော်စိုးအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၇၃၂၂၈ Honda Dream M/C ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမိုးမိုးသန်း ၃/ဘအန(နိုင်)၀၁၅၁၈၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၁၅၇၃၃ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ထွန်းလင်း ၃/ဘအန(နိုင်)၀၂၄၈၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။


**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

---

## အများသိစေရန် ကြေညာချက်

လှိုင်သာယာမြို့နယ်၊ ရွှေသံလွင်စက်မှုဇုန်၊ ချင်းတွင်းလမ်း၊ မြေကွက်အမှတ်(၁၄+၁၅)တွင် (၁)ထပ်Steel (၂)လုံးတွဲ အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် ဦးဇော်မျိုးထက် (၁၃/တကန(နိုင်)၀၀၃၇၅၀)နှင့် ဦးစိုင်းဝင်းထွန်း (၁၃/တခလ(နိုင်)၀၃၄၆၇၉)တို့မှ မြေကွက်အမှတ်(၁၅)အတွက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏မြေငှားစာချုပ်နှင့် မြေကွက်အမှတ်(၁၄)အတွက် ရွှေသံလွင်ကုမ္ပဏီလီမိတက်ထံမှ ဝယ်ယူထားသောမြေကွက်အရောင်းအဝယ်အရပ်ကတိစာချုပ်တို့ဖြင့် တင်ပြလျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)


KBZ BANK
STRENGTH OF MYANMAR
APPLY NOW
The New KBZ Visa Credit Card
Experience the World of Privileges and Luxuries
KBZ Visa Platinum & Classic Credit Card
Call Center: +951 370320
Website : www.kbzbank.com Email : hotline.cards@kbzbank.com
Facebook : www.facebook.com/KBZCards

# လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း
(Human Resource Management Training)

MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE

ခေတ်နဲ့အမီ သင့်ရဲ့လူ့စွမ်းအားအရင်းအမြစ်ကို စီမံခန့်ခွဲလိုပါသလား...
HR - နယ်ပယ်မှာ လုပ်ကိုင်နေသူတိုင်းအတွက် ...

5-2-2017 စမည်။

Every Sun : 2 pm to 5 pm (2 Months) Limited Seats !

မကြာမီဝင်လာတော့မည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများနှင့်အပြိုင် မိမိတို့လုပ်ငန်းအသီးသီး၏ လူ့စွမ်းအားအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်အောင် HR မန်နေဂျာတစ်ယောက် သိသင့်သိထိုက်သည့်အခြေခံ HR ပညာရပ်များကို SHRM ဘာသာရပ်တွင် World First ရရှိထားသော ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)ကိုယ်တိုင် သင်ကြားပေးပါမည်။

ယခင်စင်တာ New Campus တွင် သင်ကြားပါမည်


Lecturer
ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)

ကုမ္ပဏီ အဖွဲ့အစည်းများအတွက် Corporate Training များ စီစဉ်သင်ကြားပို့ချပေးသည်။

Campus - Taw Win Centre (3rd Floor) websit : www.lynnthaiknyunt.com www.facebook.com/ltnmyanmarland
Can Contact : 01 503172, 09 259290274, 09 259290273, 09 5010014, 09 43121060


## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူး-ဉာဏရပ်ကွက်၊ အလက(ခွဲ) (၁၅) မင်္ဂလာဒုံကျောင်းမှ မောင်ထက်အောင်ရှိုင်း(တတိယတန်း)၏ဖခင်အမည်မှန်မှာ ဆောင်မောင်ဌေး ၁၄/ကပန(နိုင်)၁၂၃၈၁၆ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူး-ဉာဏရပ်ကွက်၊ အလက(ခွဲ) (၁၅) မင်္ဂလာဒုံကျောင်းမှ မအေးအေးသွယ် (ဆဋ္ဌမတန်း)၏ ဖခင်အမည်မှန်မှာ ဦးသံဂီ ၉/ညဥန(နိုင်)၀၄၁၄၉၀ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ၁၇လမ်းနေ၊ ဦးအောင်မြတ်သူ ၁၀/မလမ(နိုင်)၂၁၂၃၈၀ ၏ သမီးဖြစ်သူ မရှင်းရန့်သူအောင်(ခ) ရှင်းရှင်းနှင့် မဆုဝင့်နန္ဒာထက်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မရှင်းရန့်သူအောင်(ခ)ရှင်းရှင်း(ခ)
မဆုဝင့်နန္ဒာထက်


# အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ခန်း၊ရုံးခန်းများပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြေယာမှုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊
09254009334,
09254009335,
09254009336



# တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721



# ယဥ်မင်းအေး
အိမ်ခြံမြေအကျိုးဆောင်
ဈေးကောင်းပေးဝယ်လိုသည်
ဒဂုံအရှေ့၊ ဒဂုံမြောက်၊ ဒဂုံတောင်၊ ဆိပ်ကမ်း
09-421102649
09-421094370
09-458481315



# ချာချီးယား
# ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/7642 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)


CRÖWN EDUCATION
Award Winning Company

မြန်မာ(၁၀)တန်းအောင်၊ iGCSE ပြီးထားသူများ၊ နိုင်ငံတကာကျောင်းများမှ ကျောင်းသားကျောင်းသူနှင့် မိဘများအတွက်

"တက္ကသိုလ်ပညာရေးလမ်းကြောင်းကို မှန်ကန်စွာရွေးချယ်ခြင်းနည်းလမ်းများ" အကြောင်းဆွေးနွေးပွဲ...



- စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ပိုလီဝင်ခွင့်သိမှတ်ဖွယ်ရာများ
- နိုင်ငံတကာတွင် ဆေးတက္ကသိုလ်တက်လိုသူများ သိထားသင့်သည့်အချက်များ
- ပြည်တွင်းအစိုးရတက္ကသိုလ်တွေကို တက်မယ်ဆို ဘာသာရပ် အရွေးမမှားရအောင် ဘယ်လိုရွေးမလဲ
- ပြည်ပမှာကျောင်းတက်ဖို့ iGCSE,GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာပြင်ဆင်သင့်သလဲ
- ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပမှာ သင်ယူနိုင်မည့် ကျောင်းနှင့် နိုင်ငံများအကြောင်း
- နိုင်ငံတကာပညာရေးနှင့် ပြည်တွင်းပညာရေး သင်ယူသင်ကြားမှုဆိုင်ရာ ကွဲပြားခြားနားချက်များ
- နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များ

5th Feb
10 Am - 12 Noon
CROWN Edu: Center

ACT

Register Now :
01 527 838,
09 732 56 965,
09 732 732 77

ဆွေးနွေးမည့်သူ - ဦးအောင်ကျော်ဆန်း (Educational Consultant) British Council Education UK Agents Certificate Distinction



COLOURFUL DATA PACK

MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်

ရက် ၃၀ အသုံးပြုနိုင်သော အင်တာနက် အစီအစဉ်များ

| 1 GB | 2 GB | 4 GB | 10 GB |
|---|---|---|---|
| *2002# သို့ဖုန်းခေါ်ဆိုခြင်း (သို့မဟုတ်) "1GB" ဟု 1332 သို့ SMS ပေးပို့ခြင်းဖြင့် Package ကို ရယူလိုက်ပါ။ | *2003# သို့ဖုန်းခေါ်ဆိုခြင်း (သို့မဟုတ်) "2GB" ဟု 1332 သို့ SMS ပေးပို့ခြင်းဖြင့် Package ကို ရယူလိုက်ပါ။ | *2004# သို့ဖုန်းခေါ်ဆိုခြင်း (သို့မဟုတ်) "4GB" ဟု 1332 သို့ SMS ပေးပို့ခြင်းဖြင့် Package ကို ရယူလိုက်ပါ။ | *2005# သို့ဖုန်းခေါ်ဆိုခြင်း (သို့မဟုတ်) "10GB" ဟု 1332 သို့ SMS ပေးပို့ခြင်းဖြင့် Package ကို ရယူလိုက်ပါ။ |
| 2,850 KYATS | 5,250 KYATS | 9,500 KYATS | 18,000 KYATS |

တစ်ရက်စာ အင်တာနက်

150 MB

*2001# သို့ဖုန်းခေါ်ဆိုခြင်း (သို့မဟုတ်) "150MB" ဟု 1332 သို့ SMS ပေးပို့ခြင်းဖြင့် Package ကို ရယူလိုက်ပါ။

399 KYATS

# အထူးကျေးဇူးတင်ရှိခြင်း

မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေး၊ မဟာစည်သာသနာ့ရိပ်သာ၊ ဦးစီးပဓာနနာယက၊ ကျေးဇူးတော်ရှင်ဆရာတော် ဘဒ္ဒန္တ အာဒိစ္စ မဟာထေရ်၏အန္တိမအဂ္ဂိစျာပန ကိစ္စအဝဝအတွက် လိုလေသေးမရှိ ကူညီပံ့ပိုးဆောင်ရွက်ပေးကြပါသော ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဦးသျှောင်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သရက် အောင်မင်္ဂလာဆရာတော်၊ မဟာစည်သာသနာ့ရိပ်သာဦးသျှောင်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ မြစ်သားဆရာတော် ညစဉ်စျာပနအထိမ်းအမှတ်၊ ဓမ္မသဘင်၌ တရားချီးမြှင့်ပေးပါသော ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တသောဘန၊ အမေရိကန်ဆရာတော် ဘဒ္ဒန္တကစ္စယန၊ မစ္ဆိမဂုဏ်ရည်ဆရာတော် ဘဒ္ဒန္တဒေါက်တာကောဝိဒ၊ အင်္ဂလန်ဆရာတော် ဘဒ္ဒန္တကုသလ၊ ရန်ကုန်မြို့ ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ ယောဂီစောင့်ရှောက်ရေးအမျိုးသမီးအဖွဲ့၊ ရွှေပုဇွန်မိသားစုနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးပါသော အသင်းအဖွဲ့များ၊ ဒါယကာ၊ ဒါယိကာမများအားလုံးကို အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။

**သတိပဋ္ဌာန်ဝိပဿနာပြန့်ပွားရေးအဖွဲ့**
**ယောဂီစောင့်ရှောက်ရေး အမျိုးသားလူငယ်အဖွဲ့**
**ယောဂီစောင့်ရှောက်ရေး အမျိုးသမီးအဖွဲ့**
**တောင်ဝိုင်းကလေးမဟာစည်ရိပ်သာ၊ မော်လမြိုင်မြို့**

## အထူးကျေးဇူးတင်ရှိခြင်း

**မောင်အုပ်ပိုင်စိုး**

**"Diploma in Business Management, Diploma in Construction and the Built Environment"**

**အသက်(၂၂)နှစ်**

၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော မောင်အုပ်ပိုင်စိုး(၂၂)နှစ်၏ချာပနသို့ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း လှူဖွယ်သက်န်းများပေးပို့၍ ဝမ်းနည်းကြောင်း ပြောကြားပေးပါသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးအားလည်းကောင်း၊ ချာပနသို့ ကိုယ်တိုင်ကိုယ်ကျလိုက်ပါပို့ဆောင်ပေးကြပါသော စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏မိသားစု၊ ဦးသိန်းအောင်(ဒုဝန်ကြီး-ငြိမ်း)၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ယခင်အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် စက်မှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)၊ အထက(၅) ဗိုလ်တထောင်(၁၉၈၂)၊ ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၂)မှ သူငယ်ချင်းများ၊ ချစ်ခင်ရပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း Phone,Facebook, E-mail စာတို့ဖြင့် ဝမ်းနည်းကြောင်းပြောကြားကြပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး၊ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ သူငယ်ချင်းများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများနှင့် သက်န်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ပေးပို့ကြသူများအားလည်းကောင်း၊ နာရေးကိစ္စပြီးဆုံးသည်အထိ အဘက်ဘက်မှ မေတ္တာစေတနာဖြင့် ဝိုင်းဝန်းကူညီကြသော မြန်မာ့ဆေးဝါး လုပ်ငန်းနှင့် ဆေးဝါးစက်ရုံ(အင်းစိန်)မှ အရာထမ်းအမှုထမ်းများ၊ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/8553, Nissan Tiida Latio N/7, S/L(4x2)ယာဉ် လက်ဝယ်ရှိသူ Daw Khin Myo Win ၁၂/မဂတ(နိုင်)၀၅၇၃၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဆရာတော် ဘဒ္ဒန္တဇောတိက မဟာထေရ်**

**သက်တော် (၉၂)နှစ်၊ သိက္ခာတော် (၇၂)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ရွှေဂုံတိုင်ကျောင်းတိုက်၊ မစိုးရိမ်ကျောင်း၏ ဆရာတော် ဘဒ္ဒန္တဇောတိက မဟာထေရ်သည် (၁၃၇၈ခုနှစ် ပြာသိုလကွယ်နေ့) ၂၇-၁-၂၀၁၇ရက် (သောကြာနေ့) ညနေ ၆း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၆ရက်) ၂-၂-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရွှေဂုံတိုင်ကျောင်းတိုက် ခြသေ့်နှစ်ကောင်မုခ်ဦးမှ ရေဝေးသုသာန်သို့ ပင့်ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းအား သိစေအပ်ပါသည်။ **တပည့်ဒါယကာ၊ ဒါယိကာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကိုနီ**

**အသက်(၆၄)နှစ်**

ရဲဘော်ရဲဘက်၊ လုပ်ဖော်ကိုင်ဖက် ချစ်မိတ်ဆွေ ဦးကိုနီ (တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံတကာ ...) ရန်ကုန်ရှေ့နေအသင်း အဖွဲ့ဝင်အမှတ် (၇၈၃)သည် မမျှော်လင့်ဘဲ ခွဲခွာသွားသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်ရှေ့နေအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးစစ်နှောင် (ငြိမ်း)**

**စာတည်း(ငြိမ်း)**

**ကိုယ်ပွားသတင်းစာတိုက်(မကွေး)၊ မကွေးမြို့**

**အသက်(၄၉)နှစ်**

မကွေးမြို့၊ အောင်ဇေယျာ (၁၁)လမ်း၊ အမှတ် ၅၉နေ ဒေါ်ဇာနည်မောင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်ဟိန်းကျော်၏ချစ်လှစွာသောဖခင် ဗိုလ်ကြီးစစ်နှောင်(ငြိမ်း)သည် ၂၉-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မော်လမြိုင်ရောက် တပည့်များ**

## ခရစ်တော်၌အိပ်ပျော်ခြင်း

**ဆရာမဒေါ်မူမူကြူး(ခ)နော်လွဲစေး**

**(မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီလူငယ်ဌာနအမှုဆောင် အတွင်းရေးမှူး)(၁၉၉၃-၂၀၀၁)ခုနှစ်**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း၊ (၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၁၂/ခနေ(ဦးဒီသာကြူး-နော်တန်မလာစေး)တို့၏သမီး၊ စောဒယ်နီကြူး-ဒေါ်စုစုဝင်းတို့၏ညီမ၊ ပရော်ဖက်ဆာဦးသီဟ-(ဒေါ်ချိုချိုထက်)၊ (ဦးကျော်သူ)-ဒေါ်ကြည်ကြည်ထွေး၊ (နော်မေရီယံ-ဦးပီတာ)၊ (ဦးဂျိုးဇက်)-ဒေါ်နန်းစင်၊ (စောပေတရု-ဒေါ်နန်းခင်နု)၊ ဦးချစ်သိန်း-နော်ဖောသွဲ၊ (ဦးရှိမုန်)-ဒေါ်မြသန်းတို့၏တူမ၊ သိက္ခာတော်ရဆရာဦးနိုနို-ဆရာမနော်အဲနီမြိုင်တို့၏အစ်မ၊ တူ/တူမ ၇၄ ယောက်တို့၏အဒေါ်သည် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)ည ၈း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းခြင်းကို ၄-၂-၂၀၁၇ရက်(စနေနေ့)နံနက် ၇း၃၀ နာရီတွင် အထက်ပါကျောက်ရေတွင်း ယုံကြည်ခြင်းနှစ်ခြင်းအသင်းတော်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကိုနီ (တရားလွှတ်တော်ရှေ့နေ)**

**အသက်(၆၄)နှစ်**

သူနာပြု တက္ကသိုလ်(ရန်ကုန်) ဆေးဝါးဗေဒဌာနမှ လက်ထောက်ကထိက ဒေါက်တာယဉ်နွယ်ခိုင်၏ဖခင် ဦးကိုနီ အသက်(၆၄)နှစ်သည် ၂၉-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူနာပြုတက္ကသိုလ်(ရန်ကုန်)ဆေးဝါးဗေဒဌာနမှ ဌာနမှူးနှင့် ဆရာ၊ ဆရာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကိုနီ(B.A(Law),L.L.B)**

**တရားလွှတ်တော်ရှေ့နေ**

**မြန်မာနိုင်ငံရှေ့နေများကွန်ရက်(MLN)ဦးဆောင်အဖွဲ့ဝင်**

**အသက်(၆၄)နှစ်**

မြန်မာနိုင်ငံ ရှေ့နေများကွန်ရက် (MLN)ဦးဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကိုနီ အသက် (၆၄)နှစ်သည် ၂၉-၁-၂၀၁၇ရက် ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရှေ့နေများကွန်ရက်(MLN)**
**ဇရာဝတီတိုင်းဒေသကြီး(ရုံးခွဲ)၊ ပုသိမ်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**တရားလွှတ်တော်ရှေ့နေ**

**ဦးကိုနီ**

**အသက်(၆၄)နှစ်**

သူနာပြုတက္ကသိုလ်(ရန်ကုန်)ဆေးဝါးဗေဒဌာနမှ လက်ထောက်ကထိက ဒေါက်တာယဉ်နွယ်ခိုင်၏ဖခင် ဦးကိုနီ အသက်(၆၄)နှစ်သည် ၂၉-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူနာပြုတက္ကသိုလ်(ရန်ကုန်)ဇီဝကမ္မဗေဒဌာန၊ ဇီဝဓာတုဗေဒဌာန၊ အဏုဇီဝဗေဒဌာန၊ ရောဂါဗေဒဌာနမှ လုပ်ဖော်ကိုင်ဖက် ဆရာ/ဆရာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကိုနီ (တရားလွှတ်တော်ရှေ့နေ)**

**အသက်(၆၄)နှစ်**

သူနာပြု တက္ကသိုလ်(ရန်ကုန်) ဆေးဝါးဗေဒဌာနမှ လက်ထောက်ကထိက ဒေါက်တာယဉ်နွယ်ခိုင်၏ဖခင် ဦးကိုနီ အသက်(၆၄)နှစ်သည် ၂၉-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မမြတ်၊ မအေးမွန်၊ မေသက်၊ မမီ၊ ဖြိုး၊ မဖြူဖြူ၊ အေးငြိမ်း၊ သော်သော်၊ ဆုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကိုနီ(B.A(Law),L.L.B)**

**တရားလွှတ်တော်ရှေ့နေ**

**မြန်မာနိုင်ငံရှေ့နေများကွန်ရက်(MLN)ဦးဆောင်အဖွဲ့ဝင်**

**အသက်(၆၄)နှစ်**

မြန်မာနိုင်ငံ ရှေ့နေများကွန်ရက် (MLN)ဦးဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကိုနီ အသက်(၆၄)နှစ်သည် ၂၉-၁-၂၀၁၇ရက် ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရှေ့နေများကွန်ရက်(MLN)**
**အမှတ် ၁၂၆၊ ဒုတိယထပ်၊ လမ်း ၄၀၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၇၆၀၉၅ Honda Super Cub ယာဉ်လက် ဝယ်ရှိသူ ဦးသူရထွေး ၇/ပခန(နိုင်)၁၀၅၆၁၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၃၆၇၈ Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်ရင်အေး ၅/အတန(နိုင်)၀၈၉၉၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော်ဦးကျော်ဝင်းထွန်း ၉/ပဥလ(နိုင်)၀၀၆၈၆၆နှင့် ဒေါ်ညိုချော ၉/မကန(နိုင်)၁၀၄၇၄၂တို့သည် ၃-၅-၂၀၁၆ ရက်တွင် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် နောက်နောင် ဒေါ်ညိုချောနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးကျော်ဝင်းထွန်း ၉/ပဥလ(နိုင်)၀၀၆၈၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/ကုံကော်ရိပ်သာ(၁)၊ မြေကွက်အမှတ်(၁၃၈)၊ ဧရိယာ ၀ ဒသမ ၂၂၉ဧက၊ နှစ် ၆၀မြေငှားစာချုပ် အမည်ပေါက်မှာ ဦးဇော်ဘိုခန့်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် (၆၇၇၀/၂၀၁၆) နေ့စွဲ ၂-၁-၁၇ တင်ပြ၍ ဦးမျိုးထွန်းဦး ၁၄/ရကန(နိုင်)၀၈၄၅၈၅ အမည်သို့ပြောင်းလွှဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

မီး သတိပြု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုနီ(တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံတော်ဂုဏ်ဆောင်...) ဦးကိုနီ(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၊ (စာရေးဆရာ မောင်ကိုနီ-တရားရုံးချုပ်ရှေ့နေ)သည် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁ဝနာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး**
**ပြန်ကြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုနီ(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၊ (စာရေးဆရာ မောင်ကိုနီ-တရားရုံးချုပ်ရှေ့နေ)သည် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁ဝနာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဒိုနီးရှားနိုင်ငံ လေ့လာရေးခရီးစဉ်အဖွဲ့သားများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုနီ (တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၊ (စာရေးဆရာ မောင်ကိုနီ-တရားရုံးချုပ်ရှေ့နေ) (ဥပဒေပညာရှင်)သည် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁ဝနာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**မြတ်သင်း၊ မောင်ရင့်မာ (ကျောင်းကုန်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုနီ (တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၊ (စာရေးဆရာ မောင်ကိုနီ-တရားရုံးချုပ်ရှေ့နေ)သည် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)ညနေ ၅း၁ဝနာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုကြီးအတွက် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဂုဏ်ထူးဦးအောင်ခိုင်-ဒေါ်ခင်ပြုံးသွင် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးကိုနီ
### တရားလွှတ်တော်ရှေ့နေကြီးနှင့် နိုတြီပဗ္ဗလစ်
### အသက်(၆၄)နှစ်

ဦးကိုနီ ကွယ်လွန်ခဲ့ရခြင်းမှာ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အစားထိုးမရသော ဆုံးရှုံးနစ်နာမှုကြီး ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ မြင့်မြတ်သော အမတ သုခဘုံ ချီးမြှင့်ခြင်းခံရပါစေကြောင်း ဆုတောင်း ဒုအာပြုပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးနေဝင်း(ခ)စောကျီဝါး
### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(မင်္ဂလာဒုံမြို့နယ်)
### အသက်(၄၂)နှစ်

၂၉-၁-၂၀၁၇ရက်တွင် တရားလွှတ်တော်ရှေ့နေကြီး ဦးကိုနီအား လုပ်ကြံသတ်ဖြတ်သူ အကြမ်းဖက်သမားကို ရဲဝံ့စွာဟန့်တားတားဆီးရင်း အသက်စွန့်ခဲ့ရသူ ဦးနေဝင်း၏ ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## ဆရာမဒေါ်မြင့်မြင့်သန်း
### အလယ်တန်းပြ
### လှိုင်သာယာ အလက(၁၁)
### မရမ်းကုန်း အလက(၅)
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မနော/ရှမ်းလမ်း၊ အမှတ် ၁၂နေ ဦးမြင့်အောင် (စာရင်းစစ်မှူး၊ ငြိမ်း)-ဒေါ်အေးသန်းတို့၏ သမီးသည် ၃၀-၁-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ခင်လှသိန်း(ခ)
## ဟာဘီဘာ(ခ)နီတွတ်
### (တောင်ငူ)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၃၈၈/၃၉၈၊ အခန်း 5 (B/3)နေ(ဦးစံသိန်း-ဒေါ်အုန်းခင်)တို့၏ သမီး၊ ဒေါ်နီနီအောင်(ခ)နွယ်နီ-ဦးမြင့်ခိုင်၊ ဦးအောင်လင်း-ဒေါ်ကြည်ကြည်လှိုင်၊ ဒေါ်နီနီနိုင်-ဦးဝင်းစိန်၊ ဦးဉာဏ်စိုး-ဒေါ်နှင်းနွယ်(ခ)ဆိုဖီ၊ ဒေါ်နီနီခက်(ခ)နီလာ၊ဦးနိုင်မင်းအောင်(ခ)မင်းမင်း-ဒေါ်အေးသီတာတို့၏မိခင်၊ (ဦးခင်မောင်လေး)၏ဇနီး၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၃၁-၁-၂၀၁၇ရက် မွန်းလွဲ ၂း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁-၂-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်
### (စာသင်ဘုန်းဘုန်း)
### သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ငပကျေးရွာ၊ ရွာဦးလင်းရောင်ခြည်ကျောင်းတိုက်၏ နာယကဆရာတော် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ကျောင်းတိုက်၏ နာယကချုပ်ဆရာတော် (ဆွမ်းစားကျောင်း) ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ် ဆရာတော်ကြီးသည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၃ရက်) (တနင်္လာနေ့) ည ၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၉ရက်) ၅-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိစျာပန ပူဇာသဘင်ကို သန်လျင်မြို့ အမိုးနီသုသာန်၌ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
ငပကျေးရွာ

## ဝမ်းနည်းကြေကွဲခြင်း
# ဗိုလ်ကြီးစစ်နောင် (ငြိမ်း)
### စာတည်း၊ တာဝန်ခံအရာရှိ(ငြိမ်း)၊ ကိုယ်ပွားသတင်းစာတိုက်(မကွေး)
### အသက်(၄၉)နှစ်

မကွေးမြို့၊ အောင်ဇေယျာ ၁၁လမ်း၊ အမှတ် ၅၉နေ ဒေါ်ဇာနည်မောင်၏ ခင်ပွန်း၊ မောင်ပြည့်ဟိန်းကျော်၏ဖခင် ဗိုလ်ကြီးစစ်နောင်(ငြိမ်း)သည် ၂၉-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စာတည်းမှူးနှင့်ဝန်ထမ်းများ**
**ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)**

## ဦးကျော်ရွှေ
### Senior Auditor Max Hotel နှင့် ဟိုတယ်နှင့်ခရီး(အငြိမ်းစား)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၃၆၊ အခန်း ၁၁နေ ဦးပန်းစိန်-ဒေါ်ကျင်နုတို့၏သား၊ ဒေါ်သိန်းကြွယ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းထွန်းအောင်-(ဒေါ်ကြည်ကြည်ရှိန်)၊ဦးမင်းနိုင်-ဒေါ်နုနုအောင်၊ဦးကျော်ဆန်းဝင်း-ဒေါ်ယုယုတို့၏ချစ်လှစွာသောဖခင်၊မခိုင်ဇာဝင်း၊ဒေါက်တာကောင်းထက်နိုင်(သုခကမ္ဘာဆေးရုံ)၊ မောင်တုံတုံချစ်တို့၏အဘိုးသည် ၃၁-၁-၂၀၁၇ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ခင်လှသိန်း(ခ)
## ဟာဘီဘာ(ခ)နီတွတ်
### (တောင်ငူ)
### အသက်(၇၉)နှစ်

တောင်ငူမြို့နေ(ဦးစံသိန်း-ဒေါ်အုန်းခင်)တို့၏သမီး၊ (ဒေါ်ခင်မြ)၊ (ဦးသန်းဝေ)-ဒေါ်ခင်သိန်း (ကျောင်းဆရာမ၊ ငြိမ်း)တို့၏ညီမ၊ (ဟာဂျီ ဦးအောင်သွင်)(ရုံပိုင်ကြီး၊ ငြိမ်း)-ဟာဂျီမ ဒေါ်ခင်ရီ၊ (ဒေါ်ကြည်ကြည်သိန်း)(အုတ်ကျင်းဂုန်နီစက်ရုံ)၊ (ဗိုလ်ကြီးခင်မောင်သိန်း)-ဒေါ်မူမူကြိုင်၊ ဦးတင်မောင်သိန်း (တရားလွှတ်တော်ရှေ့နေ) - ဒေါ်အုန်းမြင့်တို့၏ အစ်မ၊ (ဦးခင်မောင်လေး)၏ ဇနီးသည် ၃၁-၁-၂၀၁၇ရက် မွန်းလွဲ ၂း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁-၂-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်၌ ဒါဖနာမည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရဲထွန်းအေး
### အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသိန်းထွန်း-ဒေါ်အေးကြူ)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဗိုလ်ကြာညွန့်လမ်း၊ အမှတ် ၆၆နေ (ဦးကံဦး-ဒေါ်မြမြ)တို့၏မြေး၊ (ဦးဇော်မြင့်-ဒေါ်နီမာနွယ်)တို့၏ သားသမက်၊ မဇာလီမြင့်နွယ်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းထွဋ်ရဲရင့်၏ ဖခင်သည် ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၂-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးညွန့် (ပုသိမ်)
### အသက်(၇၈)နှစ်

ပုသိမ်မြို့၊ အမှတ်(၃)နယ်မြေ၊ ကန်ရိပ်သာ ၃လမ်း၊ အမှတ်(ခ-၂၀၈၉)နေ (ဦးကံထူး - ဒေါ်မြမယ်)တို့၏ သား၊ ဒေါ်စန်း၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး မိုးဆွေ(ငြိမ်း)-ဒေါ်စိုးစိုး၊ ဦးသိန်းစိုး-ဒေါ်စန်းသီတာလှိုင်တို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၃၀-၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ပျဉ်းကတိုးကုန်းကျေးရွာ ထန်းကုန်းလေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဒေါင်းဝင်း
### မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ အလုပ်ရုံခွဲမှူး(ငြိမ်း)
### အသက်(၆၃)နှစ်

ရေကြည်မြို့နယ်၊ တဇောင်းရိုးကျေးရွာနေ (ဦးမောင်နှံ-ဒေါ်အတင်)တို့၏ သား၊ အင်းစိန်မြို့နယ်နေ (ဦးစောစိန်မောင်)-ဒေါ်နော်သင်းကြိုင်တို့၏ သားသမက်၊ ဒေါ်သန်းဌေး၏မောင်၊ ဦးသန်းဦး၊ ဒေါ်အုန်းမြင့်၊ ဦးအောင်ဝင်းတို့၏ အစ်ကို၊ စောရဲဇော်ထူး-နော်လေးဒီယာ၊ စောဆဲဂေထူးတို့၏ဖခင်၊ နော်ထရီဇာထူး၏အဘိုး၊ ဒေါ်နော်ဖော်ဝါး၏ချစ်လှစွာသောခင်ပွန်းသည် ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၂း၂၇နာရီတွင် အင်းစိန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၆-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အင်းစိန်မြို့နယ်၊တောင်သူကုန်းရပ်ကွက်၊တရုတ်ကုန်းလမ်းသွယ်၊ အမှတ် (၁၈၅၀/ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## မိုဟာမ္မဒ်အာဒမ်(ခ)
## ဦးအောင်ဇော်မင်း
### ကိုမိုက်ကယ်(ဂျပန်)
### ရွှေဘုံသာအထူးကုဆေးခန်း
### အသက်(၅၀)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာအထက်လမ်း၊ (၈)ရပ်ကွက်၊ အမှတ် (၃၈၂/၃၈၄) ပထပ်နေ [ဟာဂျီမိုဟာမ္မဒ်ကာဘီးအာမက်(ခ)ဦးတင်မောင်အေး]-အလ်ဟာဂျ်အိုင်ရှာဘီဘီ(ခ)ဒေါ်အေးအေးမြင့်တို့၏သား၊ ဇီနတ်ဘီဘီ(ခ) မီချီယိုယူအာဆာ (MICHIYO YUASA)၏ခင်ပွန်း၊ မနှင်းပွင့်ဖြူ၊ မမိုးမြင့်ကြယ်၊ မလင်းလက်ကြယ်၊ မောင်လပြည့်အောင်တို့၏ ဖခင်သည် ၃၀-၁-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရေဝေးစွန္နီသုသာန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### မလှိုင်မြို့၊ သာသနဝေပုလ္လ လေးမျက်နှာပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက
## ဘဒ္ဒန္တဓမ္မိက မဟာထေရ်
### အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဂန္ထဝါစကပဏ္ဍိတ၊
### ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊
### မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်)
### သံဃသမ္မုတိရ
### သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့၊ သာသနဝေပုလ္လ လေးမျက်နှာပရိယတ္တိစာသင်တိုက်ကြီးနှင့် ရှစ်မျက်နှာပရိယတ္တိစာသင်တိုက်ကြီးတို့၏ ဦးစီးပဓာနနာယက၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ၊ ပုညကုသလအနုရက္ခိတ ဗလငါးတန်လူမှုကူညီစောင့်ရှောက်ရေးအသင်းကြီး၏ ဦးစီးပဓာန၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ အင်းကုန်းကျေးရွာ (ခမည်းတော် ဦးဖေ-မယ်တော် ဒေါ်စံမြိုင်)တို့၏သားဦးရတနာ၊ မလှိုင်မြို့၊ ရှစ်မျက်နှာပရိယတ္တိစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက ဘဒ္ဒန္တကဥ္စန၏နောင်တော်ဖြစ်တော်မူသော ဘဒ္ဒန္တဓမ္မိက လေးမျက်နှာဆရာတော်ကြီးသည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၄ရက်) ၃၁-၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ဘဝနတ်နန်းစံမြန်းတော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၈ရက်) ၄-၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် လေးမျက်နှာကျောင်းတိုက်မှကားများဖြင့် လေးမျက်နှာ ရှစ်မျက်နှာ ရေစက်အရှေ့ဘက်ကုန်းတော်ပေါ်၌ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ရဟန်းသံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကော်မတီ
မလှိုင်မြို့ လေးမျက်နှာကျောင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအုန်းသောင်
### အောင်ဆန်းသူရိယ
### လှသောင်းကျောင်းဝန်ထမ်း(ငြိမ်း)
### အသက်(၉၇)နှစ်

ဦးခင်သောင်း-ဒေါ်လှမြင့်၊(ဦးသောင်းညွန့်)-ဒေါ်ခင်မြင့်၊ ဦးချစ်ညွန့်-(ဒေါ်တင်မြင့်)၊ ဦးစိုးဝင်း (အထက-၂၊ မင်္ဂလာဒုံ)-ဒေါ်သိန်းသိန်းမော်၊ဗိုလ်ကြီးသောင်းဝင်း(ငြိမ်း) (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရုံးချုပ်)-ဒေါ်ခင်မြင့်အေး၊ ဦးဝင်းကြိုင်(ခေတ္တ-စင်ကာပူ)-ဒေါ်မြင့်မြင့်ကြည်၊ ဦးခင်မောင်စိုး-ဒေါ်နုနုရီ (သစ္စာအောင်မြင် တံဆိပ်ရိုက်လုပ်ငန်း)တို့၏ဖခင်၊ ဒေါ်အေးမွန်မွန်ဦး (အလက၊ သစ်ချဆိပ်)၊ မနန္ဒီသောင်းဝင်း BE (EP)(ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်)၊ ဗိုလ်အောင်နိုင်ဝင်း-ဒေါ်စန္ဒာမိုမို (အထက-၂၊ မင်္ဂလာဒုံ)နှင့် မြေး ၁၈ယောက်၊မြစ်ရှစ်ယောက်တို့၏အဘိုး၊ [ဒေါ်မြကြည်(ခ)ဒေါ်တရုတ်မ]၏ခင်ပွန်းသည် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၇ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အမှတ် ၆၂၀/က၊ ညောင်တစ်ပင်လမ်း၊ အောင်ဆန်းမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မြင့် (ဘိုကလေး)
### က/သ လယ်ယာ(ငြိမ်း)
### အသက်(၇၇)နှစ်

လှည်းကူးမြို့နယ်၊ ရှမ်းရွာကျေးရွာနေ (ဦးကံထူး-ဒေါ်တင်)တို့၏သား၊ ဒေါပုံမြို့နယ်နေ ဒေါ်စန်း၏မောင်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ (၄)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် ၂၇နေ (ဦးဝင်းထွန်းဦး)-ဒေါ်ဥမ္မာ(ခ)ဒေါ်အိထွန်းဦး(ဘိုကလေးဆေးရုံ၊ ဆေးဆိုင်)၊ ဦးကုလား-ဒေါ်နှင်းထွန်းဦး၊ ဦးအောင်ထွန်းဦး (အုပ်ချုပ်မှုသင်တန်းကျောင်း၊ ထောက်ကြန့်)၊ဦးခင်ဇော်ဦး၊ ရန်ကုန်မြို့ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) မြို့မလိုင်း၊ တိုက် ၂၊ အခန်း ၈နေ တပ်ကြပ်ကြီးယဉ်မင်းထိုက်-ဒေါ်လွင်ခိုင်ဦးတို့၏ဖခင်၊ ဒေါ်ခင်အေးမြင့် (က/သ လယ်ယာ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မြေး ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀း၂၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(တဆရ-၂၊ ၅၀၀ ငြိမ်းအေးဇရပ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တပ်ကြပ်ကြီးယဉ်မင်းထိုက် - ဒေါ်လွင်ခိုင်ဦးတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဟန်ထွန်း အသက်(၈၃)နှစ်
### (မန်နေဂျာ၊ သစ်ထုတ်လုပ်ရေး၊ ငြိမ်း)

ရွှေဘိုမြို့နေ(ဦးဘထွန်း-ဒေါ်ခင်ညွန့်)တို့၏သား၊ လယ်ဝေးမြို့နေ(ဦးထွန်း-ဒေါ်ဒေါင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမက(၁၀)ကျောင်းလမ်း၊ အမှတ် ၃၁/ဘီ၊ ဖမိုင်ခွဲ၊ စစစဝန်ထမ်းအိမ်ရာနေ (ဒေါ်သိန်းသိန်းထွန်း)၏ခင်ပွန်း၊ ဗိုလ်မှူးကြီးသိန်းနိုင်ထွန်း(ငြိမ်း)(ဒု-ညွှန်ချုပ်၊စစစ)-(ဒေါ်စန္ဒာမြင့်)၊ ဦးအောင်အောင်ဖြိုးဝေ-ဒေါ်ကြည်မေထွန်း(ခေတ္တ-စင်ကာပူ)၊ ဦးထွန်းလင်းအောင်(ခေတ္တ-USA)၊ ဒေါက်တာဇော်မိုး-ဒေါ်သီတာထွန်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်အောင်မြတ်မိုး၏အဘိုးသည် ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့)ညနေ ၄း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၇ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးဝင်းမြင့် (ငြိမ်း)
### အသက်(၇၈)နှစ်

စစ်တက္ကသိုလ်တွင် (၄)နှစ်တာ အတူတကွ ပညာသင်ကြားခဲ့ကြရသော ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်သည် ၃၀-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြရပါသည်။

**စစ်တက္ကသိုလ်**
**အပတ်စဉ်(၃)အရာရှိများ**

### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဝင်းမေ (Curie Hla)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေစံပယ်ရိပ်မွန်၊ ရွှေဇလပ်လမ်း၊ အမှတ် (O)၊ အခန်း(၁)နေ (ဦးလှ-ဒေါ်မကြီး)တို့၏သမီး၊ [ဒု-ဗိုလ်မှူးကြီး(ငြိမ်း) ဒေါက်တာနိုင်တင့်ဆန်း]၏ဇနီး၊ ဦးထင်ကျော်(Marconi Hla)-ဒေါ်ညွန့်ညွန့်ရီ (USA)၊ ဦးမျိုးမင်း-(ဒေါ်ခင်မျိုးဆွေ)၊ ဦးသိန်းကျော်(Columbus Hla)-ဒေါ်ခင်ဦးမော်(USA)၊ ဦးမျိုးသန့်လှ(Atom Hla)-ဒေါ်ခင်မြင့်မူ၊ (ဗိုလ်ချုပ်အောင်လှိုင်)-ဒေါ်ခင်ဝင်းနွယ်(Radium Hla)တို့၏ချစ်လှစွာသောညီမ/အစ်မသည် ၃၀-၁-၂၀၁၇ရက် (တနင်္လာနေ့)ည ဒေသစံတော်ချိန် ၇း၀၅နာရီတွင် အင်္ဂလန်နိုင်ငံ Chester မြို့ Countess of Chester Hospital ၌ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးစောဟန်ငယ် (ကော့မှူး/ကော့ကရိတ်)
### မြို့နယ်ဦးစီးအရာရှိ(ငြိမ်း)
### မွေး/ကု ဦးစီးဌာန၊ ကော့မှူးမြို့နယ်
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ နော်မြညွန့်လမ်း၊ အမှတ် ၄၀၀နေ (ဦးရွှေရင်-ဒေါ်နော်ဝါး)တို့၏သား၊ (ဒေါ်နော်မြညွန့်)၏ခင်ပွန်း၊ ဦးခင်မောင်ဦး(ဒု-ညွှန်မှူး၊မွေး/ကုဦးစီးဌာန)၊ဒေါ်နော်ထူးထူးထွေးလာဆန်း(ထက်/ပြ၊ အထက ကော့မှူး)၊ စောတိုးရာဇာ၊ စောကျော်မောင်မောင်ဟန်-မခင်သီတာသန်း၊ နော်မိုးကလျာဟန်(PSI, MYANMAR)၊ နော်စုမြမြတ်မွန် (ထက်/ပြ၊ အထက-၂၊ မ/ဒဂုံ)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃း၁၀နာရီတွင် ရန်ကုန်မြို့ အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအောင်တင် (စဥ့်ကိုင်မြို့)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ နန္ဒဝန်လမ်းသွယ်၊ အမှတ်(၁၂၄-ဘီ)နေ (ဦးရှန်-ဒေါ်သိန်းကြည်)တို့၏သား၊ (ဦးနွဲ့-ဒေါ်သန်း)တို့၏သားသမက်၊ ဒေါ်လှသီ [ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန]၏ ခင်ပွန်း၊ မသဲနန္ဒာအောင်၊မစုရည်အောင်၊ မအိအိဖြိုးအောင်တို့၏ဖခင်သည် ၃၀-၁-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရသင့်ရထိုက်သော အခွန်အကောက်များ တိုးတက်ကောက်ခံရရှိရေးသည် အရေးကြီးသောကိစ္စဖြစ်

နေပြည်တော် ဇန်နဝါရီ ၃၁

**နိုင်ငံတော်အနေဖြင့် အနာဂတ်ကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အသုံးစရိတ်များကို ပြည်ထောင်စုကကောက်ခံရရှိသည့် အခွန်ငွေများအပေါ်တွင် ရပ်တည်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်းကို ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ် (သတင်းစဉ်)

၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြည်ထောင်စုလွှတ်တော်တွင် ထိုသို့ ရှင်းလင်းပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရသင့်ရထိုက်သော အခွန်အကောက်များ တိုးတက်ကောက်ခံရရှိရေးသည် အလွန်အရေးကြီးသောကိစ္စဖြစ်ပါကြောင်း၊ အခွန်တိုးတက်ကောက်ခံရရှိရန်ဆောင်ရွက်သည့်အခါ အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဝင်ငွေများ အပြည့်အဝရရှိရေး၊ သင့်တင့်မျှတပြီး ပြည်သူများလိုက်နာထမ်းဆောင်နိုင်မည့် အခွန်နှုန်းထားများဖြစ်စေရေး၊ ပြည်သူများအခွန်ဆိုင်ရာ အသိပညာဗဟုသုတများတိုးပွားပြီး အခွန်ကိုလိုလိုလားလား ထမ်းဆောင်လာစေရေး၊ နိုင်ငံတကာစံနှုန်းများနှင့်လျော်ညီသောအခွန်စနစ် ဖြစ်ပေါ်လာရေး၊ အခွန်တိမ်းရှောင်မှု ပပျောက်ရေးတို့ကိုအခြေခံပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အခွန်ဝန်ထမ်းများ၏

*စာမျက်နှာ ၇ ကော်လံ ၁* ❐

## ၂၀၁၇ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများကို နိုင်ငံပိုင်သတင်းစာများမှ ဖော်ပြမည့်အချိန်ဇယား

| စဉ် | ဘာသာရပ် | ဖော်ပြမည့်ရက် |
|---|---|---|
| ၁။ | မြန်မာစာ | ၂-၂-၂၀၁၇ |
| ၂။ | အင်္ဂလိပ် | ၃-၂-၂၀၁၇ |
| ၃။ | သင်္ချာ | ၄-၂-၂၀၁၇ |
| ၄။ | စိတ်ကြိုက်မြန်မာစာ | ၅-၂-၂၀၁၇ |
| ၅။ | ဓာတုဗေဒ | ၆-၂-၂၀၁၇ |
| ၆။ | ရူပဗေဒ | ၇-၂-၂၀၁၇ |
| ၇။ | ဇီဝဗေဒ | ၈-၂-၂၀၁၇ |
| ၈။ | သမိုင်း | ၉-၂-၂၀၁၇ |
| ၉။ | ပထဝီဝင် | ၁၀-၂-၂၀၁၇ |
| ၁၀။ | ဘောဂဗေဒ | ၁၁-၂-၂၀၁၇ |

# အမျိုးသားဘောလုံးအကယ်ဒမီဖွင့်ပွဲ ဖီဖာဥက္ကဋ္ဌ တက်ရောက်မည်

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က တည်ဆောက်လျက်ရှိသည့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ဖွင့်ပွဲကို ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနို တက်ရောက်မည်ဖြစ်သည်။ အင်ဖန်တီနိုသည် ဖီဖာဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပြီး တစ်ရက်ကြာခရီးစဉ်အဖြစ် လာရောက်မည်ဖြစ်သည်။

ယင်းဘောလုံးအကယ်ဒမီကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ပံ့ပိုးငွေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ တည်ထောင်ထားသော ရောဝတီ

*စာမျက်နှာ ၅ ကော်လံ ၅* ●



အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရှိတ်ဆယ်လ်မန် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) တည်ဆောက်နေမှုများအား လာရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ်



## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ် ခြံစည်းရိုးကို မောင်တောဒေသခံ ပြည်သူများက အဆင့်မြှင့်တင်စေလို

စာမျက်နှာ-၉



## ချင်းတွင်းမြစ်အတွင်း ကုန်တင်ရေယာဉ်နှစ်စင်း တိုက်မှုဖြစ်ပွား

စာမျက်နှာ-၁၂



Distributed by SWH SEIN WUT HMON CO., LTD. No(24),Phan Chat Won U Shwe Ohh Street, Industrial Zone (2), Hlaing Thar Yar Township,Yangon.01-684 842, 09-731 26116 swh.com.mm